# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၂၉၃)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်

၂၀၁၃ ခုနှစ်၊ ဇူလိုင် ၂၅ ရက်၊ ကြာသပတေးနေ့။


**ပြည်သူ့စွမ်းအားဖြင့်**
**နိုင်ငံတော်ကို**
**တည်ဆောက်အံ့**



# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

## ဗီယက်နမ်နိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၄**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E.Mr.NGUYEN SINH HUNG ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲ၌ မြန်မာ-ဗီယက်နမ် လွှတ်တော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်နေမှု၊ နိုင်ငံတကာရေးရာကိစ္စရပ်များတွင် နှစ်နိုင်ငံအပြန်အလှန် အထောက်အကူပြုလုပ်ဆောင်နေမှု၊ ဒေသတွင်းတည်ငြိမ် အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တူညီသောရပ်တည်ချက်များဖြင့် နှစ်နိုင်ငံအတူတကွ ပူးပေါင်းဆောင်ရွက်နေမှု၊ ဗီယက်နမ်လုပ်ငန်းရှင်များ မြန်မာနိုင်ငံ၌ ပိုမိုလာရောက်ရင်းနှီးမြှုပ်နှံနေမှု၊ ဗီယက်နမ်နိုင်ငံ၏ နှစ် ၃၀ ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်ခဲ့သည့် အတွေ့အကြုံများအပေါ် မူတည်၍ မြန်မာနိုင်ငံပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်ရာတွင် ဗီယက်နမ်နိုင်ငံက အားပေးထောက်ခံသွားရန် အသင့်ရှိမှုတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် နှစ်နိုင်ငံကုန်သွယ်မှုပမာဏတိုးမြှင့်ရေး၊ စိုက်ပျိုးရေး၊ သတ္တု၊ ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်ရေး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍လည်း ဆွေးနွေးခဲ့ကြသည်။

ယင်းတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးအောင်ကြည်၊ ဦးစိုးမောင်၊ ဦးမြင့်လှိုင်၊ ဒေါက်တာကံဇော်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီးလည်း တက်ရောက်သည်။

**(သတင်းစဉ်)**

### ရင်းရင်းနှီးနှီးနှုတ်ဆက်

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. NGUYEN SINH HUNG အား နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

### လေဖိအားနည်းရပ်ဝန်း အိန္ဒိယသို့ဝင်ရောက်

**နေပြည်တော် ဇူလိုင် ၂၄**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့တွင်ဖြစ်ပေါ်နေခဲ့သော လေဖိအားနည်းရပ်ဝန်းသည် အိန္ဒိယနိုင်ငံ ဩရိသကမ်းခြေသို့ ရွေ့လျားဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

# (၂၇)ကြိမ်မြောက် ဆီးဂိမ်း၌ WiFi အခမဲ့အသုံးပြုနိုင်မည်

**မောင်သစ္စာ - ရေးသားသည်**



**နေပြည်တော် ဇူလိုင် ၂၄**

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကျင်းပရန် တဖြည်းဖြည်းနီးကပ်လာပြီဖြစ်သည်။ အိမ်ရှင်မြန်မာတို့ နယ်ပယ်ကဏ္ဍစုံတွင် ကြိုတင်ပြင်ဆင်မှုများ အရှိန်အဟုန်ဖြင့် ပြုလုပ်နေသည်။ ကဏ္ဍအသီးသီးတွင် ဧည့်ဝတ်ကျေရန် ဝန်ဆောင်မှုပေးနိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိရာ ဆီးဂိမ်းပြိုင်ပွဲကာလ၌ WiFi အခမဲ့ အသုံးပြုနိုင်ရေးစီစဉ်နေကြောင်း အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၃* ▲




ရွှေမြန်မာ့အခွင့်အရေး

JAS
မြန်မာဖုန်း



JAS 5s မြန်မာဖုန်း တစ်လုံးဝယ်ယူတိုင်း
5000ိ/-ကျပ်တန်ငွေဖြည့်ကတ်ခုံကတ်လက်ဆောင် ရယူပါ...

www.jas.com.mm , Email: info@jas.com.mm

(အစီစဉ်ကာလ ၁၅.၈.၂၀၁၃ အထိ)

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ကျွမ်းကျင်မှုအတတ်

ဤလောက၌ ပစ္စည်းကောင်း သုံးစွဲဖူးကြသကဲ့သို့ အညံ့စား ပစ္စည်းများ သို့မဟုတ် ပစ္စည်းအတုများကိုလည်း သုံးစွဲဖူးကြပေလိမ့်မည်။ ပစ္စည်းကောင်းနှင့် အတုတို့သည် ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်အရည် အသွေးကိုယ်စီရှိကြ၏။ ပစ္စည်းကောင်း၊ ပစ္စည်း အစစ်သည် တာရှည်ခံ၏။ အကြမ်းခံ၏။ သုံးစွဲသူအကြိုက်ကို ဖြစ်စေ၏။

သို့ရာတွင် ပစ္စည်းအတုသည်ကား ထိုသို့မဟုတ်။ အကြမ်းမခံ။ တာရှည်မခံ။ ခဏနှင့် ကျိုးလွယ် ပျက်လွယ်၏။ မည်သူမဆို တန်ဖိုးနှင့်ညီမျှပြီး တာရှည်ခံသောပစ္စည်းအစစ်ကို ကြိုက်၏။ တန်ဖိုးကြီးကြီးပေးပြီး မြန်မြန်ပျက်လွယ်သောပစ္စည်းကို မည်သူမျှ ကြိုက်ကြမည်မဟုတ်။ ဤကား အတုနှင့် အစစ်တို့၏ ခြားနားချက် ပင်ဖြစ်၏။ ကိုယ်ပိုင်ဟန် ကိုယ်ပိုင်အရည်အသွေးများပင် ဖြစ်၏။ ထိုအတုနှင့်အစစ် ပြဿနာသည် သက်မဲ့ပစ္စည်းများ၌သာ ရှိနေခြင်းမဟုတ်။ သတ္တလောက လူ့ဘဝတွင်လည်းရှိ၏။ ဤသို့ အတုနှင့်အစစ်သဘောသည် အမျိုးမျိုးရှိကြသည့်အနက် အတတ်ပညာကျွမ်းကျင်မှုတစ်ခုခုအပေါ် ဝေဖန်ပိုင်းခြားစဉ်းစားကြည့်ပါလော့။

အချို့သောသူများသည် အသက်မွေးဝမ်းကျောင်း အလုပ်တစ်ခုခုလုပ်ကိုင်ရာတွင် စစ်မှန် မှန်ကန်သော အတတ်ပညာကို အသုံးချ၍ အသက်မွေးဝမ်းကျောင်းပြု၏။ အချို့မှာကား ကျွမ်းကျင်သော အတတ်ပညာ ရှိဟန်ဆောင်၍ အသက်မွေးဝမ်းကျောင်းပြု၏။ ဟန်ဆောင်တုပခြင်းသည် ခဏသာမြဲ၏။ တာရှည် အသက်မွေးဝမ်းကျောင်းနိုင်ခြင်း မရှိကြ။ အတတ်ပညာတစ်ခုခုကို ကျွမ်းကျင်အောင် တတ်မြောက်ထားရှိသူများသည် ထိုအတတ်ပညာဖြင့်ပင် ကြာရှည်စွာ အသက်မွေးဝမ်းကျောင်းနိုင်ကြ၏။

ထို့ကြောင့် မည်သည့်အလုပ်ကို လုပ်ကိုင်သည်ဖြစ်စေ ကျွမ်းကျင်သောအတတ်ကို တတ်မြောက်ထားရန် အစဉ်သဖြင့် ကြိုးစားအားထုတ်သင့်၏။ ဒေါင်းယောင်ဆောင်သော ကျီးသည် တစ်နေ့တွင် အရှက်တကွဲအကျိုးနည်းအဖြစ်မျိုးနှင့် ရင်ဆိုင်ရတတ်လေသည်။ အယောင်ဆောင်ခြင်းသည် မကောင်း။ တာရှည်မခံနိုင်။ ခဏသာ ဖြစ်ပါသည်။ သို့အတွက် မိမိတို့ကျွမ်းကျင်သော လုပ်ငန်းခွင် နယ်ပယ်အသီးသီးတို့တွင် ကျွမ်းကျင်မှုအတတ်ကို အားထုတ်သင့်ပေကြောင်း။ ။



## ပြည်တွင်းသတင်း

# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်များဝင်ထွက်မှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၂၄**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ဇူလိုင် ၂၀ ရက် နံနက် ၁၀ နာရီ မိနစ် ၄၀ က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဧည့်ခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ တိုင်းဒေသကြီးနှင့် ခရိုင်ဦးစီးဌာနမှူးများ၊ ရေ/လေကြီးကြပ်ဌာနစုမှ တာဝန်ခံအရာရှိများကို တွေ့ဆုံရာ ရေ၊ လေကြီးကြပ်ဌာနစုမှ ဒုတိယညွှန်ကြားရေးမှူးနှင့် ရန်ကုန်တိုင်းဒေသကြီး ဦးစီးဌာနမှူးတို့က ရေဆိပ်၊ လေဆိပ် စစ်ဆေးရေးဆိုင်ရာ ဝန်ထမ်းအင်အား၊ လေဆိပ်၏ လေကြောင်းလိုင်းများနှင့် ခရီးသည်များ ဝင်ထွက်သွားလာမှု၊ ရန်ကုန်မြစ်အတွင်း ပင်လယ်ကူးသင်္ဘောများ ဆိုက်ကပ်မှု၊ ခရီးသည်များဝင်ထွက်မှု အဆင်ပြေလွယ်ကူလျင်မြန်စေရေးအတွက် ဆောင်ရွက်မှုနှင့် ဆက်စပ်ဌာနများနှင့် ညှိနှိုင်းဆောင်ရွက်မှုလုပ်ငန်းများကို ရှင်းလင်းတင်ပြကြကာ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ယခုအခါ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ချက်များကြောင့် မိမိတို့နိုင်ငံအတွင်း ပြည်တွင်းပြည်ပ ခရီးသည်များ ဝင်ထွက်သွားလာမှု များပြားလျက်ရှိကြောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကိုလည်း လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ လွယ်ကူလျင်မြန်စေရေးအတွက် စစ်ဆေးရေးကောင်တာများတိုးချဲ့ခြင်း၊ ဆိုက်ရောက်ဗီဇာထုတ်ပေးခြင်း၊ Form-D ရယူရန်မလိုတော့ဘဲ ဖြေလျှော့ပေးခဲ့ပြီးဖြစ်ကြောင်း၊ ဝန်ထမ်းများကိုလည်း ပြည်သူအပေါ် အသွင်သစ်ဖြင့် ဆက်ဆံရေးကို ထိထိရောက်ရောက် ဆောင်ရွက်စေခဲ့ကြောင်း၊ ထို့အပြင် ဝန်ထမ်းများအား ဌာန၏ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်ပြီး ဘာသာစကားနှင့် IT နည်းပညာတတ်ကျွမ်းစေရေးအတွက် အရည်အသွေးမြှင့်တင်ရေး လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း နိုင်ငံခြားသား ထိန်းသိမ်းရေး လုပ်ငန်းကိုလည်း သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းကာ ထိထိရောက်ရောက် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တွေ့ကြုံရသည့် လုပ်ငန်းအခက်အခဲများကိုလည်း တာဝန်ရှိသူအဆင့်ဆင့်သို့ အချိန်မီ တင်ပြဆောင်ရွက်ကြရန်လိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့် အသိတူမှ အလုပ်တူမည်ဆိုသည်ကို စွဲမြဲစွာမှတ်ယူ၍ လက်အောက်ဝန်ထမ်းများအား လုပ်ငန်းစဉ်တိုင်း၊ လုပ်ဆောင်ချက်တိုင်းအပေါ် နားလည်သဘောပေါက်ကာ လိုက်ပါဆောင်ရွက်နိုင်ရေး ရှင်းလင်းချပြတွန်းအားပေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သို့မှသာ ဌာန၏ ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လေဆိပ်ပြည်ပဆိုက်ရောက်နေရာရှိ ခရီးသည်များအတွက် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လမ်းညွှန်ဆိုင်းဘုတ်များနှင့် ကောင်တာများ၌ ရောက်ရှိခရီးသည်များကို လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပန်းတောင်း-တောင်ကုတ်ကားလမ်း ကာလရှည်ကြာပေါက်ပြဲ ပျက်စီးနေမှုအား ပြုပြင်ပေးစေချင်

## ထင်သာမြင်သာ ပြုပြင်စရာ



ပန်းတောင်း-တောင်ကုတ် ကားလမ်းသည် ရခိုင်ရိုးမသို့ ပြည်ပမှ ပစ္စည်းများနှင့် ရခိုင်ပြည်နယ်မှထွက်ရှိသော စားသောက်ကုန်များ သယ်ယူပို့ဆောင်ရာ အဓိကလမ်းကြောင်းဖြစ်နေပြီး လမ်းတစ်လျှောက် အချို့သောနေရာများမှာ ပေါက်ပြဲပျက်စီးနေသည်မှာ လွန်စွာဆိုးရွားနေပြီဖြစ်သော်လည်း ပြုပြင်မှုမရှိခြင်းကြောင့် နေ့စဉ်ကုန်တင်ကားကြီးများ၊ ခရီးသည်တင် ကားကြီးများသည် လမ်းအပေါက်အပြဲများကို ရှောင်ကွင်းမောင်းနှင်ရသောကြောင့် ယာဉ်အန္တရာယ်များ မကြာခဏဖြစ်ပွားခြင်းနှင့် ကြုံတွေ့ရသည်။

**တင်ပြ**

သို့ဖြစ်ပါ၍ ပန်းတောင်း-တောင်ကုတ်လမ်းအား တာဝန်ရှိသူများမှ ပြုပြင်ထိန်းသိမ်းမှုများ ပြုလုပ်ရန် တင်ပြရေးသားလိုက်ရပါသည်။

**သိန်းတိုး**

# Mini Book Corner များ ဟားခါး၌ ဖွင့်လှစ်

**ဟားခါး ဇူလိုင် ၂၄**

ပြည်သူများ အားလပ်ချိန်တွင် စာပေဖတ်ရှုခြင်းဖြင့် အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ရေး၊ စာပေဝါသနာနှင့် စာဖတ်သည့်အလေ့အထ ပြန့်ပွားစွဲမြဲခိုင်မာခြင်းဖြင့် အသိပညာဗဟုသုတ တိုးပွားများပြားလာကာ စွမ်းရည်ပြည့်ဝသောလူ့အသိုက်အဝန်းတစ်ခု ဖြစ်ပေါ်လာစေရေးအတွက် ပြည်သူကိုဗဟိုပြုသော ပြည်သူ့ဝန်ဆောင်မှု အသိပညာပေးလုပ်ငန်းများဖြစ်သော စာပေရေချမ်းစင် (Mini Book Corner) များကို ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက ဟားခါးမြို့ပေါ်ရှိ ပြည်နယ်ပြည်သူ့ဆေးရုံ၊ မြို့မဈေး၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းနှင့် လူငယ်သင်တန်းကျောင်းတို့တွင် ချင်းပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခမ်လျန်ဆုမ်း၊ မြို့နယ်ဦးစီးမှူး ဦးရှိန်းတမ်နှင့် ဝန်ထမ်းများက လှည့်လည်ဖွင့်လှစ်ပေးလျက်ရှိသည်။

**လဲလှယ်ပေး**

အဆိုပါ စာပေရေချမ်းစင်တွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ ဘာသာရေးနှင့် သိပ္ပံနှင့်နည်းပညာ၊ ယဉ်ကျေးမှုနှင့် အနုပညာ၊ အားကစား၊ အတ္ထုပ္ပတ္တိ၊ ပြည်သူ့နီတိစသည့် ပညာရပ်များကို တစ်မျိုးလျှင် ငါးအုပ်နှုန်းဖြင့် ထားရှိပြီး စာအုပ်များကို လစဉ်လဲလှယ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (ဝဲပုံ) (ပြည်နယ်ပြန်/ဆက်)





ပြည်တွင်းသတင်း

# ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်နှင့် ဗီယက်နမ်နိုင်ငံအမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၄**

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. NGUYEN SINH HUNG ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၊ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ ရင်းနှီးခင်မင်စွာ လက်ခံတွေ့ဆုံသည်။

ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ အမျိုးသားလွှတ်တော်သို့ စတင်ရောက်ရှိချိန်တွင် ဂုဏ်ပြုတပ်ဖွဲ့က အလေးပြုကြပြီး ပြည်ထောင်စုလွှတ်တော်နာယကနှင့် လွှတ်တော်ကိုယ်စားလှယ်များက ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးကြရာတွင် ပြည်ထောင်စုလွှတ်တော်နာယကက အဆွေတော်နှင့်အဖွဲ့ဝင်များအား မိမိတို့ ပြည်ထောင်စုလွှတ်တော်က ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါကြောင်း၊ ယနေ့သည် လွှတ်တော် သတ္တမအကြိမ်ပုံမှန်အစည်းအဝေးကျင်းပနေသည့်အချိန်သမယနှင့်တိုက်ဆိုင်နေသည့်အတွက် တိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်များကို စုံညီစွာ တွေ့ကြရမည်ဖြစ်ပါကြောင်းဖြင့် နှုတ်ခွန်းဆက်ပြောကြားသည်။

ထို့နောက် ဧည့်သည်တော် ဗီယက်နမ်အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ယခုကဲ့သို့ ညီရင်းအစ်ကိုတမျှ ချစ်ကြည်ရင်းနှီးစွာ ကြိုဆိုသည့်အတွက် အလွန်ကျေးဇူးတင်ရှိပါကြောင်း၊ နှစ်နိုင်ငံအကြား လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းအားဖြင့် ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးမြှင့်နိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် လွှတ်တော်နှစ်ရပ်အကြား ပိုမိုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ၊ မြန်မာနိုင်ငံတွင် ဗီယက်နမ်စီးပွားရေးလုပ်ငန်းရှင်များ ပိုမိုလာရောက်ရင်းနှီးမြှုပ်နှံရေးဆိုင်ရာများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာများနှင့် နယ်ပယ်ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားရေးဆိုင်ရာများကို ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ဒုတိယနာယကဦးမြညိမ်း၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဦးဆောင်သော အဖွဲ့ဝင်များနှင့် ဧည့်သည်တော် ဗီယက်နမ် အမျိုးသား လွှတ်တော် ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့် ဧည့်သည်တော် ဗီယက်နမ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

ညနေ ၅ နာရီတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်တို့အကြား လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီမှုစာချုပ် လက်မှတ်ရေးထိုးပွဲကို အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယကနှင့် ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က သဘောတူညီမှုစာချုပ်တွင် လက်မှတ်ရေးထိုးကြသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးမြညိမ်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုးပွဲအပြီးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးဆောင်သောအဖွဲ့ဝင်များနှင့် ဧည့်သည်တော် ဗီယက်နမ်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံ၌ ကဏ္ဍအသီးသီးတွင် လာရောက်ရင်းနှီးမြှုပ်နှံမှု ပြုလုပ်နေကြသည့် ကမ္ဘာ့နိုင်ငံများနှင့် ဗီယက်နမ်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံမှုပမာဏအခြေအနေများ၊ မြန်မာနှင့် ဗီယက်နမ်နှစ်နိုင်ငံအကြား အပြန်အလှန်ကုန်စည်စီးဆင်းတင်ပို့ရောင်းချမှုနှင့် ကုန်သွယ်မှုအခြေအနေများ၊ ၂၀၁၅ ခုနှစ်တွင် ရည်မှန်းထားသည့်အတိုင်း ကုန်သွယ်မှုပမာဏ မြင့်မားလာရေးအတွက် ဆောင်ရွက်ရန်ကိစ္စရပ်များအပေါ် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးကြသည်။

ညပိုင်းတွင် ပြည်ထောင်စုလွှတ်တော်နာယကက ဗီယက်နမ်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့အား လွှတ်တော်ဝင်းအတွင်းရှိ ထမင်းစား ခန်းမဆောင်ကြီး၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **(သတင်းစဉ်)**

# မြန်မာနှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်အကြား ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၄**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ဌာနေကိုယ်စားလှယ်အဖြစ် ခန့်အပ်ခြင်းခံရသည့် Mr. Domenico SCALPELLI သည် ယနေ့ နံနက် ၁၁ နာရီတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ၎င်း၏ခန့်အပ်လွှာကို ပေးအပ်ကာ **(ယာပုံ)** မြန်မာနိုင်ငံနှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်အကြား ပူးပေါင်းဆောင်ရွက်ရေး အလားအလာများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ကြသည်။ **(သတင်းစဉ်)**



# သတင်းမီဒီယာဥပဒေကြမ်းနှင့်ပတ်သက်ပြီး ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၄**

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)ဥက္ကဋ္ဌ ဦးခင်မောင်အေး ဦးစီးသောအဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် တွေ့ဆုံ၍ ဥပဒေရေးရာကိစ္စများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

အလားတူ ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်ဦးစီးသော ကော်မတီဝင်များသည် ပြန်ကြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် ကောင်စီဝင်များအား ယနေ့မွန်းလွဲပိုင်းတွင် တွေ့ဆုံ၍ သတင်းမီဒီယာဥပဒေကြမ်းနှင့် ပတ်သက်ပြီး ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ လမ်း၊ တံတားများ ပြုပြင်ထိန်းသိမ်းလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုး-သိန္နီ-မူဆယ်လမ်း သိန္နီမြို့အဝင် မိုင်တိုင်(၂၀၄/၇)နှင့် (၂၀၅) ကြား၌ ရေကျော်တံတားတည်ဆောက်နေမှု၊ မိုင်တိုင်(၂၀၆/၄)နှင့် (၂၀၆/၅) ကြားကွမ်းလုံနှင့် သိန္နီလမ်းဆုံ၌ လမ်းချဲ့ရန်နှင့် လမ်းအကွေ့ ဖြောင့်မည့်နေရာ၊ လားရှိုး-သိန္နီ-မူဆယ်လမ်းတစ်လျှောက်နှင့် မူဆယ်မြို့ရှိ မန္တလေး- လားရှိုး -ဗန်းမော်- မြစ်ကြီးနားလမ်းပေါ်ရှိ ပန်ခန်းတံတားတို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဇူလိုင် ၂၀ ရက် နံနက်ပိုင်းတွင် လှည့်လည်ကြည့်ရှုစစ်ဆေး၍ မူဆယ်ခရိုင် အင်ဂျင်နီယာမှူးရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

▲ ရှေ့ဖုံးမှ

"အားကစားပြိုင်ပွဲ ကျင်းပရာ အားကစားရုံ၊ အားကစားခန်းမနဲ့ အားကစားကွင်းတွေ၊ တည်းခိုနေထိုင်မယ့်နေရာတွေမှာ WiFi အခမဲ့ သုံးစွဲနိုင်အောင် စီစဉ်နေပါတယ်။

ဆီးဂိမ်းအားကစားပြိုင်ပွဲနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်တွေကို အခက်အခဲမရှိ အချိန်နဲ့တစ်ပြေးညီ သိရှိရအောင်လို့ ဝန်ဆောင်မှုပေးနိုင်အောင် ကြိုးစားနေခြင်းဖြစ်ပါတယ်" ဟု ၎င်းက ပြောကြားသည်။

ထိုသို့ အင်တာနက် ဝန်ဆောင်မှုပေးနိုင်ရေးအတွက် ပြည်တွင်းနှင့် ပြည်ပကုမ္ပဏီတို့က တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းကုမ္ပဏီများမှာ ပြည်ပမှ Cisco နည်းပညာကုမ္ပဏီနှင့် ပြည်တွင်းမှ ရွှေသံလွင်ကုမ္ပဏီတို့ဖြစ်သည်။ Cisco ကုမ္ပဏီက နည်းပညာကူညီပေးမည်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှုကို Red Link ကုမ္ပဏီက ရွှေသံလွင်ကုမ္ပဏီနှင့်နေရာများ ခွဲဝေကာ လုပ်ကိုင်ကြမည်ဖြစ်သည်။

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲများကို မြန်မာနိုင်ငံတွင် နေပြည်တော်ရှိ အားကစားကွင်း၊ အားကစားရုံများနှင့် မန္တလေးမြို့ရှိ အားကစားကွင်း၊ အားကစားရုံများအပြင် ရန်ကုန်မြို့နှင့် ငွေဆောင်တို့တွင်ရှိသော သတ်မှတ်နေရာအသီးသီးတွင် ကျင်းပရန် ပြင်ဆင်ထားပြီးဖြစ်သည်။ ယင်းနေရာများ၌ WiFi အခမဲ့သုံးစွဲခွင့်ရရှိမည်ဖြစ်သည်။

နေပြည်တော်နှင့်မန္တလေးမြို့များရှိ အားကစားကွင်းနှင့် အားကစားရုံများ၊ နေထိုင်တည်းခိုရာနေရာများတွင် WiFi အခမဲ့သုံးစွဲနိုင်ရေး ရွှေသံလွင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။ ရန်ကုန်မြို့ရှိ အားကစားကွင်း၊ အားကစားရုံများနှင့် ငွေဆောင်တို့တွင် Red Link ကုမ္ပဏီက တာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။

ထိုသို့အင်တာနက်ဝန်ဆောင်မှု အခမဲ့ပေးနိုင်ရေးနှင့် ဆက်သွယ်ရေးဆိုင်ရာကိစ္စများ ဆောင်ရွက်နိုင်ရန် ကော်မတီတစ်ရပ်ဖွဲ့စည်းပြီး ဆောင်ရွက်နေခြင်းဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ **(မြန်မာ့အလင်း)**

# ရက်လွန် ၁၅၀၀ တန် Sim Card များ သက်တမ်းတိုးလျှောက်ထားနိုင်

**ရန်ကုန် ဇူလိုင် ၂၄**

တန်ဖိုးနည်း ၁၅၀၀ တန် Sim Card များ အကြောင်းအမျိုးမျိုးကြောင့် ရက်လွန်ပါက သက်တမ်းတိုးလျှောက်ထားနိုင်ကြောင်း သိရသည်။

သက်တမ်းတိုးလျှောက်ထားပါက စာချုပ်မူရင်းနှင့် မိတ္တူတစ်စောင်၊ (အကယ်၍ သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ ဌာနတို့မှ စာချုပ်ထုတ်ပေးထားခြင်းမရှိပါက စာချုပ်ထုတ်မပေးရသေးကြောင်း သက်ဆိုင်ရာမြို့နယ် အုပ်ချုပ်ရေးမှူးရုံး၊ ဌာနတို့မှ ထောက်ခံချက်ပါရှိရမည်) သက်တမ်းလွန်ရခြင်းအတွက် ထောက်ခံချက်(ကတ်ထုတ်ပေးသည့် သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ ဌာန၏ထောက်ခံချက်)၊ ပိုင်ရှင်၏ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူတစ်စောင် စသည့် စာရွက်စာတမ်းများနှင့် တိုင်းဒေသကြီး မန်နေဂျာထံ လိပ်မူ၍ လျှောက်ထားနိုင်ကြောင်း သိရသည်။ **မောင်စိုးဝင်း**

## အပူပိုင်းဒေသစိမ်းစိုဖို့ သစ်တောသစ်ပင်တွေ ထိန်းသိမ်းစို့




နိုင်ငံတကာသတင်း

# ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆင်၏သားများ နိုင်ငံ့တပ်မတော်တွင်စစ်ဘက်ရာထူးကြီးများရယူ

ဖနောင်ပင် ဇူလိုင် ၂၄

**ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆင်၏သားနှစ်ဦးသည် ကမ္ဘောဒီးယားစစ်ဘက်တွင် ရာထူးများ တိုးမြှင့်အပ်နှင်းခံရကြောင်း ရှိုင်ရယ်ဂေဇက်သတင်းစာ၌ ဇူလိုင် ၂၄ရက်က ဖော်ပြသည်။**

ဝန်ကြီးချုပ်ဟွန်ဆင်၏ သားကြီးဖြစ်သူ အသက် ၃၅နှစ်အရွယ်ရှိ ဟွန်မာနက်သည် ဗိုလ်ချုပ်မှ ဒုတိယဗိုလ်ချုပ်ကြီးအဆင့်သို့ တိုးမြှင့်ခဲ့သည်။ သူသည် ရှိုင်ရယ်ကမ္ဘောဒီးယားကြည်းတပ်တွင် အမှုထမ်းနေခြင်းဖြစ်သည်။

ဒုတိယသားဖြစ်သူ အသက် ၃၁ နှစ်အရွယ်ရှိ ဟွန်မာနစ်သည် ဗိုလ်မှူးကြီးမှ ဗိုလ်မှူးချုပ်ရာထူးသို့ တိုးမြှင့်ခန့်ထားခြင်းခံရကြောင်း ကမ္ဘောဒီးယား ဘုရင် နိုရိုဒွန်စီဟာမိုနီက လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့သည်။

ဒုတိယဗိုလ်ချုပ်ကြီး ဟွန်မာနက်သည်စစ်ဘက်ရာထူးများ မြန်ဆန်စွာတက်ခဲ့သူဖြစ်ရာ ဖခင်ဖြစ်သူ၏ နေရာကို လွှဲပြောင်းရယူနိုင်သည့်အနေအထားဖြစ်နိုင်ကြောင်း နိုင်ငံရေးသမားများက သုံးသပ်လျက်ရှိသည်။

ဒုတိယဗိုလ်ချုပ်ကြီး ဟွန်မာနက်သည် လောလောဆယ်တွင် ကမ္ဘောဒီးယားစစ်ဌာနချုပ်၌ ဒုတိယအကြီးအကဲအဖြစ် တာဝန်ယူနေသူဖြစ်သည်။ အဆိုပါ ရာထူးသည် ဝန်ကြီးချုပ်ဟွန်ဆင်၏ ကိုယ်ရံတော်တပ်ဖွဲ့နှင့် အကြမ်းဖက်မှုတန်ပြန်ချေမှုန်းရေး အဖွဲ့တို့၏ အကြီးအကဲလည်းဖြစ်သည်။

ဒုတိယဗိုလ်ချုပ်ကြီး ဟွန်မာနက်သည် အမေရိကန်နိုင်ငံ ဝက်စ်ပွိုင့်စစ်ဘက်အကယ်ဒမီမှ ၁၉၉၉ ခုနှစ်တွင် ကျောင်းပြီးခဲ့သူဖြစ်သည်။ တစ်ဖန် ယူနိုက်တက်ကင်းဒန်းရှိ ဘရစ်စတိုးတက္ကသိုလ်မှ စီးပွားရေးဆိုင်ရာ ဒေါက်တာဘွဲ့ရရှိထားသူလည်းဖြစ်သည်။

ဝန်ကြီးချုပ်ဟွန်ဆင်၏ ဒုတိယသားဖြစ်သူ ဗိုလ်မှူးချုပ် ဟွန်မာနစ်သည် ကမ္ဘောဒီးယားကာကွယ်ရေးဝန်ကြီးဌာန ထောက်လှမ်းရေးတပ်၏ ဒုတိယအကြီးအကဲ နေရာတွင် တာဝန်ယူနေသူဖြစ်သည်။ ဝန်ကြီးချုပ်ဟွန်ဆင်၏ အငယ်ဆုံးသားဖြစ်သည့် အသက် ၃၀အရွယ်ရှိ ဟွန်မာနီသည် အာဏာရကမ္ဘောဒီးယားပြည်သူ့ပါတီ၏လူငယ်လှုပ်ရှားမှုအဖွဲ့ခေါင်းဆောင်တစ်ဦးဖြစ်သည်။၎င်းသည် လောလောဆယ်တွင် လာမည့် ဇူလိုင် ၂၈ရက်၌ ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ပါဝင်အရွေးခံမည် ဖြစ်သည်။

(ဆင်ဟွာ)



# တောင်ဆူဒန်သမ္မတက ဝန်ကြီးအဖွဲ့တစ်ဖွဲ့လုံးအား ထုတ်ပယ်

ဂျူဘာ ဇူလိုင် ၂၄

တောင်ဆူဒန်သမ္မတ ဆယ်ဗာကီရာက အစိုးရအဖွဲ့ဝင်ဝန်ကြီးတစ်ဖွဲ့လုံးအား ထုတ်ပယ်လိုက်ကြောင်း ဘီဘီစီသတင်းတွင် ဇူလိုင် ၂၃ ရက်က ဖော်ပြသည်။

အခြားသော ထိပ်ပိုင်းခေါင်းဆောင်များနှင့် အာဏာလွန်ဆွဲနေရဟန် အရိပ်အခြည်ရှိနေသည့် သမ္မတကီရာက ဒုတိယသမ္မတ ရီမာချာအပါအဝင် ဝန်ကြီး၊ ဒုတိယဝန်ကြီးအားလုံးတို့အား ရာထူးမှနုတ်ပယ်လိုက်သည့် အမိန့်ဒီဂရီတစ်ရပ်ကို ကြေညာလိုက်ခြင်းဖြစ်သည်။

အစိုးရကက်ဘိနက်တစ်ဖွဲ့လုံးအား ရုပ်သိမ်းလိုက်ရခြင်းနှင့် ပတ်သက်ပြီး ရှင်းလင်းချက်ထုတ်ပြန်ခြင်း မရှိပေ။ နိုင်ငံရေးအကဲဖြတ်များ အဆိုအရ သမ္မတနှင့် ဒုတိယသမ္မတတို့ သူတစ်လူ ငါတစ်မင်းအာဏာပြ တန်ခိုးထွားနေမှုသည် လများစွာပင် ကြာမြင့်ခဲ့ပြီဟု ဆိုသည်။ ၂၀၁၁ ခုနှစ်အတွင်း ဆူဒန်မှ ခွဲထွက်ပြီး ကတည်းက တောင်ဆူဒန်နိုင်ငံသည် ခရိုနီစီးပွားရေးလက်ဝါးကြီး အုပ်မှုခံစားနေရသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။

သမ္မတကီရာ၏ ဘက်တော်သား အချို့က သူ၏ခေါင်းဆောင်မှုကို အလိုမကျကြောင်း စောင်းပါးရိတ်ခြည်ပြောဆိုမှုများလည်းရှိသည်။ လက်ရှိ နိုင်ငံကို ဦးဆောင်နေသည့်သူပုန်အဖွဲ့ဟောင်း ဆူဒန်ပြည်သူ့လွတ်မြောက်ရေးလှုပ်ရှားမှု (SPLM) အဖွဲ့ကို ကောင်းစွာကြိုးကိုင်နိုင်ရေး သမ္မတကီရာက ရုန်းကန်တိုက်ပွဲဝင်နေရကြောင်း ဒေသတွင်းသတင်းများက ဖော်ပြသည်။

ဧပြီလအတွင်း ကတည်းက လုပ်ပိုင်ခွင့်အာဏာတချို့ ရုပ်သိမ်းခြင်းခံလိုက်ရသော ဒုတိယသမ္မတမာချာက လာမည့် ၂၀၁၅ ခုနှစ် သမ္မတရွေးကောက်ပွဲမတိုင်ခင်အထိ SPLM အား ကီရာခေါင်းဆောင်နေခြင်းကို ဆန့်ကျင်ဖွယ်ရှိကြောင်း ရိပ်ဖမ်းသံဖမ်း ပြောဆိုဖူးသူဖြစ်သည်။ (ဘီဘီစီ)

# အဆောက်အအုံသစ်များ မတည်ဆောက်ရန် တရုတ်သမ္မတ သတိပေး

**ပေကျင်း ဇူလိုင် ၂၄**

တရုတ်နိုင်ငံတစ်ဝန်းတွင် ငါးနှစ်အတွင်း အစိုးရအဆောက်အအုံများ တည်ဆောက်ခြင်းကို ပိတ်ပင်လိုက်ကြောင်း နိုင်ငံပိုင်သတင်းမီဒီယာများက ဇူလိုင် ၂၄ရက်တွင် ဖော်ပြသည်။

အာဏာရ စီပီစီပါတီအနေဖြင့် အကျင့်ပျက်ခြစားမှုနှင့် ဖြုန်းတီးမှုများ တိုက်ဖျက်ရေးကို ပြသရန် တရုတ်သမ္မတ ရှီကျင့်ဖျင်၏ ကြိုးစားအကောင်အထည်ဖော်မှု အစိတ်အပိုင်းတစ်ရပ်အဖြစ်အစိုးရအဆောက်အအုံများ တည်ဆောက်ခြင်းကို ပိတ်ပင်လိုက်ခြင်းဖြစ်သည်။ အစိုးရအဆောက်အအုံသစ်များသည် ဆင်းရဲသော ပြည်သူများ နယ်မြေအတွင်း၌ မျက်စိစပါးမွေးစူးစရာ ဖြစ်ကာ အခြေခံလူတန်းစား ပြည်သူများ အနေဖြင့် မလိုလားအပ်သောစိတ်ခံစားမှုများအား နိုးဆွသလိုဖြစ်စေသည်ဟု ယင်းသတင်းစာ၌ ဖော်ပြသည်။ **(ဆင်ဟွာ)**







# လက်သမားသုံးပစ္စည်းများဖြင့် ခွဲစိတ်နေရသော ဆေးရုံ

**ချီစီနျူ ဇူလိုင် ၂၄**

ဥရောပအရှေ့ပိုင်းတွင် တည်ရှိသော ကုန်းတွင်းပိတ်မိုဒိုဗာနိုင်ငံတွင် ခွဲစိတ်ဆရာဝန်များက ဆောက်လုပ်ရေးသုံး စူးဆောက်၊လွှန်ပူကိရိယာတန်ဆာပလာများကိုသုံးကာမဖြစ်ဖြစ်သည့်နည်းဖြင့် ခွဲစိတ်နေကြရသည်။ ထိုသတင်းအခိုင်အမာ ထွက်ပေါ်လာခဲ့ရာ ဝန်ကြီးချုပ်ဖြစ်သူက ဆေးရုံခွဲစိတ်ခန်းသုံးပစ္စည်းကိရိယာများကို ပြန်လည်စိစစ် သုံးသပ်ရေးအမိန့်ထုတ်လိုက်ရကြောင်း ဘီဘီစီ သတင်းတွင် ဇူလိုင် ၂၃ ရက်က ဖော်ပြသည်။




**လက်သမားသုံးပစ္စည်းကိရိယာများကို ဆရာဝန်တစ်ဦးကိုင်တွယ် အသုံးပြုနေသည့်ခွဲစိတ်ခန်း အင်တာနက် You Tube ဗီဒီယိုပြကွက်။**

**ဓာတ်ပုံ - ဘီဘီစီ**

ခွဲစိတ်ခံလူနာတစ်ဦး၏ခြေထောက်နားပေါ်တွင် သံချေးတက်ပလာယာ တစ်စုံအပါအဝင်လက်သမားသုံးပစ္စည်းကိရိယာများကို ဆရာဝန်တစ်ဦးကိုင်တွယ်အသုံးပြုနေသည့်ခွဲစိတ်ခန်းဝင်လျှပ်တစ်ပြက်ရုပ်ရှင်တိုကို အင်တာနက် You Tube ဗီဒီယိုတွင် သက်သေအခိုင်အလုံဖြင့်ပြသလိုက်ရာ နိုင်ငံတွင်းမီဒီယာလောက၌ ဝဲဂယက်ထန်သွားစေခဲ့သည်။

မြို့တော် ချီစီနျူတွင် တည်ရှိသော အစ်နာတန်ကို ကလေးဆေးရုံမှ ဆရာဝန်များက ခွဲစိတ်ကုသမှုများတွင် ဆောက်လုပ်ရေးသုံး စူးဆောက် တန်ဆာပလာများသုံးခဲ့ရကြောင်း၊ အရိုးနှင့်ဆိုင်သည့် ခွဲစိတ်မှုများတွင် တူနှင့် ဆောက်တို့ကိုပါသုံးနေရကြောင်း Publika TV သို့ ဖွင့်ဟခဲ့သည်။

ကျန်းမာရေးဝန်ကြီး အန်ဒရေးယူဆာတီက ယင်းကိစ္စကိုတွင်တွင် ငြင်းဆိုသည်။ ဗီဒီယိုလျှပ်တစ်ပြက် ပြကွက်ကဆေးရုံ၏ဂုဏ်သိက္ခာကို အပုပ်ချထိုးနှက်ချင်၍ဖြစ်သည်ဟု အပြင်းအထန်ချေပကြောင်း Publika TVက သတင်းထုတ်လွှင့်သည်။သို့သော် ဝန်ကြီးချုပ်အူရီယူလန်းကာက ကျန်းမာရေးဝန်ကြီးအား ဆေးရုံဆေးခန်းများကို ချက်ချင်းသွားရောက်စစ်ဆေးရန်နှင့် ပစ္စည်းသစ်များဝယ်ယူရေး ရန်ပုံငွေတည်ထောင်ရန် အမိန့်ပေးလိုက်သည်။

(ဘီဘီစီ)

ပြည်တွင်းသတင်း

# မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံလွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၄

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr.NGUYEN SINH HUNG ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။** (ယာပုံ)



အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သိမ်း၊ ဦးသိန်းဇော်၊ သူရဦးအောင်ကို၊ ဦးစိုးနိုင်၊ ဦးလှမြင့်ဦး၊ ဦးမောင်မောင်ဆွေ၊ ဦးဌေးမြင့်၊ ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ထွန်းနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံလွှတ်တော်အချင်းချင်းချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

## ပြည်သူအများသိရှိရန် ကြေညာခြင်း

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး (ရွှေပြည်သာမဲဆန္ဒနယ်)က ပြည်သူ့လွှတ်တော်သို့ တင်သွင်းထားရှိသော "၁၉၅၄ ခုနှစ် နိုင်ငံတော်အထိမ်းအမှတ်များ(ဆင်ယင်ပြသမှုကန့်သတ်ရေး)အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း"ကို ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးဆောင်ရွက်လျက်ရှိရာ အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးလိုပါက ၂၈-၇-၂၀၁၃ ရက်နေ့မှ ၃၁-၇-၂၀၁၃ ရက်နေ့အထိ နေ့စဉ် ၁၃း၀၀ နာရီမှ ၁၆း၀၀ နာရီအတွင်း နေပြည်တော်၊ လွှတ်တော်ဝင်းအတွင်းရှိ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီရေးရာဆောင်အမှတ်(အိုင်-၂)၊ ဖုန်းအမှတ် ၀၆၇- ၅၉၁၃၅၉ သို့ လူကိုယ်တိုင်လာရောက် အကြံပြုဆွေးနွေးနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်သူ့လွှတ်တော်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ**

## ပြည်သူအများသိရှိရန် ကြေညာခြင်း

ပြည်သူ့လွှတ်တော်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီက ပြည်သူ့လွှတ်တော်သို့ တင်သွင်းထားရှိသော "၂၀၁၃ ခုနှစ် စာချုန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာ ဥပဒေကြမ်း"ကို ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးဆောင်ရွက်လျက်ရှိရာ အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးလိုပါက ၃၀-၇-၂၀၁၃ ရက်နေ့မှ ၅-၈-၂၀၁၃ ရက်နေ့အထိ နေ့စဉ် ၁၃း၀၀ နာရီမှ ၁၆း၀၀ နာရီအတွင်း နေပြည်တော်၊ လွှတ်တော်ဝင်းအတွင်းရှိ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီရေးရာဆောင်အမှတ်(အိုင်-၁၂) ဖုန်းအမှတ် ၀၆၇-၅၉၁၄၈၉ သို့ လူကိုယ်တိုင် လာရောက်အကြံပြုဆွေးနွေးနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်သူ့လွှတ်တော်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ**

## ပြည်သူအများသိရှိရန် ကြေညာခြင်း

ပြည်သူ့လွှတ်တော်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက ပြည်သူ့လွှတ်တော်သို့ တင်သွင်းထားရှိသော"အသင်းအဖွဲ့များဆိုင်ရာ ဥပဒေကြမ်း"ကို ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးဆောင်ရွက်လျက်ရှိရာ အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးလိုပါက ၁-၈-၂၀၁၃ ရက်နေ့မှ ၄-၈-၂၀၁၃ ရက်နေ့အထိ နေ့စဉ် ၁၃း၀၀ နာရီမှ ၁၆း၀၀ နာရီအတွင်း နေပြည်တော်၊ လွှတ်တော်ဝင်းအတွင်းရှိ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီရေးရာဆောင်အမှတ်(အိုင်-၂) ဖုန်းအမှတ် ၀၆၇-၅၉၁၃၅၉ သို့ လူကိုယ်တိုင်လာရောက် အကြံပြုဆွေးနွေးနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်သူ့လွှတ်တော်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ**

# (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားတွင် ဆိုင်းဘုတ်ကိုင်အမျိုးသမီး Volunteer များအဖြစ်ပါဝင်ဆောင်ရွက်ရန် ထပ်မံဖိတ်ခေါ်ကမ်းလှမ်းခြင်း

၁။ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံအသီးသီးကိုယ်စားပြုဆိုင်းဘုတ်ကိုင် အမျိုးသမီး ၁၁ ဦးနှင့် ပိတ်ပွဲအခမ်းအနားတွင် အားကစားနည်း ၃၃ နည်း ကိုယ်စားပြုဆိုင်းဘုတ်ကိုင် အမျိုးသမီး ၃၃ ဦးကို Volunteer ကိုယ်တိုင် ဆန္ဒပြုသူအဖြစ် ရွေးချယ်တာဝန်အပ်နှင်းရန်ရှိပါသည်။

၂။ ပထမအကြိမ်ရွေးချယ်ခြင်းမှ ၁၈ ဦး ရွေးချယ်ပြီးနောက် အရန်အပါအဝင် ထပ်မံလိုအပ် ၃၀ ဦးကို ထပ်မံရွေးချယ်ပါမည်။ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် အလှည့်ကျဆောင်ရွက်သော အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားဖြစ်၍ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လူငယ်အမျိုးသမီးများ ပါဝင်ဆောင်ရွက်စေလိုသော စေတနာဖြင့် ဖိတ်ခေါ်ခြင်းဖြစ်ရာ ဆိုင်းဘုတ်ကိုင်အမျိုးသမီးများအဖြစ် Volunteer ဆောင်ရွက်ရန် စိတ်ဝင်စားသူ လူငယ်အမျိုးသမီးများသည် ဖော်ပြပါလိုအပ်သော အရည်အချင်းများနှင့်အတူ စာရင်းသွင်းအရွေးချယ်ခံရန် ဖိတ်ခေါ်ပါသည်-

(က) မြန်မာတိုင်းရင်းသူဖြစ်ရမည်။ (ခ) ရုပ်ရည်ပြေပြစ်ချောမောသူ အပျိုဖြစ်ရမည်။ (ဂ) ခန္ဓာကိုယ်အချိုးအစား ပြေပြစ်သူဖြစ်ရမည်။ (ဃ) အရပ် ၅ ပေ၊ ၄ လက်မရှိရမည်။ (င) အသက် ၁၈ နှစ်မှ ၂၃ နှစ် အတွင်းဖြစ်ရမည်။ (စ) တက္ကသိုလ်ကျောင်းသူ(သို့မဟုတ်)ဘွဲ့ရရှိသူဖြစ်ရမည်။ (သက်ဆိုင်ရာတက္ကသိုလ်၏ ထောက်ခံချက်(သို့မဟုတ်) ဘွဲ့လက်မှတ် မိတ္တူပြနိုင်ရမည်။) (ဆ) အင်္ဂလိပ်ဘာသာစကားအသင့်အတင့် ပြောဆိုနိုင်သူဖြစ်ရမည်။ (ဇ) မြန်မာဆန်သော အသားအရောင်ရှိရမည်။ (ဈ) ဆံပင် အနက်ရောင်ဖြစ်ရမည်။ (ည) ကျန်းမာရေးကောင်းမွန်ရမည်။ ဆိုင်းဘုတ်ကိုင်၍ ပြင်ပမီတာ ၅၀၀ အားကစားကွင်း ပရိသတ်ရှေ့ မီတာ ၃၀၀ အကွာအဝေးကို ကြံ့ကြံ့ခိုင်ခိုင် လမ်းလျှောက်နိုင်ရမည်။ (ဋ) ပြိုင်ပွဲဝင် အားကစားသမားနေရာယူချိန်၊ ဖွင့်ပွဲအစီအစဉ်ဆောင်ရွက်ချိန်ကွင်းအတွင်း လမ်းလျှောက်အချိန်အပါအဝင် စုစုပေါင်း မိနစ် ၆၀ မတ်တတ်ရပ်နိုင်ရမည်။ (ဌ) ပြစ်မှုကင်းရှင်းကြောင်း၊ နိုင်ငံအတွက် Volunteer အဖြစ် ဆောင်ရွက်လိုစိတ်ရှိကြောင်း၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ ထောက်ခံချက်ပါရှိရမည်။ (ဍ) ဖွင့်ပွဲ၊ ပိတ်ပွဲစစ်ကြောင်းများ ပုံမှန်လေ့ကျင့်ချိန်၊ အစမ်းလေ့ကျင့်ချိန် ဝတ်စုံပြည့်လေ့ကျင့်ချိန်များအတွက် လိုအပ်ပါက နေပြည်တော်၌ အခြားကပွဲဝင် ကျောင်းသူကလေးများကဲ့သို့ အခါအားလျော်စွာလာရောက်စခန်းဝင် နေထိုင်လေ့ကျင့်ရမည်။ (ဎ) လာရောက်သည့်စရိတ်၊ နေထိုင်လေ့ကျင့်စဉ် နေထိုင်စားသောက်မှုစရိတ်ကို ဖွင့်ပွဲ၊ ပိတ်ပွဲကော်မတီက ကျခံပါမည်။ (ဏ) လှယဉ်ကျေးမယ်ဝတ်စုံဖြင့် တစ်လအတွင်း ရိုက်ကူးထားသော ၆ လက်မ×၄ လက်မအရွယ်ရှိ ကိုယ်လုံးပေါ်ဓာတ်ပုံ ရှေ့တည့်တည့်တစ်ပုံ၊ ဘေးစောင်းတစ်ပုံနှင့် ၆ လက်မ× ၄ လက်မ အရွယ်ရှိ ရှေ့တည့်တည့်မှ ရိုက်ကူးထားသော ကိုယ်တစ်ပိုင်းပုံတစ်ပုံတို့နှင့်အတူ ပူးတွဲလျှောက်ထားရမည်။

၃။ လျှောက်လွှာများကို အောက်ပါ ရုံး/ပုဂ္ဂိုလ်များထံသို့ ၉-၈-၂၀၁၃ ရက်နေ့ထက် နောက်မကျစေဘဲပေးပို့ရမည်-

(က) ပါမောက္ခချုပ်ရုံး ဦးသန့်ဇင်ဦး၄ာနမှူး(စီမံ/ဘဏ္ဍာ) အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ဒဂုံမြို့သစ်(တောင်ပိုင်း) ရန်ကုန်တယ်လီဖုန်းအမှတ်၀၁-၅၉၀၂၆၃၊ ၀၉-၅၁၂၃၄၅၁၊ (ခ) ညွှန်ကြားရေးမှူးချုပ်ရုံး သမိုင်းသုတေသနဦးစီးဌာန ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ်(၃၅) နေပြည်တော် တယ်လီဖုန်းအမှတ်၀၆၇-၄၀၈၃၈၄၊ (ဂ) မဇူဇူ(Zu Zu Collection) အမှတ်(၃၈/စီ(၁) အင်းလျားလမ်း ရန်ကုန်တယ်လီဖုန်းအမှတ်၀၁-၅၃၇၂၇၅၊ ၀၉-၅၀၁၀၉၈၀၊ (ဃ) မလတ်လတ် (Latt Latt Designer) တိုက်(၆၀) အခန်း(၇) ကမ္ဘာအေးဘုရားလမ်း ပါရမီအိမ်ရာ ရန်ကုန်တယ်လီဖုန်းအမှတ် ၀၁-၆၅၇၁၇၂၊ ၀၉-၅၁၈၇၈၈၅

၄။ ၁၀-၈-၂၀၁၃ ရက်နေ့နှင့် ၁၁-၈-၂၀၁၃ ရက်နေ့တို့တွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)စီမံရေးရာဌာနသို့ လူကိုယ်တိုင်လာရောက်သတင်းပို့ စစ်ဆေးရွေးချယ်မှုခံယူရမည်။ မိမိအစီအစဉ်ဖြင့် မျက်နှာအလှ၊ ဝတ်စုံအလှဆင်မြန်းပြီးဖြစ်ရမည်။ စုစုပေါင်း ၂၆ ဦး၊ အရန်လေးဦးပေါင်း ၃၀ ဦးအား ရွေးချယ်မည်ဖြစ်ပါ၍ နောက်ကျသော လျှောက်လွှာများအတွက် လိုအပ်မှသာ လက်ခံပါမည်။ လျှောက်ထားလိုသူ အမျိုးသမီးငယ်များကို ဖွင့်ပွဲ၊ ပိတ်ပွဲကျင်းပရေးကော်မတီ၊ ယဉ်ကျေးမှုဝန်ကြီးဌာနက လှိုက်လှဲဝမ်းသာစွာ ကြိုဆိုပါသည်။

**ယဉ်ကျေးမှုဝန်ကြီးဌာန**
**ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရန်**
**ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီ**

# မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည့် အလုပ်သမားများအား သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်များတွင် နေရာချထားနိုင်ရေးအတွက် လူတွေ့စစ်ဆေးခံနိုင်ရန် အသိပေးနှိုးဆော်

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသည် မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် နိုင်ငံသားအလုပ်သမားများအား သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်များရရှိရေး ဆောင်ရွက်ပေးလျက်ရှိရာ ၁၉-၆-၂၀၁၃ ရက်နေ့မှစ၍ အလုပ်လာရောက်လျှောက်ထားသူ ၅၇၅ ဦးအနက် အမျိုးသား ၄၂၆ ဦး၊ အမျိုးသမီး ၁၀၄ ဦး စုစုပေါင်း ၅၃၀ ဦးကို အလုပ်ခန့်ထားဆောင်ရွက်ပေးခဲ့ပါသည်။

ဆက်လက်၍လည်း အလုပ်အကိုင်နေရာများအတွက် ဆက်လက်စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ ၂၅-၇-၂၀၁၃ ရက်နေ့နှင့် ၂၆-၇-၂၀၁၃ ရက်နေ့များတွင် နံနက် ၉ နာရီမှစတင်၍ ရန်ကုန်မြို့ ရန်ကင်းမြို့နယ် (၁၃)ရပ်ကွက် မြနန္ဒာလမ်း အမှတ်(၂၉၈)ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ လုပ်သားများလုပ်ငန်းခွင်ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းတွင် ပြည်တွင်းကုမ္ပဏီများ၊ စက်ရုံ၊ အလုပ်ရုံများမှ အလုပ်ခန့်ထားနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်သည့်အတွက် အထက်ဖော်ပြပါလိပ်စာသို့ ဆက်သွယ်သတင်းပေးပို့ လူတွေ့စစ်ဆေးခံနိုင်ရန်နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ အလုပ်သမားများအနေဖြင့်လည်း ဒေသတွင်း အလုပ်အကိုင်နေရာများတွင် လုပ်ကိုင်နိုင်ရေးအတွက်လည်း တိုင်းဒေသကြီး/ပြည်နယ်များတွင် ဖွင့်လှစ်ထားသည့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန(တိုင်းဒေသကြီး/ ပြည်နယ်/ခရိုင်/မြို့နယ်)ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**အလုပ်သမား၊ အလုပ်အကိုင်နှင့်**
**လူမှုဖူလုံရေးဝန်ကြီးဌာန**

## ပြင်ဆင်ဖတ်ရှုပါရန်

ဇူလိုင်၂၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၅ ကော်လံ ၄ ၌ "ကျွန်တေတို့တိုင်းရင်းသားထဲမှာ" အစား "ကျွန်တော်တို့ တိုင်းရင်းသားထဲမှာ" ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**(စာတည်းအဖွဲ့)**




## မိုးလေဝသအခြေအနေ

၂၄-၇-၂၀၁၃

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# တနယ်ဇင်းဝေါဟာရတီထွင်သူနှင့် ပထမမြန်မာတနယ်ဇင်း

## တက္ကသိုလ်တင်ခ

"စာနယ်ဇင်း"ဟူသော ဝေါဟာရသည် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းဟူသော ဝေါဟာရသုံးမျိုးကို စုပေါင်းခေါ်ဝေါ်သော ဝေါဟာရဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

ယင်းဝေါဟာရကို စာရေးဆရာကြီးဦးဗဂျိုင် (တိုးတက်ရေးဦးစိန်)က စစ်ကြိုခေတ်စာနယ်ဇင်းများတွင် တီထွင်အသုံးပြုခဲ့ရာမှ ထင်ရှားလာခြင်း ဖြစ်သည်။

"ကြီးပွားချမ်းသာရေး"စာအုပ်ကို အောင်မြင်စွာထုတ်ဝေခဲ့ပြီးနောက် သုံးနှစ်အကြာတွင် ဆရာကြီးဦးဗဂျိုင်သည် တိုးတက်ရေးမဂ္ဂဇင်းကို စတင်ထုတ်ဝေခဲ့သည်။ ၁၉၃၆ ခုနှစ် ဇွန်လ ၆ ရက် (၁၂၉၈ ခုနှစ် နယုန်လဆုတ် ၃ ရက်) စနေနေ့မှစ၍ ဆရာကြီးသည် တိုးတက်ရေးမဂ္ဂဇင်းအပြင် ဘားမားဂျာနယ်ကို စတင်ထုတ်ဝေခဲ့သည်။

ထို့မှတစ်ဆင့် ၁၉၃၈ ခုနှစ်တွင် ဘားမားဂျာနယ်ကို ရပ်ဆိုင်းပြီး ၁၉၃၈ ခုနှစ် မေ ၃ ရက် (၁၃၀၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၅ ရက်)အင်္ဂါနေ့မှစ၍ ဆရာကြီးဦးဗဂျိုင်သည် တိုးတက်ရေးမဂ္ဂဇင်းကို စတင်ထုတ်ဝေခဲ့သည်။ ဆရာကြီး ဦးဗဂျိုင်သည် လမ်းရိုးလမ်းဟောင်းတွင် ဆင့်ကာထွင်သူဖြစ်သည်။ တိုးတက်ရေးသတင်းစာမထွက်မီကပင် ရန်ကုန်မြို့တွင် ထုတ်ဝေတွင်ကျယ်နေပြီဖြစ်သော သူရိယသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာကြီးနှစ်စောင် ရှိနေပါပြီ။ မြန်မာ့အလင်းသတင်းစာမှာ ရှိုင်ရယ်လေးချိုးအရွယ်အစား (၂၀ × ၂၅) လက်မဖြစ်သည်။ ယခင်က ထုတ်ဝေခဲ့ပြီးသော လောကသာရ သတင်းစာ၊ မဟော်သဓာသတင်းစာ၊ နော်ရထာသတင်းစာ၊ မောရိယသတင်းစာ စသည်တို့သည်လည်း ရှိုင်ရယ်လေးချိုးအရွယ်အစားချည်းသာဖြစ်ပါသည်။ နောက်ပိုင်းတွင် အမြင်များယဉ်ပါးနေပြီဖြစ်သော ရှိုင်ရယ်လေးချိုးအရွယ်အစားမှ စတင်လမ်းထွင်ကာ ကရောင်းလေးချိုးအရွယ်အစား (၁၅×၂၀) လက်မသို့ ပြောင်းလဲပစ်ခဲ့သည်။

သတင်းစာမျက်နှာကိုပါ တီထွင်လိုက်ပြန်သည်။ ယခင်သတင်းစာကြီးများကဲ့သို့ သုံးကော်လံမဟုတ်ဘဲ လေးကော်လံခွဲကာ တီထွင်လိုက်ရာ မျက်စိအမြင်အသွင်ပြောင်းလဲသွားစေခဲ့သည်။ တိုးတက်ရေးအမည်အတိုင်း တိုးတက်ပြောင်းလဲစေခဲ့သူဖြစ်သည်။ ဤသို့ တီထွင်ထုတ်ဝေသည်သာမက တိုးတက်ရေးသတင်းစာသည် စက်ဘီးစီးသွားရင်း ဖတ်နိုင်သော သတင်းစာအရွယ်ဖြစ်ကြောင်း ကြော်ငြာမောင်းခတ်သလို ပြည်သူကို အသိပေးကြေညာခဲ့သည်။ ဤကြော်ငြာနှင့် ပူးတွဲလျက် တိုးတက်ရေးသတင်းစာကို လေးကော်လံအတိုင်း လေးချိုးချိုးပြီး စက်ဘီး၏ လက်ကိုင်၌ ညှပ်ကာ စက်ဘီးစီးရင်းသတင်းစာဖတ်သွားသော လူတစ်ယောက်၏ပုံကို ဖော်ပြခဲ့သည်။ ထိုခေတ်ထိုအခါက သတင်းစာပရိသတ်အကြိုက် စိတ်ဓာတ်ကို ရိုက်ခတ်လှုပ်ရှားထင်ရှားသွားစေခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးခါစတွင် ရန်ကုန်မြို့၌ သူရိယသတင်းစာ၊ မြန်မာ့အလင်းသတင်းစာ၊ ဒီးဒုတ်ဂျာနယ်၊ ဂျာနယ်ကျော် စသည်တို့ ပြန်လည်ထုတ်ဝေခဲ့ရာ ဆရာကြီး ဦးဗဂျိုင်သည် ၁၉၄၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက် (၁၃၀၇ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်) စနေနေ့မှစ၍ တိုးတက်ရေးဂျာနယ်ကို ပြန်လည်ထုတ်ဝေခဲ့သည်။

လွတ်လပ်ရေးရပြီးနောက်တွင်မူ ဦးဗဂျိုင်သည် တိုးတက်ရေးဂျာနယ်အဖြစ်မှ တိုးတက်ရေးသတင်းစာကို တစ်ဖြစ်လဲပြောင်းလဲထုတ်ဝေခဲ့ရာ ၁၉၅၄ ခုနှစ်တိုင်သည်အထိ တည်ရှိခဲ့သည်။ ခေတ်မီတိုးတက်ပြောင်းလဲနိုင်သော တိုးတက်ရေးဦးစိန်ဟု ခေါ်ရမည်ဖြစ်ပါသည်။ တိုးတက်ရေးဦးစိန်သည် တိုးတက်ခေတ်မီသည်မှာ ယခုခေတ်သစ်တိုင်အောင် စွမ်းဆောင် ကြိုးပမ်းနိုင်ခဲ့သည်ကို လေ့လာသိရပါသည်။

မြန်မာနိုင်ငံ၌ ၁၈၃၆ ခုနှစ်တွင် တနင်္သာရီတိုင်းမင်းကြီးဖြစ်သူ မစ္စတာဗလန်ဒယ်က ရှေးဦးပထမမြန်မာဘာသာဖြင့် သတင်းစာတစ်စောင်ထုတ်ဝေခဲ့ကြောင်းကို သူ၏အစီရင်ခံစာအရ သိရပါသည်။ သတင်းစာသည် မော်လမြိုင်မြို့မှ ထွက်ခဲ့ကြောင်း သိရသော်လည်း သတင်းစာ၏အမည်နှင့် ထုတ်ဝေသောရက်စွဲတို့ကို မသိရပါ။

အထောက်အထားခိုင်မာစွာဖြင့် သိရသော ပထမမြန်မာသတင်းစာမှာ ၁၈၄၃ ခုနှစ်တွင် မြန်မာဘာသာဖြင့် စတင်ထုတ်ဝေသည်။ မော်လမြိုင်မှ "ဓမ္မသီတင်းစာ"ပင် ဖြစ်သည်။ ယင်းသတင်းစာကို စတင်ထုတ်ဝေသူမှာ အမေရိကန်သာသနာပြုဆရာ ယုဒသန်ပင်ဖြစ်ပါသည်။ ဆရာယုဒသန်သည် မော်လမြိုင်မြို့၌ အမေရိကန်သာသနာပြုဌာနဖွင့်လှစ်ပြီးနောက်တွင် မြန်မာဘာသာဖြင့် "ဓမ္မသီတင်းစာ"ကို စတင်ထုတ်ဝေခဲ့ခြင်းဖြစ်ပါသည်။

ယင်းသတင်းစာတွင် "သတင်းစာ"ဟု စာလုံးမပေါင်းဘဲ "သီတင်းစာ" စာလုံးပေါင်းသည်။ သတင်းစာအရွယ်မှာ ၁၅ ဒသမ ၂၅လက်မ× ၈ ဒသမ ၅လက်မဖြစ်၍ တစ်လတစ်ကြိမ်ထုတ်ဝေပါသည်။ သတင်းစာတစ်စောင်လျှင် စာမျက်နှာ ၁၂ မျက်နှာပါရှိ၍ စာမျက်နှာများကို နံပါတ်စဉ်အလိုက် တပ်ထားရာ ၁၂ လရောက်သောအခါ စာမျက်နှာ ၁၄၄ မျက်နှာရှိလာပါသည်။ ယင်းသတင်းစာတွင် သာသနာရေးသတင်းများ၊ ပုံပြင်များ၊ နေကြတ်လကြတ်မည့်အကြောင်းများ၊ သိပ္ပံပညာရပ်များနှင့် လစဉ်အင်္ဂလိပ်-မြန်မာ ပြက္ခဒိန်များပါရှိပါသည်။

"ဂျာနယ်"ဟူသော ဝေါဟာရမှာ အင်္ဂလိပ်ဝေါဟာရမှ အသံလှယ်ထားခြင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် "ဂျာနယ်"ဟူသော မြန်မာ့ဝေါဟာရကို သုံး၍ ရှေးဦးပထမခုနစ်ရက်တစ်ကြိမ် စတင်ထုတ်ဝေခဲ့သော ဂျာနယ်မှာ "မြန်မာ့ဗျူဟာဂျာနယ်"ဖြစ်သည်။ ယင်းဂျာနယ်ကို ဗျူဟာသခင်အမည်ခံ စာရေးဆရာ ဦးခင်မောင်က တည်ထောင်ကာ ရွှေဥဒေါင်း၊ ဦးဘသန်းနှင့် ရွှေတလဲတို့ဦးစီး၍ ၁၉၁၉ ခုနှစ် ဒီဇင်ဘာ ၁၃ ရက် စနေနေ့တွင် စတင်ထုတ်ဝေခဲ့ပါသည်။ ဂျာနယ်အဖုံးတွင် "မြန်မာ့ဗျူဟာ" ဟုသာ ရေးထား၍ ဂျာနယ်အတွင်းခေါင်းစဉ်များတွင် "မြန်မာ့ဗျူဟာဂျာနယ်"ဟု စာမျက်နှာတိုင်းတွင် ဖော်ပြထားသည်။ အရွယ်မှာ ဒီမိုင်းလေးချိုးအရွယ် ၁၇ လက်မခွဲ× ၂၂ လက်မခွဲ ဖြစ်၍ တန်ဖိုးမှာ လေးပဲဖြစ်သည်။

ယင်းဂျာနယ်တွင် "ခေါင်းကြီးပိုင်း" ဒေါင်းရွှေဥ၏ "ဒိုင်ယာရီမှတ်တမ်း"၊ အမျိုးသမီးများအတွက် မစ္စတာမောင်မှိုင်း၏ ဆောင်းပါးကဏ္ဍ၊ ရွှေဥဒေါင်း၏ "မေတ္တာစစ်အနှစ်တစ်ရာ" အခန်းဆက်ဝတ္ထု၊ "မသိန်းမြင့်နှင့် မသိန်းလှဝတ္ထု"၊ စနေပတ်အတွင်း အရေးကြီးသောသတင်းများ စသည်ဖြင့် ပါရှိပါသည်။

မြန်မာဘာသာဖြင့် ရှေးဦးပထမထုတ်ဝေခဲ့သောမဂ္ဂဇင်းမှာ "မြန်မာ့မဂ္ဂဇိန်" ပင်ဖြစ်သည်။ ယင်းမဂ္ဂဇင်းကို ၁၉၁၁ ခုနှစ်မတိုင်မီက ပြည်မြို့မှ ကျောင်းဆရာကြီးဦးမောင်မောင် စတင်ထုတ်ဝေသည်ဟု သိရသော်လည်း အထောက်အထားအခိုင်အမာမတွေ့ရပါ။ အထောက်အထားခိုင်လုံစွာဖြင့် သိရသော မြန်မာဘာသာဖြင့် ရှေးဦးပထမထုတ်ဝေသည့် မဂ္ဂဇင်းသည် "ရတနာပုံမဂ္ဂဇိန်"ပင်ဖြစ်ပါသည်။ ယင်းမဂ္ဂဇင်းကို ၁၉၁၁ ခုနှစ် ဧပြီလတွင် မန္တလေးမြို့မှ စတင်ထုတ်ဝေခဲ့၍ "မဂ္ဂဇင်း" ဟူသော အင်္ဂလိပ်ဝေါဟာရကို "မဂ္ဂဇိန်"ဟု အသံလှယ်ထားပါသည်။

သို့ရာတွင် မြန်မာ့မဂ္ဂဇိန်နောက်မှ ထုတ်ဝေသော မြန်မာ့အလင်းမဂ္ဂဇင်း (၁၉၁၂ ခုနှစ် ဇန်နဝါရီ)မှစ၍ သူရိယမဂ္ဂဇင်း(၁၉၁၇ခု၊မတ်လ)၊ စီပီမဂ္ဂဇင်း (၁၉၁၇ ခု၊ ဇူလိုင် ၁၅)၊ မြန်မာ့ဗျူဟာမဂ္ဂဇင်း(၁၉၁၉)၊ ဒဂုံမဂ္ဂဇင်း (၁၉၂၀ ခု၊ စက်တင်ဘာ)၊ ဂန္ထလောကမဂ္ဂဇင်း(၁၉၂၅ ခု၊ ဖေဖော်ဝါရီလ)၊ လန်ဒန်အတ်မဂ္ဂဇင်း (၁၉၂၅ခု၊ စက်တင်ဘာ)၊ ခေတ်ပြိုင်ချစ်စရာမဂ္ဂဇင်း (၁၉၂၆ခု၊ ဇန်နဝါရီ)၊ မြန်မာ့ရုပ်ရှင်မဂ္ဂဇင်း (၁၉၂၇) စသည်တို့တွင် မဂ္ဂဇင်းဟူသောဝေါဟာရကို တစ်သမတ်တည်းသုံး၍ လာခဲ့ပါသည်။

မဂ္ဂဇင်းအရွယ်သည် ဒါဘယ်ကရောင်း ရှစ်ချိုးဖြစ်၍ စာမျက်နှာ ၂၄ မျက်နှာပါရှိသည်။ ပါဝင်သော အကြောင်းအရာများမှာ ရတနာပုံမဂ္ဂဇိန်အကြောင်းအရာနိဒါန်း၊ မဟာသကြံန်စာ၊ ကဗျာများ၊ သန်းခေါင်စာရင်း၊ ပညာရေး၊ ဘာသာရေး၊ သိမှတ်ဖွယ်ရာ၊ အီဂျစ်နိုင်ငံအကြောင်း၊ အာရပ်နိုင်ငံများအကြောင်း၊ သံဝေဂ(ရှစ်ပါး)၊ နာ(၅)ပါး၊ ဆေးရှာလကာရည်တည်နည်း၊ အလောင်းမင်းတရားအကြောင်းတို့ ဖြစ်ပါသည်။ ယင်းမဂ္ဂဇင်းကို မန္တလေးရတနာပုံနေပြည်တော်အနောက်မျက်နှာ၊ ပြည်ကြီးကျက်သရေရပ်၊ ၂၃၊ လေဒင်လမ်းရှိ(ချာနီယာ)စာပုံနှိပ်တိုက်က ရိုက်နှိပ်ထုတ်ဝေကြောင်း တွေ့ရပါသည်။

# ဝါဆိုပန်း ဆက်ကပ်လှူဒါန်း

**ကျောက်မဲ ဇူလိုင် ၂၄**

ကျောက်မဲမြို့ ဈေးဓမ္မာရုံဝတ်အသင်းကြီးကကြီးမှူးပြီး (၈၃)ကြိမ်မြောက် မြို့လုံးကျွတ် ဝါဆိုပန်းကပ် လှူဒါန်းပွဲတော်ကြီးကို ဇူလိုင် ၂၃ ရက် နံနက် ၁၁ နာရီက အဆိုပါ ဓမ္မာရုံကြီး၌ ကျင်းပရာ တန်ဖိုးငွေကျပ်သိန်း ၂၀၀ ကျော်ဖိုးရှိ လှူဖွယ်ပစ္စည်းဝတ္ထုငွေများကို ကျောက်မဲမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၃၇ ကျောင်းတို့မှ ဝါဆိုဝါကပ်တော်မူကြမည့် ဆရာတော်၊ သံဃာတော်များအား ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ **(ဝ၉ဝ)**




# ပုလဲသွယ်(၂) မျိုးစေ့ထုတ် ကောက်စိုက်ပျိုး

**လားရှိုး ဇူလိုင် ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့နယ် ဟူးမွန်ကွင်းရှိ ဒေါ်ရန် ကျောင်းလယ်မြေတွင် ပုလဲသွယ်(၂) မျိုးစေ့ထုတ် တစ်ဧကကောက်စိုက်ပွဲကို ဇူလိုင် ၂၃ရက် နံနက် ၁၀နာရီက ကျင်းပသည်။ အဆိုပါစိုက်ပျိုးပွဲတွင် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူးက စပ်မျိုးထုတ်လုပ်ရခြင်း၏ ရည်ရွယ်ချက်ကိုလည်းကောင်း၊ ခရိုင်ဦးစီးမှူးက အဖို၊ အမပန်းပွင့်ချိန် ကိုက်ညီရန် ဆောင်ရွက်ထားမှုကိုလည်းကောင်း၊ မြို့နယ်ဦးစီးမှူးက လက်ရှိ ဆောင်ရွက်ထားရှိမှုကို လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ပုလဲသွယ်(၂)မျိုးစေ့ထုတ် လုပ်ငန်းကို ရှမ်းပြည်နယ် (မြောက်ပိုင်း) တွင် ၁၂ ဧက ဆောင်ရွက်မည်ဖြစ်ပြီး လားရှိုးခရိုင်က လေးဧက ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကလေး-ကလေးဝလမ်းပိုင်းရှိ ရေနံချောင်းနှင့် ဝါးရဲချောင်းတံတား သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်မည်

**ကလေး ဇူလိုင် ၂၄**

ကလေး-ကလေးဝ လမ်းပေါ်ရှိ ဝါးရဲချောင်းတံတားနှင့် ရေနံချောင်းတံတားကို ယခုဘဏ္ဍာရေးနှစ်တွင် ပြန်လည် တည်ဆောက်မည်ဖြစ်ကြောင်း တံတားအထူး(၁၁)မှ အင်ဂျင်နီယာ ဦးဌေးဝင်း၏ ပြောပြချက်အရ သိရသည်။ ဝါးရဲချောင်းတံတားနှင့်ပတ်သက်၍ ကလေးဝမြို့ ဒေသခံ ဦးမြင့်ကျော်က ပြောကြားရာတွင် "ဝါးရဲချောင်းတံတားသာ အခုမိုးရာသီ ပျက်စီးခဲ့ရင် ကလေးဝမြို့အတွက် ကားလမ်းဆက်သွယ်မှု ပြတ်တောက်သွားနိုင်ပါတယ်။ လမ်းလွှဲကလည်း ဖောက်လို့မရပါဘူး၊ ဟိုဘက် ဒီဘက်ရေအပြည့်နှင့် ဘယ်လိုမှ ကွင်းလမ်းဖောက်လို့ မရပါဘူး"ဟု ပြောကြားသည်။

အိန္ဒိယ-မြန်မာ ချစ်ကြည်ရေး လမ်းမကြီး၏ အစိတ်အပိုင်းဖြစ်သော ကလေး-ကလေးဝ လမ်းပိုင်းတွင် အရှည်ဆုံး တံတားနှစ်စင်းဖြစ်သည့် ကလေးဝမြို့နှင့် ငါးမိုင်နှင့် ၁၂ မိုင် အကွာအဝေးရှိ သံပေါင်ဘေလီတံတား နှစ်စင်းကို သံကူကွန်ကရစ်တံတားများ အဖြစ် ယခု ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်သွားမည် ဖြစ်ကြောင်း သိရသည်။

"ရေနံချောင်းနားက တံတားနဲ့ သစ်ချောက်နားက ဝါးရဲချောင်းတံတား အဲဒီနှစ်စင်းကို ယခုနှစ်ပွင့်လင်းရာသီမှာ သံကူကွန်ကရစ်တံတား အဖြစ် ပြန်လည်ပြုပြင်သွားမှာ ဖြစ်ပါတယ်၊ ပြင်ဆင်ဖို့ မြေစမ်းသပ်ထားပြီးဖြစ်လို့ မိုးကုန်တာနဲ့ ဆောက်သွားမှာဖြစ်ပါတယ်။ ကုန်ကျစရိတ်ကို စာရင်းတွက်ချက်ပြီး တင်ပြထားပါတယ်"ဟု ဦးဌေးဝင်းက ပြောကြားသည်။

ကလေး-ကလေးဝ လမ်းဘေးရှိ တံတားများသည် ၁၉၉၀ ပြည့်နှစ်ဝန်းကျင်က တံတားများဖြစ်၍ ယခုအခါ ကြံ့ခိုင်မှု အားနည်းလျက်ရှိကာ ၁၃ တန်အထက်ယာဉ်များ ဖြတ်သန်းသွားလာခြင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ပိတ်ထားသည်။

၁၃တန်အထက် ကျော်သော ကုန်တင်ကားကြီးများသည် ရှောင်ကွင်းလမ်းမှ သွားလာနေရပြီး တချို့ကားများ မကြာခဏ ကျွံကျမှုများ ဖြစ်ပေါ်လျက်ရှိသည်။ အဆိုပါ လမ်းပိုင်းသည် မန္တလေးမြို့နှင့် အိန္ဒိယနိုင်ငံ အင်ဖာရ်မြို့အထိ တိုက်ရိုက် ဘတ်စ်ကားလိုင်းပြေးမည့် ကုန်သွယ်ရေးလမ်းကြောင်းဖြစ်ပြီး အဆိုပါ လမ်းပိုင်းရှိ လမ်းနှင့်တံတားများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အိန္ဒိယက အကုန်အကျခံ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဒေသတွင်း သတင်းများအရ သိရသည်။ **သျှင်နေမင်း**

# ဒေးဒရဲ၌ ပြည်တော်သာလမ်း ဖောက်လုပ်

**ဖျာပုံ ဇူလိုင် ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်၏ ပြည်တော်သာလမ်းသည် ကျေးလက်ဒေသများနှင့် ဒေးဒရဲမြို့သို့ ကုန်စည်သယ်ယူပို့ဆောင်ရာ အဓိကအားထားရသည့် လမ်းဖြစ်ကာ အရှည် ခုနစ်ဖာလုံခန့်ရှိပြီး မြို့နေပြည်သူများအပြင် အထက(၂)နှင့် အမကကျောင်းတို့၏ ကျောင်းသားကျောင်းသူများ အသုံးပြုသွားလာနေသည့်လမ်းဖြစ်သည်။ အဆိုပါ ပြည်တော်သာလမ်းသည် နာဂစ်သဘာဝဘေးအန္တရာယ်ကျရောက်ပြီးသည့်နောက်ပိုင်း ယခုအချိန်အထိ ငါးနှစ်ကျော်ကာလအတွင်း အချိန်ကာလအတန်ကြာ ပျက်စီးနေပြီး ဗွက်ထူသောလမ်းအဖြစ်တည်ရှိနေသဖြင့် ယခုအခါ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ မတည်ထည့်ဝင်ငွေ၊ ပြည်သူပူးပေါင်းထည့်ဝင်ငွေများဖြင့် ဇူလိုင်လ ပထမပတ်မှ စတင်ဖောက်လုပ်နေရာ **(ယာပုံ)**ယနေ့အချိန်အထိ ကွန်ကရစ်လမ်း၏ ၉၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ဖောက်လုပ်**

ဒေးဒရဲမြို့နယ် ပြည်သူများ စီးပွားဖွံ့ဖြိုးမှု အားကောင်းလာစေရန်အတွက် လမ်းပန်းဆက်သွယ်ရေး၏ အဓိကမြို့တွင်းလမ်းဖြစ်သည့် ပြည်တော်သာလမ်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုငွေကျပ် ၃၀၆သိန်းကျော်နှင့် အရှည် ၁၆၃၇ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခုနစ်လက်မ ဖောက်လုပ်ပေးနေခြင်းကို ပြည်သူပူးပေါင်းထည့်ဝင်ငွေဖြင့် လမ်းအကျယ် တစ်ပေစီတိုးချဲ့၍ အကျယ် ၁၄ ပေ ဖောက်လုပ်နိုင်ပြီး ဆက်လက်၍ လမ်းအရှည် ပေ ၈၀ ကို ပြည်သူများက ကိုယ့်အားကိုယ်ကိုး ဖောက်လုပ်မည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ**



ပြည်သူ့လွှတ်တော်အစည်းအဝေး

# ကြိုတင်ဝင်ငွေခွန်အား ပို့ကုန်နှင့် သွင်းကုန်အပေါ် ပေးသွင်းစေခြင်းသည် အခွန်လွတ်ကင်းမှုမရှိစေရေးအတွက်ရည်ရွယ်

**နေပြည်တော် ဇူလိုင် ၂၄**

၁၉၆၇ ခုနှစ်တွင် မြန်မာ-အိန္ဒိယ နယ်နိမိတ်စာချုပ်ကို ချုပ်ဆိုခဲ့ပြီးအောင် နိမိတ်စစ်ဆင်ရေးဖြင့် အဆင့်(၇)ဆင့်ခွဲကာ တိုင်းတာရေးဆောင်ရွက်ခဲ့ရာ ၁၉၇၅ ခုနှစ်၌ ပြီးစီးခဲ့ပါကြောင်း၊ မြန်မာ-အိန္ဒိယ-တရုတ်သုံးပွိုင့်ဆိုင်နေရာမှာ အိန္ဒိယ-တရုတ် နယ်နိမိတ် အရေးကိစ္စကြောင့် တိုင်းတာမှုပြီးပြတ်ခြင်း မရှိသေးပါကြောင်း၊ တိုင်းတာပြီးစီးခဲ့သည့် မြန်မာ-အိန္ဒိယ



ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ လင်းအောင်ဖြေကြားစဉ်။

(သတင်းစဉ်)

နယ်နိမိတ်အရှည်မှာ ၉၀၇ မိုင်ခန့်ဖြစ်ပါကြောင်းဖြင့် ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပသည့် ပထမအကြိမ်ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့၌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသန့်ကျော်က မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန်၏ **မြန်မာနိုင်ငံနယ်နိမိတ်ကို အမြန်ဆုံးပြန်လည်တိုင်းတာ အတည်ပြုပေးရန်** မေးခွန်းနှင့် စပ်လျဉ်း၍ ဖြေကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးက မြန်မာဘက်ရှိ ကလေး-တမူး ကားလမ်းဟောင်းသည် မူလကပင် အိန္ဒိယပိုင်မြေအတွင်းရောက်ရှိနေသဖြင့် ယင်းနယ်မြေရရှိရေးအတွက် ၁၉၈၀ ပြည့်နှစ်၌ ကျင်းပခဲ့သည့် နှစ်နိုင်ငံမြေတိုင်းညွှန်ကြားရေးမှူးချုပ်အဆင့်အစည်းအဝေးတွင် မြေအပေးအယူပြုလုပ်ရန် သဘောတူညီချက်တစ်ရပ်ကို ညှိနှိုင်းခဲ့ပါကြောင်း၊ သို့သော် ၄င်းမြေနေရာကိုရရှိရန် သေချာမှုမရှိသဖြင့် ကလေး-တမူးလမ်းအား နယ်နိမိတ်နှင့် လွတ်အောင် မိမိတို့ပိုင်နယ်မြေအတွင်း ဖောက်လုပ်ခဲ့ပါကြောင်း၊ မှတ်တိုင်ဟောင်းများကို အိန္ဒိယဘက်မှ တစ်ဖက်သတ်စိုက်ထူ၍ မရနိုင်ပါကြောင်း၊ ယင်းမှတ်တိုင်များ၏ ကိုဩဒိနိတ်(Coordinate)များရှိသောကြောင့် နှစ်ဖက်ပူးတွဲတိုင်းတာရာတွင် အဆိုပါ ကိန်းဂဏန်းများပေါ် မူတည်၍ မူလနေရာတွင် ပြန်လည်စိုက်ထူရန် ဆောင်ရွက်နိုင်ပါကြောင်း၊ မြန်မာ-တရုတ်နယ်နိမိတ်မြစ်ဖြစ်သည့် ရွှေလီမြစ်သည် နယ်နိမိတ်တိုင်းတာမှုပြီးစီးသတ်မှတ်ပြီး ဖြစ်ပါကြောင်း၊ မြန်မာ-ထိုင်းနယ်နိမိတ်ရှိ သောင်းရင်းမြစ်တွင်အရှေ့ဘက်ကမ်းသည် ထိုင်းနိုင်ငံပိုင်ဖြစ်ပြီး အနောက်ဘက်ကမ်းသည် မြန်မာပိုင်ဖြစ်သည်ဟု နယ်နိမိတ်စာချုပ်တွင် ဖော်ပြထားခြင်း မရှိပါကြောင်းဖြင့် ဆက်လက်ဖြေကြားခဲ့သည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး၏ **သွင်းကုန်/ပို့ကုန်လုပ်ငန်းရှင်များအပေါ် ၂ ရာခိုင်နှုန်းကြိုတင်ဝင်ငွေခွန်ကောက်ခံခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က ကြိုတင်ဝင်ငွေခွန်အား ပို့ကုန်နှင့်သွင်းကုန်အပေါ် ပေးသွင်းစေခြင်းသည် အခွန်လွတ်ကင်းမှုမရှိစေရေးအတွက် ရည်ရွယ်သည့်အပြင် အခွန်ဆိုင်ရာလိုက်နာမှု ပိုမိုရရှိလာစေရေး၊ ကုန်စည်တင်ပို့ တင်သွင်းသည့် အကြိမ်တိုင်းအခွန်ကို အလီလီပေးဆောင်ခွင့်ရရှိသဖြင့် အခွန်တာဝန်ကို ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ သက်သောင့်သက်သာ ပေးသွင်းနိုင်စေရေးနှင့် ဥပဒေပြဋ္ဌာန်းချက်အတိုင်း ဝင်ငွေရရှိချိန်တွင် အခွန်ပေးဆောင်စေသည့် အလေ့အကျင့်ကောင်းရရှိစေခြင်းနှင့် ကိုယ်တိုင်အခွန် စည်းကြပ်မှုစနစ်အတွက် အလေ့အကျင့်ရရှိစေရေး ရည်ရွယ် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

ထို့ပြင် ဝင်ငွေခွန်ဥပဒေပါပြဋ္ဌာန်းချက်များကို ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပုဒ်မ ၅၁ (ခ) အရ လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများ



**ဒဂုံမြို့သစ် (မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး။**

ကို ထုတ်ပြန်နိုင်သည်ဟု ပြဋ္ဌာန်းထားသည့်အတွက် ယင်းအပ်နှင်းချက်အရ အခွန်စီမံခန့်ခွဲမှု (Tax Administration) အနေဖြင့် ကြိုတင်ခွန်ကောက်ခံခြင်း ဖြစ်ပါကြောင်း၊ ကုန်သွယ်လုပ်ငန်းခွန်အလေအလွင့်မရှိဘဲ ကောက်ခံရရှိရေးအတွက် ပြည်ပမှ ပစ္စည်းတင်သွင်းသူက ပေးဆောင်ရမည့်အခွန်ကို အကောက်အခွန်ကောက်ခံသည့်နည်းလမ်းများအတိုင်း အကောက်ခွန်နှင့် တစ်ပါတည်း အကောက်ခွန်ဦးစီးဌာနက ကောက်ခံပေးရမည်ဟု ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (င)၌ ပြဋ္ဌာန်းထားပြီး ယင်းပြဋ္ဌာန်းချက်နှင့်အညီ ကောက်ခံလျက် ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးက "အန်တီ့အနေနဲ့ တိုင်းပြည်အတွက် အခွန်များများရဖို့ မှန်ကန်တဲ့ အခွန်ဝင်ရောက်ရာ လမ်းကြောင်းတွေက ရရှိလာမှာကို ကြိုဆိုပါတယ်။ ဒါပေမယ့် အများစုသောဝန်ထမ်းတွေရဲ့ လုပ်ထုံးလုပ်နည်းပိုင်းဆိုင်ရာ အားနည်းချို့ယွင်းမှုတွေကနေ အခွန်ဝင်ငွေထိခိုက်မှာစိုးရိမ်တဲ့အတွက် တင်သွင်းရခြင်းဖြစ်ပါတယ်။ ဒုတိယဝန်ကြီးရဲ့ ဖြေကြားမှုအပေါ် အန်တီ့အမြင်ကတော့ အယူအဆ မတူညီသေးဘူးလို့ မြင်မိပါတယ်။ နိုင်ငံရဲ့စီးပွားရေး ဖော်ဆောင်မှုမှာ အခွန်များများဝင်ရမှာဖြစ်ပြီး အသုံးစရိတ်ကိုအနည်းဆုံး လျှော့ချဖို့ လိုအပ်ပါတယ်"ဟု ပြောပြခဲ့သည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်က အတည်ပြုချက်ဖြင့် ပေးပို့ခဲ့သော မြစ်ကျဉ်းသွားလာမှုအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခဲ့သည်။

ယနေ့ လွှတ်တော်အစည်းအဝေးတွင် ဝန်ထမ်းအိမ်ရာကိစ္စ၊ ရေရရှိရေးကိစ္စ၊ ဒေသဖွံ့ဖြိုးရေးအတွက် ဘတ်ဂျက်သုံးစွဲမှုနှင့် အများပြည်သူများနှင့် သက်ဆိုင်သည့် မေးခွန်းများကိုလည်း မေးမြန်းဖြေကြားခြင်းများ ပြုလုပ်ခဲ့သည်။

မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မေးခွန်းများ မေးမြန်းဖြေကြားရာတွင် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းရမည်ဖြစ်ပြီး ဖြေကြားရာတွင်လည်း လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ဖြေကြားရမည်ဖြစ်ကြောင်းကိုလည်း အစည်းအဝေး၌ ပြောကြားခဲ့သည်။

ယင်းသို့ မဆောင်ရွက်ခြင်းဖြင့် တိုက်ရိုက်မေး၊ တိုက်ရိုက်ဖြေပါက အခြားမလိုအပ်သော ကိစ္စရပ်များရှိနိုင်သည့်အတွက် ယခုစနစ်ကို မိမိတို့နိုင်ငံ၌ မကျင့်သုံးမီ အခြားနိုင်ငံများ၌ ကျင့်သုံးခဲ့သည်ဆိုသည်ကို လွှတ်တော်ကိုယ်စားလှယ်များ လက်ခံဆောင်ရွက်ရန်လိုကြောင်းဖြင့်လည်း ပြောကြားခဲ့သည်။ ယနေ့အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# မြိတ်-တနင်္သာရီလမ်းပိုင်းအား ၂၀၁၃- ၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ လုပ်ငန်းများဆက်လက်ဆောင်ရွက်မည်

**နေပြည်တော် ဇူလိုင် ၂၄**

ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ကို ယနေ့တွင် အစီအစဉ် (၁၀) ခုဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရေးရာကော်မတီများနှင့် လွှတ်တော်အုပ်ချုပ်မှု မူဝါဒဆိုင်ရာလုပ်ငန်း ညှိနှိုင်းရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် အဖွဲ့တွင်ပါဝင်သည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြပြီး အတည်ပြုသည်။

အဆိုပါအဖွဲ့ကို လွှတ်တော်၏ အုပ်ချုပ်မှုကိစ္စရပ်များ၊ ကော်မတီအသီးသီး၏ လုပ်ငန်းကိစ္စများကို လေ့လာသိရှိပြီး စုပေါင်းညှိနှိုင်း တာဝန်ယူ၍ လွှတ်တော်ဥက္ကဋ္ဌကို အထောက်အကူပြုရန်အတွက် ဖွဲ့စည်းခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီများ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ပြင်ဆင်ဖွဲ့စည်းမည့် ကော်မတီများတွင်ပါဝင်သည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့၏ အမည်စာရင်းကို လွှတ်တော်သို့တင်ပြပြီး အတည်ပြုသည်။

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ



ဆောက်လုပ်ရေးဝန်ကြီး ဌာန ဒုတိယ ဝန်ကြီး ဦးစိုးတင့် ဖြေကြားစဉ်။

(သတင်းစဉ်)

ဦးတင်ရွှန်၏ တနင်္သာရီတိုင်းဒေသကြီး မြိတ်- တနင်္သာရီ ပြည်ထောင်စုလမ်း ၅၀ မိုင် ၅ ဖာလုံရှိသည့်အနက် ကတ္တရာလမ်းခင်းပြီး ၁၈ မိုင် ၃ ဖာလုံအပြင် ကျန်ရှိသည့် ကျောက်လမ်း-မြေသားလမ်း ၃၂ မိုင် ၂ ဖာလုံအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ကတ္တရာခင်းခြင်း အပြီးအစီးလုပ်ကိုင်နိုင်ရန်အတွက် ဖြည့်စွက်ရန်ပုံငွေချထားပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၀၇၁ သန်းရရှိပြီး မိုင် (၁၄/၄)မှ (၁၅/၄)ထိ ၁ မိုင်၊ မိုင် (၃၃/၅) မှ (၃၄/၅)ထိ ၁ မိုင် စုစုပေါင်း(၂) မိုင်အား မူလ ၁၂ ပေ အကျယ် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းနှင့် မိုင် (၃၃/၅)မှ (၅၀/၅)ထိ ၁၇ မိုင်အတွင်း ၄၀ ပေအကျယ်လမ်း တာပေါင်ချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

မြိတ်-တနင်္သာရီ လမ်းပိုင်းအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်းခင်းခြင်းနှင့် တံတားရေပြွန်များဆောင်ရွက်ရန် ပြည်ထောင်စု ငွေလုံးငွေရင်းဖြည့်စွက်ရန်ပုံငွေ တင်ပြတောင်းခံကာ ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၈)မှ ဦးဟာရှိန်းဘွေ၏ မင်းတပ်မြို့မှ ပန်အော့ရွာ၊ လိုယောရွာ၊ ကြန်အိမ်နူး၊ ကြာလေလှိုင်း၊ လွှာ၊ မလိုင်ရွာအထိ ကိုယ့်အားကိုယ်ကိုး ဆိုင်ကယ်လမ်းကို ဂျစ်ကားလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက ပြန်လည်ဖြေကြားရာတွင် အဆိုပါလမ်းမိုင် ၂၀ အနက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတွင် ပန်အော့-ကြာလေလှိုင်း (၃) မိုင်ကျောက်ခင်းခြင်းအတွက် ရန်ပုံငွေ ၁၇၃ ဒသမ ၈၅ သန်း ခွင့်ပြုခဲ့ပါကြောင်း။

အဆိုပါ ခွင့်ပြုရန်ပုံငွေနှင့်စပ်လျဉ်း၍ ချင်းပြည်နယ်အစိုးရအဖွဲ့မှ ပန်အော့-ကြန်အိမ်နူး-ကြာလေလှိုင်းလမ်းအရှည် ၁၂ မိုင် မြေလမ်းဖောက်လုပ်ရေးလုပ်ငန်းသို့ ရန်ပုံငွေခေါင်းစဉ်ပြောင်းလဲဆောင်ရွက်ခွင့်ပြုရေးအတွက် ညှိနှိုင်း အကြောင်းကြားလာခဲ့ပါသဖြင့် ပန်အော့ - ကြာလေလှိုင်း ၃မိုင် ကျောက်ခင်းခြင်း လုပ်ငန်းအစား ပန်အော့-ကြန်အိမ်နူး-ကြာလေလှိုင်း လမ်း အရှည်(၁၂)မိုင် မြေလမ်းဖောက်လုပ်ရေးလုပ်ငန်းသို့ ပြောင်းလဲဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ အဆိုပါ မင်းတပ်မြို့နယ် ပန်အော့ရွာမှ ကြာလေလှိုင်းရွာအထိ လမ်းအရှည်မိုင် ၂၀ အနက် ၁၂ မိုင်အား မြေလမ်း ဖောက်လုပ်ရန် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် တင်ဒါအောင်မြင်ခဲ့သည့် နိုင်မင်းကုမ္ပဏီမှ လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ လုပ်ငန်း၏



**ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၁)မှ ဦးစံထွန်း။**

၈၃ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးဆိုင်ပေါ်ငးနပ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ကော်မတီ၏အစီရင်ခံစာကို ပြန်လည်ဖတ်ကြားတင်သွင်းပြီး ယင်းဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးစံထွန်းက "တရားသူကြီးတွေအနေနဲ့ ရွေးချယ်ခန့်အပ်ပြီးတဲ့အခါမှာ သူတို့အတွက် ကျမ်းပြုဖို့ကိစ္စတွေရယ်၊ ပြည်ထောင်စုတရားသူကြီးချုပ်အနေနဲ့ စစ်ဆေးတဲ့အခါ အကျဉ်းစခန်းတွေပါဖို့၊ ရဲဘက်စခန်းတွေနဲ့ ရဲတပ်ဖွဲ့အချုပ် စခန်းတွေပါဖို့ရယ်၊ နောက်တစ်ခါ သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတဲ့ တရားသူကြီးတွေအနေနဲ့လည်း သူတို့ဒေသတွေမှာရှိတဲ့ အကျဉ်းစခန်းတွေနဲ့ ရဲဘက်စခန်းတွေပါစစ်ဆေးပေးဖို့ ကျွန်တော်တို့အနေနဲ့ ဒီလောက်ပဲ ဖြည့်စွက်ထားတာပါ" ဟု ပြောပြသည်။ **(သတင်းစဉ်)**

# လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် ဇူလိုင် ၂၄**

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO)မှ ကျွမ်းကျင်ပညာရှင် အဖွဲ့ဝင်(၄)ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ပြည်တွင်းသတင်း

# နိုင်ငံတော်က ဒေသခံတောင်သူလယ်သမားများဘဝ ပိုမိုတိုးတက်ဖွံ့ဖြိုးရန် စိုက်နည်းစနစ်များနှင့် လိုအပ်သည်များကို ပံ့ပိုးကူညီပေးသွားမည်

**နေပြည်တော် ဇူလိုင် ၂၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ကျောက်မြောင်းမြို့နယ်ခွဲ နွယ်ငြိမ်းကျေးရွာနှင့် မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်သို့ ဆက်သွယ်ပေးသည့် ဧရာဝတီတံတား(ရတနာသိခ်) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး တည်ဆောက်ပြီးစီးခဲ့သည့် ဧရာဝတီတံတား(ရတနာသိခ်)၏ မြစ်ကမ်းနှစ်ဖက်ရှိ မြို့ရွာများတွင် လူမှုစီးပွားဘဝ အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ဦးကျော်လွင်နှင့် ဒေါက်တာမြအေး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါလျက် တပ်မတော်ရဟတ်ယာဉ်များဖြင့် မုံရွာခရိုင် အရာတော်မြို့နယ် မကျီးစောက်ကျေးရွာအနီးရှိ လယ်မြေဧကနှစ်သောင်းအား ရေပေးဝေနိုင်သည့် အရာတော်(၂) လျှပ်စစ်မြစ်ရေတင် စီမံကိန်းသို့ ရောက်ရှိပြီး စီမံကိန်းရှင်းလင်းဆောင်၌ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မင်းဦးက စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် ဒုတိယဝန်ကြီး ဦးအောင်သန်းဦးတို့က ရေပေးဝေနိုင်မှုအခြေအနေနှင့် လျှပ်စစ်ဓာတ်အား ရရှိနိုင်မှုအခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတက တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် စီမံကိန်းရှင်းလင်းဆောင်ရှေ့၌ စီမံကိန်းပတ်ဝန်းကျင်ကျေးရွာများဖြစ်သည့် သလဲဘာ၊ မကျီးစောက်၊ မြေနက်၊ ငွေတွင်း၊ ဇရစ်၊ ဒုံဒစ်၊ နေရာခင်း၊ အုပ်ရှင်းကြီး၊ ခင်သာနှင့် အုပ်ရှစ်ကြီးတို့မှ ဒေခံတောင်သူများနှင့် တွေ့ဆုံရာတွင် မိမိတို့ယခုလာရောက်ခြင်းသည် ဒေသလိုအပ်ချက်များအား ပံ့ပိုးကူညီ ဆောင်ရွက်ပေးသွားရန် လာရောက်ခြင်း ဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်း ဒေသကြီးသည် အလယ်ပိုင်းဒေသ မိုးနည်းရပ်ဝန်းအတွင်း ပါဝင်နေသော်လည်း ယခုလို စိမ်းစိမ်းစိုစို စိုက်ခင်းများကို တွေ့မြင်ရသည့်အတွက် များစွာဝမ်းသာပါကြောင်း။

ယခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအနေဖြင့် မိုးရွာသွန်းမှုနည်းပါးသည့်အတွက် လိုအပ်ချက်များရှိပါက ပံ့ပိုးကူညီနိုင်ရန် လာရောက်ခြင်းလည်းဖြစ်ကြောင်း၊ သေအတူရှင်မခွာ ဒိုးတူပေါင်ဖက် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ရာတွင် မိုးကို အားကိုးရသလို ဆည်ကိုလည်း အားကိုးရပါကြောင်း၊ ဆည်ရေသောက်လည်း မိုးကောင်းပါမှ အားကိုးလို့ ရနိုင်မှာဖြစ်ကြောင်း၊ မိုးနည်းဒေသအတွက် မိုးထက်ဆည်ရေကို ပိုမိုအားကိုးရသည့်အတွက် အချိန်ကိုက်စိုက်ပျိုးထုတ်လုပ်နိုင်မှ လိုအပ်ချက်များ ပြည့်မီမှာဖြစ်ကြောင်း၊ အလားတူပင် ခေတ်မီအထွက်တိုး နည်းပညာများနှင့် မျိုးကောင်းမျိုးသန့်စိုက်ပျိုးနိုင်မှ ယခုထက်ပိုမိုကြွယ်ဝလာမှာ ဖြစ်ကြောင်း၊ နိုင်ငံတော်အပိုင်းကလည်း ဒေသခံတောင်သူလယ်သမားများဘဝ ပိုမိုတိုးတက်ဖွံ့ဖြိုးရန်အတွက် စိုက်နည်းစနစ်များနှင့် လိုအပ်သည်များကို ပံ့ပိုးကူညီပေးသွားမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းက ကျေးရွာအုပ်စု ၁၀ အုပ်စုအတွက် လက်တွန်းထွန်စက် ၁၀ စီးနှင့် SKY NET ရုပ်မြင်သံကြားဖမ်းစက်များကို တာဝန်ရှိသူများထံ လာရောက်ပေးအပ်၍ ဒေသခံတောင်သူများအား ခင်မင်ရင်းနှီးစွာ နှုတ်ဆက်အားပေးသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် လက်ပံတောင်းတောင်ကြေးနီ စီမံကိန်းဧရိယာအား ဝေဟင်မှ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



**ရင်းရင်းနှီးနှီးတွေ့ဆုံ**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အရာတော်မြို့နယ် မကျီးစောက်ကျေးရွာအနီးရှိ လယ်မြေဧကနှစ်သောင်းအား ရေပေးဝေနိုင်သည့် အရာတော်(၂) လျှပ်စစ်မြစ်ရေတင်စီမံကိန်း၌ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ထိုမှတစ်ဆင့် ဒုတိယသမ္မတသည် မုံရွာမြို့နယ် စတက္ကန်တောင်ရွာ ဖိုးခေါင်တောင်တန်းတွင် တည်ထားသည့် ဉာဏ်တော် ၄၂၄ ပေရှိ ကမ္ဘာ့အကြီးဆုံး လေးကျွန်းစကြာ ရပ်တော်မူဘုရားကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုပြီး ဘုရားပရိဝုဏ်အတွင်းရှိ မဟာဗောဓိတစ်ထောင် ဗုဒ္ဓရွှေကျောင်းတော်ကြီးရှိ ဆရာတော်သံဃာတော်များအား ဖူးမြော်ကြည်ညိုကာ သာသနာရေးဆိုင်ရာများကို လျှောက်ထား၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဘုရားဖူးလာပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

မုံရွာမြို့နယ် စတက္ကန်တောင်ရွာ ဖိုးခေါင်တောင်တန်းတွင် တည်ထားသည့် ကမ္ဘာ့အကြီးဆုံး လေးကျွန်းစကြာ ရပ်တော်မူဘုရားကြီးအား မဟာဗောဓိတစ်ထောင်ဆရာတော်မှ ဦးဆောင်၍ ဉာဏ်တော်အမြင့် ၄၂၄ ပေ၊ အထပ်ပေါင်း ၃၃ ထပ်ရှိ သံမဏိသံပေါင်များနှင့် သံကူကွန်ကရစ်ဖြင့် တည်ဆောက်ခဲ့ပြီး ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် မုံရွာမြို့ အလယ်ရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရွှေခန်းမ၌ မြို့ပေါ်အထက်တန်းကျောင်းများမှ ပညာရေးဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းအကျိုးတော်ဆောင်များအား တွေ့ဆုံပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးတို့က ပညာရေးဆိုင်ရာ အချက်အလက်များနှင့် တိုင်းဒေသကြီးအတွင်း အောင်ချက်မြင့်မားရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများ၏ လိုအပ်ချက်များကို သိရှိဖြည့်ဆည်းပေးနိုင်ရန် ယခုကဲ့သို့ လာရောက်ရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍတွင် တစ်နှစ်ထက်တစ်နှစ်တိုးတက်၍ ဘဏ္ဍာငွေများကို တိုးမြှင့်ပံ့ပိုးပေးနေပါကြောင်း၊ ပညာရေးသည် ခေတ်စနစ်နှင့်အညီ အမြဲမပြတ်ဆည်းပူးလေ့လာ၍ မိမိတို့တပည့်သားသမီးများအား လူရည်ချွန် လူရည်မွန်ဖြစ်စေရန် ဆရာ့စိတ်ရင်းဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးစေလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် စေတနာရှင်အလှူရှင်များက အထက်တန်းကျောင်း ခုနစ်ကျောင်းအတွက် တစ်ကျောင်းလျှင် ကွန်ပျူတာ ၁၀ လုံးစီပေးအပ်ခဲ့ပြီး SKY NET ရုပ်မြင်သံကြားဖမ်းစက်များကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတသည် မုံရွာမြို့ အစိုးရမီးသတ်တပ်ဖွဲ့အတွက် SKY NET ကုမ္ပဏီမှ လှူဒါန်းသည့် မီးသတ်ယာဉ်လွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်အားပေးပြီး မီးသတ်ယာဉ်အသစ်အား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် အဖွဲ့ဝင်များလိုက်ပါလျက် မုံရွာမြို့ ကမ်းနားလမ်းတစ်လျှောက် ရေထိန်းနံရံများ တည်ဆောက်ပြီးစီးမှုနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**(သတင်းစဉ်)**

# ဒေသခံပြည်သူများအနေဖြင့် ငြိမ်းချမ်းရေးကို လျင်မြန်စွာအကောင်အထည်ဖော်နိုင်အောင် ယုံယုံကြည်ကြည်ဖြင့် ပူးပေါင်းဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၄**

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့် အဖွဲ့ဝင်များသည် ဇူလိုင် ၂၂ ရက် ညနေ ၄ နာရီတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ရောက်ရှိပြီး ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ နန်းသီတာဟိုတယ်၌ ဘာသာရေးခေါင်းဆောင်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ကချင်ပြည်နယ်အတွက် အရေးတကြီးလိုအပ်သည့် ငြိမ်းချမ်းရေးကို မေ ၃၀ ရက်တွင် နှစ်ဖက်ကိုယ်စားလှယ်များ သဘောတူညီချက်(၇)ချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ ထိုအချက်(၇)ချက်တွင်ပါဝင်သည့် KIO Technical Advisory Team ရုံးကို ယခုဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း၊ တိုင်းရင်းသားများ တန်းတူအခွင့်အရေးရရှိရေး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဆိုင်ရာကိစ္စရပ်များအတွက် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတကြီးကလည်း အစိုးရအဖွဲ့အစည်းများနှင့်အတူ တိုင်းရင်းသားအားလုံး စည်းစည်းလုံးလုံး ပူးပေါင်းပါဝင် ဆောင်ရွက်မှ တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်မည်ကိုယုံကြည်ကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် ငြိမ်းချမ်းရေးကို လျင်မြန်စွာ အကောင်အထည်ဖော်နိုင်အောင် ယုံယုံကြည်ကြည် နားလည်မှုဖြင့် ပူးပေါင်းဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် မြို့မိမြို့ဖများ၊ ဘာသာရေးခေါင်းဆောင်များက ကချင်ပြည်နယ်ငြိမ်းချမ်းရေးဖော်ဆောင်ရေး၊ လူမျိုးရေး၊ ဘာသာရေး၊ တိုင်းရင်းသားများတန်းတူအခွင့်အရေးရရှိရေးတို့နှင့် စပ်လျဉ်း၍ ၎င်းတို့၏အတွေ့အကြုံများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းတို့က ဖြည့်ဆည်း ဆောင်ရွက်ပေးရမည့် လုပ်ငန်းများကို ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့်အဖွဲ့ဝင်များ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ နန်းသီတာဟိုတယ်၌ ဘာသာရေးခေါင်းဆောင်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်တွင်းသတင်း

*၁ ကျောဖုံးမှ*

တွန်းတင်ပေးလိုက်ခြင်း ဖြစ်ပါကြောင်း၊ ဆက်လက်ဖွံ့ဖြိုး တိုးတက်ကြီးပွားအောင် ဒေသခံများအပါအဝင် သက်ဆိုင်သူအားလုံးက ဆက်လက်ကြိုးစားမှသာ မိမိတို့လိုလားတောင့်တသည့် ရာနှုန်းပြည့်ဖွံ့ဖြိုးမှုကို ရရှိကြမည်ဖြစ်ပါကြောင်း၊ နွယ်ငြိမ်းကျေးရွာ ထုတ်ကုန်ဖြစ်သော မြေအိုးအမျိုးမျိုးနှင့် အခြားထွက်ကုန်များကို အနောက်ကမ်းဈေးကွက်သို့ သာမက အရှေ့ခြမ်းဈေးကွက်ပါမကျန် အိမ်နီးချင်းနိုင်ငံများအထိ စိတ်လက်ချမ်းသာစွာဖြင့် တင်ပို့နိုင်ပြီဖြစ်၍ နွယ်ငြိမ်းကျေးရွာသည် လာမည့်နှစ်အနည်းငယ်အတွင်း လူမှုစီးပွားဘဝ တစ်ဟုန်ထိုး တိုးတက်လာမည် ဧကန်အမှန်ပင်ဖြစ်ပါကြောင်း။

ဤတံတားကြီးအပါအဝင် နိုင်ငံအတွင်းရှိ အခြားသောလမ်းတံတားများ၏ ကွန်ရက်ကိုအသုံးပြုပြီး အရှေ့၊ အနောက်၊ တောင်၊ မြောက် မြန်မာနိုင်ငံအနှံ့သို့ လွယ်လွယ်ကူကူ ဆက်သွယ်သွားလာနိုင်မည် ဖြစ်ပါကြောင်း၊ ဒေသခံပြည်သူများအတွက် အာဆီယံနိုင်ငံများကို သွားရောက်နိုင်သည့်အခွင့်အလမ်းများ ပိုမိုရှိလာသကဲ့သို့ အရှေ့၊ အနောက် အင်အားကြီးနိုင်ငံများအထိ ခရီးပေါက်ရောက်နိုင်ကြမည်ဖြစ်ပါကြောင်း၊ ဧရာဝတီတံတား(ရတနာသိမ်) ကို ယခုနေရာဒေသ၌ လာရောက်ရွေးချယ်တည်ဆောက်ပေးခြင်းသည် နိုင်ငံတော်အစိုးရ၏ ဒေသခံပြည်သူများအပေါ် မှန်ကန်သော စေတနာမေတ္တာကြောင့်ဖြစ်ကြောင်း၊ ပြည်သူတို့အတွက် တန်ဖိုးမဖြတ်နိုင်သည့် လက်ဆောင်ကောင်းတစ်ခု ဖြစ်လာမည်ကိုယုံကြည်ပါကြောင်း၊ အလားတူ နိုင်ငံတကာအဆင့်မီ တံတားကြီးဖြစ်အောင် မနားမနေကြိုးစားပမ်းစား ဆောင်ရွက်ပေးကြသည့် မြန်မာအင်ဂျင်နီယာများကို ဝမ်းသာဂုဏ်ယူပါကြောင်းကို မှတ်တမ်းတင်ထားသကဲ့သို့ ဤတံတားကြီးရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒေသခံပြည်သူများက ဝိုင်းဝန်းကူညီပေးရန်လိုအပ်ခြင်းကြောင့် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးရမှု၊ အဖျက်သမားတို့ကြောင့် ဖျက်ဆီးခံရမှုမရှိရအောင် အားလုံးဝိုင်းဝန်းထိန်းသိမ်းပေးကြရန် တိုက်တွန်းပါကြောင်းဖြင့်လည်း ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က နိုင်ငံတော်အစိုးရက ဧရာဝတီတံတား (ရတနာသိမ်) တည်ဆောက်ရန် ၂၀၁၀ ခုနှစ် ဇန်နဝါရီလ ၁ ရက်တွင် လမ်းညွှန်ပြီး တံတားအူကြောင်း တိုင်းတာရွေးချယ်ခြင်း၊ အကြိုအင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ခဲ့ကာ ၂၀၁၀ ခုနှစ် ဧပြီ ၁၆ ရက်တွင် ပန္နက်တော်တင်မင်္ဂလာအခမ်းအနားကျင်းပပြီး စတင်တည်ဆောက်ခဲ့ပါကြောင်း၊ အုတ်မြစ်နှင့် တံတားတိုင် လုပ်ငန်းများအားလုံး ၂၀၁၀ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် ပြီးစီးခဲ့ပါကြောင်း၊ တံတားသံပေါင်တပ်ဆင်ခြင်းလုပ်ငန်းကို ၂၀၁၂ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် ကျောက်မြောင်းဘက်ကမ်းမှ စတင်တပ်ဆင်ခဲ့ပါကြောင်း၊ RP2 တိုင်ကျော်လွန်ပြီး RP3 တိုင်ပေါ်သို့ရောက်ရန် ၁၆ မီတာအလို၌ ၂၀၁၂ ခုနှစ်တွင် လှုပ်ခတ်ခဲ့သည့် အင်အား ၆ ဒသမ ၈ ရစ်ချ်တာစကေးရှိသော အင်အားပြင်းငလျင်ဒဏ်ကြောင့် RP1 နှင့် RP2 ကြား တံတားသံပေါင်နှစ်ခန်းရေထဲသို့ ပြုတ်ကျပျက်စီးသွားခဲ့ပါကြောင်း၊ ငလျင်ဒဏ်ဖြစ်လျှင်ဖြစ်ချင်း နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတတို့ လာရောက်စစ်ဆေးကြည့်ရှုပြီး ပြုတ်ကျသွားသော တံတားသံပေါင်များ ဆယ်တင်ရေးနှင့် သံပေါင်တပ်ဆင်ခြင်းလုပ်ငန်းများ အမြန်ဆောင်ရွက်ရန် လမ်းညွှန်ခဲ့ပါကြောင်း၊ ရေအောက်၌ နစ်မြုပ်လျက်ရှိသော သံပေါင်များ ဆယ်တင်ရာတွင် တပ်မတော်(ရေ) ရေငုပ်တပ်ဖွဲ့ဝင်များသည် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းကြိုးပမ်း ဆောင်ရွက်ခဲ့သည့်အတွက် အချိန်တိုအတွင်း ပြီးစီးဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

တံတားသံပေါင် တပ်ဆင်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ၂၀၁၃ ခုနှစ် မေ ၁၉ ရက်တွင် သံပေါင်ခြောက်ခန်း တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ပါကြောင်း၊ ငလျင်ဒဏ်ကြောင့် တံတားတိုင်များ ထိခိုက်မှုရှိ မရှိကိုလည်း ဝန်ကြီးဌာနမှ အင်ဂျင်နီယာများနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ငလျင်ပညာရှင်များပူးပေါင်းပြီး ခေတ်မီစက်ကိရိယာများနှင့် စမ်းသပ်စစ်ဆေးခဲ့ရာ အနည်းငယ်ထိခိုက်မှုရှိခဲ့ပြီး လိုအပ်သောအင်အားဖြည့်ခြင်းကိုလည်း ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ငလျင်ဒဏ်ကြောင့် ပြိုကျသွားသည့် တံတားသံပေါင်နှစ်ခန်းမှ ပြန်လည်ဆယ်တင်ရရှိလာသည့် အစိတ်အပိုင်းများအနက် ပြန်လည်အသုံးပြုနိုင်သောအပိုင်းများကိုရွေးချယ်ပြီး တပ်ဆင်ရာတွင် ၉၆ မီတာ သံပေါင်တစ်ခန်းရရှိခဲ့ပြီး သင့်တော်သည့်နေရာများတွင် ပြန်လည်အသုံးပြုမည်ဖြစ်ပါကြောင်း၊ ကြီးမားသောငလျင်သဘာဝဘေးဒဏ်ကို မမျှော်လင့်ဘဲခံစားခဲ့ရသော်လည်း နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူများဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်မှုကြောင့် ယခုကဲ့သို့ အောင်မြင်မှုအကျိုးရလဒ်အဖြစ် ယနေ့ ရတနာသိမ်တံတားကြီးကို အောင်မြင်စွာဖွင့်လှစ်နိုင်ခြင်း ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် ဦးရဲမြင့်တို့က အမှာစကားပြောကြားကြသည်။



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဧရာဝတီတံတား (ရတနာသိမ်) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ ဒေါက်တာမြအေးနှင့် ဦးဝင်းမြင့်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် ဦးရဲမြင့်တို့က ဧရာဝတီတံတား (ရတနာသိမ်)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဧရာဝတီတံတား(ရတနာသိမ်) ကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များသည် ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ တံတားကြီးအား ဖြတ်သန်းကြည့်ရှုကြသည်။

အဆိုပါတံတားသည် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ဧရာဝတီမြစ်ပေါ်တွင် ၁၄ စင်းမြောက်တည်ဆောက်ပြီးစီးခဲ့သည့် တံတားကြီးတစ်စင်းဖြစ်ကြောင်း သိရသည်။

ဧရာဝတီတံတား (ရတနာသိမ်) တည်ဆောက်ပြီးစီးခဲ့သည့်အတွက် ဧရာဝတီမြစ် အရှေ့ဘက်ကမ်း စဉ့်ကူးမြို့မှတစ်ဆင့် မန္တလေး-မတ္တရာ-ဗန်းမော်- မြစ်ကြီးနားလမ်းသို့ရောက်ရှိပြီး ဖော့တောလမ်းဆုံမှတစ်ဆင့် မိုးကုတ်-ပြင်ဦးလွင်နှင့် ကျောက်မဲမြို့များသို့ လည်းကောင်း၊ ငါးအိုလမ်းဆုံမှ မဘိမ်းသို့ လည်းကောင်း၊ တွင်းငယ်လမ်းဆုံမှ မိုးမိတ်သို့လည်းကောင်း ဆက်သွယ်သွားလာနိုင်မည်ဖြစ်သကဲ့သို့ ဧရာဝတီမြစ်အနောက်ဘက်ကမ်း ကျောက်မြောင်း- ရွှေဘိုမှတစ်ဆင့် မန္တလေး-ရွှေဘို-မြစ်ကြီးနားလမ်းသို့ လည်းကောင်း၊ ရွှေဘို-ခင်ဦး-ရေဦး-ကလေးဝ လမ်းသို့ လည်းကောင်း၊ ရွှေဘို-အရာတော်-မုံရွာ- ယာကြီး-ကလေးဝ - ကလေးမြို့မှတစ်ဆင့် ချင်းပြည်နယ်သို့လည်းကောင်း အချိန်တိုအတွင်း ဆက်သွယ်သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးတည်ဆောက်ရန် အဓိကအင်အားစုများကြားမှာ အများလက်ခံနိုင်သော အမျိုးသားငြိမ်းချမ်းရေး သဘောတူညီချက်တစ်ခုလိုမည်ဖြစ်

**နေပြည်တော် ဇူလိုင် ၂၄**

Technical Advisory Team ရုံးဆိုင်းဘုတ်ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၃ ရက် နံနက် ၉ နာရီခွဲတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ယခင် KIO ဆက်ဆံရေးရုံး အဆောက်အအုံရှေ့တွင်ကျင်းပရာ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်း ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့်အဖွဲ့ဝင်များ၊ ကေအိုင်အိုဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဦးဆွမ်လွတ်ဂမ်နှင့် အဖွဲ့ဝင်များ၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးလဂွန်ငန်ဆိုင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်မြတ်ဦး၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးအကျိုးတော်ဆောင်များ၊ ဌာနဆိုင်ရာများ၊ UN ကိုယ်စားလှယ်၊ ဘာသာရေးအသင်းအဖွဲ့မှ ပုဂ္ဂိုလ်များ၊ နိုင်ငံရေးပါတီမှ ပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်း ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် ကေအိုင်အိုဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဦးဆွမ်လွတ်ဂမ်တို့က Technical Advisory Team ရုံးဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြသည်။

အစီအစဉ်အရ Technical Advisory Team ရုံးဖွင့်ခြင်း အခမ်းအနားကို မြစ်ကြီးနားမြို့ စီတာပူ မနောကွင်း၊ မဂ္ဂယ်ခန်းမတွင် ဆက်လက်ကျင်းပရာ (Peace-talk Creation Group) မှ ဦးလမိုင်ဂွမ်ဂျာက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ ကေအိုင်အိုဗဟိုဆွေးနွေးရေး အဖွဲ့ခေါင်းဆောင် ဦးဆွမ်လွတ်ဂမ်မှ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ စနစ်တကျဖြစ်စေရန် ကြိုတင်ပြင်ဆင်မှုပေးနိုင်ရန်လိုအပ်သဖြင့် မေ ၂၈-၂၉-၃၀ ရက်များတွင် ကျင်းပခဲ့သည့် ဆွေးနွေးပွဲမှသဘောတူညီမှုရှိခဲ့သည့်အတိုင်း Technical Advisory Team ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးသည် လူတစ်ဦးတစ်ယောက်၊ လူမျိုးတစ်မျိုးတည်းနှင့်သာ သက်ဆိုင်ခြင်းမဟုတ်၊ လူတိုင်းနှင့် သက်ဆိုင်တဲ့အတွက် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို စတင်တည်ဆောက်စဉ်ကပင် စုပေါင်းလုပ်ဆောင်ကြရန် လက်ခံသဖြင့် Technical Advisory Team ကို ဖွဲ့စည်းရကြောင်း၊ ရုံးအဖွဲ့ကို ကေအိုင်အိုမှငါးဦး လူထုအခြေပြုအဖွဲ့ဝင် ၁၀ ဦး ပါဝင်ကြောင်း၊ ကျွမ်းကျင်သော ပညာရှင်များထံမှ အကြံဉာဏ်များရယူသွားမည် ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရနှင့် ဆွေးနွေးရေး လုပ်ငန်းစဉ်များ တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံရေးကို အစိုးရနှင့် နိုင်ငံရေးနည်းလမ်းဖြင့် ဆွေးနွေးသွားရန်လိုအပ်ကြောင်း၊ ယခုအချိန် အစိုးရနှင့် ဆွေးနွေးပွဲကျင်းပရာမှ ပဋိပက္ခအဖြေဖြစ်သည့် နိုင်ငံရေး ဆွေးနွေးမှုပြုလုပ်ရန် အဓိကလိုအပ်ကြောင်း၊ စစ်မှန်သော Federal ပြည်ထောင်စုအဖြစ် ဖော်ဆောင်ပေးရန် ဖြစ်ကြောင်း၊ တိုင်းရင်းသားများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့် တန်းတူညီမျှရေး၊ ကိုယ့်ကြမ္မာကို ဖန်တီးရေးစသည့် နိုင်ငံရေးအခွင့်အရေးများ ပြဋ္ဌာန်းပေးရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်း ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ရုံးဖွင့်လှစ်ခြင်းသည် ကချင်ပြည်နယ်တွင် စစ်မှန်တည်တံ့တဲ့ ငြိမ်းချမ်းရေး ဖြစ်ပေါ်လာသော ပဏာမခြေလှမ်းဖြစ်ကြောင်း၊ ဘုံအနာဂတ်တစ်ခုအတွက် လမ်းကြောင်းသစ်တစ်ခုကို စတင်လိုက်သည်ဟု မှတ်ယူကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများ ပြန်လည်ဖြစ်ပွားခဲ့သဖြင့် ပြည်နယ်လူထုအနေဖြင့် လက်နက်ကိုင်ပဋိပက္ခရဲ့အကျိုးဆက်များခံစားရကြောင်း၊ ကေအိုင်အိုရဲဘော်တွေအပါအဝင် မြန်မာ့တပ်မတော်ရဲ့ အရာရှိ၊ အရာခံ၊ တပ်မတော်သားများလည်း လက်နက်ကိုင်ပဋိပက္ခမှာ ထိခိုက်ဆုံးရှုံးခဲ့ကြကြောင်း၊ သမ္မတကြီးကိုယ်တိုင်ကလည်း ဘယ်ဘက်ကပဲဆုံးရှုံးတာဖြစ်ဖြစ် တိုင်းပြည်ရဲ့ဆုံးရှုံးမှုပဲလို့ ပြောကြားခဲ့ပါကြောင်း။

အစိုးရအနေဖြင့် နိုင်ငံတာဝန်ထမ်းဆောင်ချိန်မှစ၍ ပြည်တွင်းငြိမ်းချမ်းရေးကို အင်တိုင်အားတိုက်ဖော်ဆောင်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ဒီနေ့ငြိမ်းချမ်းရေးဖြစ်စဉ်ရဲ့ ထူးခြားချက်မှာ တွေ့ဆုံဆွေးနွေးရေး (Political Dialogue) ကို အခြေခံတဲ့ချဉ်းကပ်မှုဖြစ်ကြောင်း၊ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးတည်ဆောက်ရန် အဓိကအင်အားစုများကြားမှာ အများလက်ခံနိုင်သော အမျိုးသားငြိမ်းချမ်းရေး သဘောတူညီချက်တစ်ခု လိုမည်ဖြစ်ကြောင်း၊ နိုင်ငံရေးဆွေးနွေးရေး သဘောတူညီချက် တစ်ခုလိုမည်ဖြစ်ကြောင်း၊ နိုင်ငံရေးဆွေးနွေးပွဲများ လုပ်ရန်လိုကြောင်း၊ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးခြင်းနှင့် အဖြေရှာဖို့ တိုင်းရင်းသားအင်အားစုများက အစဉ်တစိုက် တောင်းဆိုခဲ့ကြောင်း၊ တွေ့ဆုံဆွေးနွေးရေးနှင့် တိုင်းရင်းသားပြဿနာဖြေရှင်းဖို့ သမ္မတကြီးက မူဝါဒချမှတ်ပြီးကြောင်း။

နိုင်ငံရေးတွေ့ဆုံဆွေးနွေးရန် ပထမအဆင့်အနေဖြင့် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား လက်နက်ကိုင်တိုက်ခိုက်မှုရပ်စဲဖို့လိုကြောင်း၊ နောက်တစ်ဆင့်မှာ အစိုးရနဲ့တိုင်းရင်းသားလက်နက်ကိုင်များအပါအဝင် အဓိကအင်အားစုများကြားမှာ လက်ခံနိုင်သော မူဘောင် (Framework) တစ်ခု လိုအပ်မှာဖြစ်ကြောင်း၊ ယင်းမှာ အင်အားစုအားလုံး၏ ငြိမ်းချမ်းရေးခရီးစဉ်ကို မည်ကဲ့သို့အကောင်အထည်ဖော်မည်ဆိုသော လမ်းပြမြေပုံ သဘောမျိုးဖြစ်ကြောင်း၊ နောက်တစ်ဆင့်မှာ အင်အားစုအားလုံးပါဝင်သော All inclusive နိုင်ငံလုံးဆိုင်ရာ ငြိမ်းချမ်းရေး အစည်းအဝေးတစ်ခု ကျင်းပပြီး ငြိမ်းချမ်းရေး သဘောတူညီချက် (National Peace Accord) တစ်ခု ဖြစ်လာနိုင်ရန်ဖြစ်ကြောင်း၊ သမ္မတကြီးကလည်း မူဝါဒချမှတ်ပေးပြီးဖြစ်ကြောင်း၊ လွှတ်တော်ကလည်း ငြိမ်းချမ်းရေးဆိုင်ရာ နိုင်ငံရေးဆွေးနွေးပွဲများဖြစ်လာနိုင်ရန် ဝိုင်းဝန်းပံ့ပိုးရန် ဆန္ဒပြုထားပြီးဖြစ်ကြောင်း။

တပ်မတော်အနေနှင့်လည်း အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သွားရန် ပြည်တွင်း ငြိမ်းချမ်းရေးရရှိရန် အစွမ်းကုန်ပါဝင်ဆောင်ရွက်သွားရန် ဆန္ဒပြုပြီး ဖြစ်ကြောင်း။

တိုင်းပြည်မှာ ငြိမ်းချမ်းရေးအတွက် ရင့်မှည့်သောအချိန်ရောက်နေပါပြီ၊ အပစ်အခတ်ရပ်စဲထားရုံမဟုတ် နိုင်ငံရေးဆွေးနွေးမှုတွေ အခြေခံသောဖြစ်စဉ်တစ်ခု အကောင်အထည်ဖော်ဖို့ အများစုက အဆင်သင့်ဖြစ်နေပါပြီ ဖြစ်ကြောင်း၊ လက်နက်ကိုင်ပဋိပက္ခနှင့် ပြဿနာအဖြေရှာရန်မရဘူးဆိုတာ ကျွန်တော်တို့အားလုံးလိုချင်သော စစ်မှန်သောငြိမ်းချမ်းရေးရရန် အားလုံးဝိုင်းဝန်းကြိုးပမ်းကြမည်ဟု မျှော်လင့်ကြောင်း၊ ကေအိုင်အိုနှင့် ရုံးဖွင့်ပြီးရင် Technical Team ချင်း ဆွေးနွေးနိုင်မည်ဖြစ်ကြောင်း၊ ထို့နောက် ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲ ထပ်မံပြုလုပ်နိုင်မည်ဖြစ်ကြောင်း၊ ကချင်ပြည်နယ်နှင့် မြန်မာတစ်ပြည်လုံးမှာ စစ်မှန်သောငြိမ်းချမ်းရေး တည်ဆောက်နိုင်ပါစေကြောင်း ပြောကြားသွားသည်။

ဆက်လက်၍ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွန်ငန်ဆိုင်းက အစိုးရအဖွဲ့ စတင်တာဝန်ယူချိန်မှစ၍ ပြည်နယ်၏ဖွံ့ဖြိုးတိုးတက်မှုများ ဆောင်ရွက်ရန် သန္နိဋ္ဌာန်ချမှတ်ခဲ့ကြောင်း၊ ငြိမ်းချမ်းရေးပြိုကွဲမှုကြောင့် ဒေသတွင်းတည်ငြိမ်မှုမရှိ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုမရှိခဲ့ပါကြောင်း၊ ငြိမ်းချမ်းရေးကော်မတီ အဆင့်ဆင့်ဖွဲ့စည်းပြီး ငြိမ်းချမ်းရေး ပြန်လည်ရရှိရေးအကြိမ်ကြိမ် ဆွေးနွေးညှိနှိုင်းခဲ့၍ ယနေ့ Technical Advisory Team ရုံးဖွင့်လှစ် နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ပြည်သူများ ငြိမ်းချမ်းရေးအရသာကို ပြန်လည်ခံစားနိုင်ပြီဖြစ်၍ လွတ်လပ်စွာ သွားလာနိုင်ပြီဖြစ်ကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးကို လိုလားသောပုဂ္ဂိုလ်များက စိတ်ရင်းကောင်းစေတနာကောင်းတို့ဖြင့် ညှိနှိုင်းပေးကြသဖြင့် ကျေးဇူးတင်ကြောင်း၊ ကချင်ပြည်နယ်ကြီး ထာဝရငြိမ်းချမ်းရေးရရှိရေးတို့အတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး Technical Advisory Team ရုံးဖွင့်ပွဲ အခမ်းအနားကို နံနက် ၁၀ နာရီခွဲတွင် အောင်မြင်စွာ ရုပ်သိမ်းသည်။

မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်း ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွန်ငန်ဆိုင်း၊ ပြည်နယ်ဝန်ကြီးများသည် မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက် အကျဉ်းဦးစီးဌာန မြစ်ကြီးနား အကျဉ်းထောင်၌ ကျင့်ဝတ်(၁)အရ နိုင်ငံတော်သမ္မတမှ လွတ်ငြိမ်းချမ်းသာခွင့်ပြုသည့် အကျဉ်းသား ဦးဘရန်ရှောင်အပါအဝင် အကျဉ်းသား ၁၃ ဦးတို့အား သွားရောက်ကြည့်ရှုအားပေးစကား ပြောကြားပြီး ထောက်ပံ့ငွေများပေးအပ်ကာ ဦးဘရန်ရှောင်အား ဂျာမိုင်ကောင်းနှစ်ခြင်း IDP စခန်းနှင့် ဦးဂျန်မာဂင်ဆောင်အား RCI-DP စခန်းသို့ ၎င်းတို့၏မိသားစုဝင်များထံ အရောက်ပို့ဆောင်ပြီး စခန်းရှိ မိသားစုဝင်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

အဆိုပါ ကချင်ပြည်နယ် မြစ်ကြီးနားအကျဉ်းထောင်မှ ယနေ့ လွတ်ငြိမ်းချမ်းသာခွင့် ရရှိသည့် အကျဉ်းသားများကို ကချင်ပြည်နယ် အစိုးရအဖွဲ့မှ အိမ်တိုင်ရာရောက် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

# လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး စက်မှုလယ်ယာစနစ်ကူးပြောင်းမှုဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇူလိုင် ၂၄**

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး စက်မှုလယ်ယာစနစ်ကူးပြောင်းမှုဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၈/၂၀၁၃)ကို ဇူလိုင် ၂၃ ရက် နံနက် ၁၀ နာရီက အဆိုပါ ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံ၌ ရေသယံဇာတ၊ မြေသယံဇာတ၊ လူ့စွမ်းအားအရင်းအမြစ်များ အင်မတန်ကြွယ်ဝသည့်အတွက် နိုင်ငံတကာမှ လယ်ယာကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်ရန် တာစူနေကြသော်လည်း လက်တွေ့တွင် မိမိတို့ကိုယ်တိုင် မိမိတို့ ရပ်တည်နိုင်အောင် ကြိုးပမ်းလုပ်ဆောင်ကြရဦးမည်ဖြစ်ကြောင်း။ လယ်ယာကဏ္ဍ တိုးတက်ရေးအတွက် စိုက်ပျိုးရေးထွက်ကုန်များ ဈေးကွက်ယှဉ်ပြိုင်နိုင်ရေးမှာ အဓိကအရေးပါကြောင်း၊ မည်သည့်ထွက်ကုန်မဆို ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရန် လိုအပ်သော အရည်အသွေးများ၊ စံချိန်စံညွှန်းများစသည့် အချက်များကိုထည့်သွင်းသုံးသပ်၍ အရည်အသွေးပြည့်မီအောင်ဈေးကွက် လိုအပ်ချက်နှင့်အညီ လုပ်ဆောင်ကြရန် လိုအပ်ကြောင်း။

မြေနှင့်ရေအား ထိရောက်စွာ အသုံးချနိုင်ရေးအတွက် ရေကိုစနစ်တကျစီမံခန့်ခွဲခြင်းလုပ်ငန်းကို ဆည်မြောင်းဦးစီးဌာနနှင့် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနတို့မှ ခိုင်မာသော စနစ်တစ်ခုရရှိအောင် နေပြည်တော်နယ်မြေအား ဇဟိုပြု၍မြေပြင်တွင် အကောင်းဆုံး၊ အကျိုးရှိဆုံး အသုံးပြုနိုင်ရန် လက်တွေ့ဆောင်ရွက်နိုင်ရန် ကြိုးပမ်းရမည်ဖြစ်ကြောင်း။

လက်ရှိအခြေအနေအရ အဓိကကျသောလယ်ယာကဏ္ဍကို မိမိတို့ဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်းများအနေဖြင့် တောင်သူလယ်သမားများနှင့် နိုင်ငံတော်အပေါ် စိတ်စေတနာအပြည့်အဝဖြင့် နှစ်ဆကြိုးပမ်း၍ ကိုယ်ရောစိတ်ပါနှစ်မြှုပ်အကောင်အထည်ဖော်ကြရန် မှာကြားသည်။

ထို့နောက် ဦးစီးဌာနများမှ တာဝန်ရှိသူများက လယ်ယာကဏ္ဍဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော်မှုနှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် လိုအပ်သော ရန်ပုံငွေများ တင်ပြတောင်းခံမှုများကို ကဏ္ဍအလိုက်တင်ပြကြပြီး ဒုတိယဝန်ကြီး ဦးခင်ဇော်နှင့် ဦးအုန်းသန်းတို့က ဖြည့်စွက်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက် ဝါဆိုသင်္ကန်းဆက်ကပ်

**နေပြည်တော် ဇူလိုင် ၂၄**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက် အလှူရှင်များက စုပေါင်း၍ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၂ ရက် (ဝါဆိုလပြည့်နေ့) နံနက် ၉ နာရီက မင်္ဂလာသိဒ္ဓိဓမ္မာရုံ၌ ကျင်းပခဲ့သည်။ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ပြီး ဇမ္ဗူသီရိ မြို့နယ်အေးမြရွှေပြည်စာသင်တိုက်ဆရာတော် ဘဒ္ဒန္တအရှင်ဉာဏသိရိထံ မှ ငါးပါးသီလခံယူပြီး ဆရာတော်အမှူးပြုသော သံဃာတော်ငါးပါးထံ အလှူရှင်များက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့သည်။ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းသည့်အခမ်းအနားသို့ မင်္ဂလာသိဒ္ဓိရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးခင်မောင်ကြည်နှင့် အလှူရှင်များ စုစုပေါင်း ၂၀၀ ခန့်တက်ရောက်ခဲ့ကြပြီး အခမ်းအနားတွင် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ကိုကိုရှုပ(နေပြည်တော်)**

# ဓမ္မစကြာအခါတော်နေ့ အခမ်းအနားကျင်းပ

**မြစ်ကြီးနား ဇူလိုင် ၂၄**

နှစ်စဉ်ကျင်းပမြဲဖြစ်သော ဓမ္မစကြာအခါတော်နေ့ အခမ်းအနားကို ဇူလိုင် ၂၂ရက် မွန်းတည့် ၁၂ နာရီက ကချင်ပြည်နယ် မြစ်ကြီးနားမြို့ သာသနဝ္ဗိမာန်တော်ကြီး၌ ကျင်းပသည်။

**ဟောကြား**

ဝတ်အသင်းများက ဗုဒ္ဓဘုရားရှင်အား ပန်း၊ ရေချမ်းနှင့်ဆီမီးများ ကပ်လှူပူဇော်ခြင်း၊ ဆရာတော်အား ဝါဆိုသင်္ကန်း၊ ဆွမ်းဆန်နှင့် လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းရာ ဆရာတော်က ဓမ္မစကြာအခါတော်နေ့ ဖြစ်ပေါ်လာပုံတရားတော်ကို ဟောကြားတော်မူကြောင်း သိရသည်။

**မိုးဃ်ကျ(မြစ်ကြီးနား)**



**တွေ့ဆုံဆွေးနွေး**

နေပြည်တော် တပ်ကုန်းမြို့နယ်ရဲတပ်ဖွဲ့နှင့် ရပ်မိ ရပ်ဖများ တွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၂၁ ရက် ညနေက တပ်ကုန်းမြို့မရဲစခန်းအစည်းအဝေးခန်းမ၌ကျင်းပရာ ရဲမှူးဝင်းတင်က တပ်ကုန်းမြို့နယ် ရဲတပ်ဖွဲ့၏ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု၊ လောင်းကစားဖမ်းဆီးရမိမှု၊ အမှုကြီးဖြစ်ပွားမှုအခြေအနေနှင့် မှုခင်းကျဆင်းရေး၊ လုံခြုံရေးဆောင်ရွက်ထားမှုများကို ရှင်းလင်းပြောကြားပြီး ရပ်မိရပ်ဖများက ပြန်လည်အကြံပြုဆွေးနွေးကြစဉ်။ (ဝ၂၁)

# တည်ဆောက်ပြီး ဆည်ကန်ငယ်များ ရာနှုန်းပြည့်ပြုပြင်ပြီးစီး

**ရမည်းသင်း ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကူညီပံ့ပိုးမှုဖြင့် ရမည်းသင်းခရိုင်ကျေးလက်ဒေသများသောက်သုံးရေဖူလုံရေးနှင့် စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်းဦးစီးဌာနက တာဝန်ယူတည်ဆောက်ထားသည့် ဆည်ကန်ငယ်နှင့်ရေလွှဲဆည်များအား ကြည့်ရှုရန် တိုင်းဒေသကြီးစက်မှုနှင့် လျှပ်စစ်ဝန်ကြီး ဒေါက်တာမြင့်ကြူသည် ဇူလိုင် ၂၁ ရက်က ရမည်းသင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးဘိုနီ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်နှင့်တာဝန်ရှိသူများ ပျော်ဘွယ်မြို့နယ်သို့ သွားရောက်ခဲ့ကြသည်။

**ပြောကြား**

ဒေါက်တာမြင့်ကြူသည် တောင်ညောင်တုန်းဆည်၊ ရန်အောင်ကန်၊ ဆည်ကြီးကန်များကိုလည်းကောင်း၊ ရမည်းသင်းမြို့နယ်ရှိ ပေါက်အိုင်ကန်၊ အနောက်ငွေကုန်းကန်နှင့် သစ်ဆုံကြီးကန်တို့ကိုလည်းကောင်း စစ်ဆေးရာ သက်ဆိုင်ရာဆည်မြောင်းဦးစီးအရာရှိများက လုပ်ငန်းစတင်မှု၊ ပြီးစီးမှု၊ ရေဝင်ရောက်မှု၊ အကျိုးပြုမှုစသည်များကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

အသစ်ပြန်လည်တူးဖော်ဆောင်ရွက်သည့် ပျော်ဘွယ်မြို့နယ်မှ ဆည်ကန်ငယ်-ရေလွှဲဆည် ၄၆ ကန်သည် ရာနှုန်းပြည့်ပြီးစီးပြီး ရမည်းသင်းမြို့နယ်မှ ၃၁ ကန်တွင် ကန် ၃၀ ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ညွှန့်ရွှေ**

# နေပြည်တော် ပျားသုတေသနဌာန ပျားရည်စုဆောင်းရန် ပျားမွေးသေတ္တာများ နေရာချထား

**နေပြည်တော် ဇူလိုင် ၂၄**

နေပြည်တော် မွေးမြူရေးနှင့် ငါးမွေးမြူရေးလုပ်ငန်း လက်အောက်ရှိ ပျားသုတေသနဌာနက ၂၀၁၃ ရာသီအတွက် ပျားရည်စုဆောင်းရန် ပျားကောင်ရေများရောက်ရှိစေမည့် ပျားမွေးသေတ္တာများကို နေပြည်တော် ဇေယျာသီရိမြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းဟောင်း နှမ်းခင်းများအနီး၌ နှမ်းပျားစာအဖြစ် လိုက်လံနေရာချထားလျက်ရှိကြောင်း၊ ပျားသုတေသနဌာနမှ ဦးစီးအရာရှိ ဦးဇော်ဝင်းထံမှ သိရသည်။ အဆိုပါ ပျားသေတ္တာများအတွင်း၌ နှမ်းခင်းများသို့ လာရောက်ကြသည့် ပျားအရေအတွက်သည် သေတ္တာတစ်လုံးလျှင် ပျားကောင်ရေ တစ်သောင်းခန့်အထိ ရှိလာနိုင်ကာ သားပေါက်နှုန်းကောင်းသည့်အချိန် ဩဂုတ်လမှစတင်၍ စက်တင်ဘာ၊ အောက်တိုဘာလမှ မတ်လအထိ ပျားရည်များ စုဆောင်းနိုင်မည်ဖြစ်ကြောင်း၊ ပျမ်းမျှအားဖြင့် ပျားသေတ္တာတစ်လုံးလျှင် တစ်နှစ်လျှင် ပျားရည် ၅၅ ပေါင်အထိ ထွက်ရှိနိုင်ကာ အဆိုပါထွက်ရှိသည့် ပျားရည်များကို တရုတ်၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံများသို့ ဌာန၏အစီအစဉ်ဖြင့် နိုင်ငံခြားပို့ကုန်အဖြစ် တင်ပို့ရောင်းချလျက်ရှိကြောင်းလည်း သိရသည်။

**ကိုကြီးကျော်**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# နယ်သတင်းတိုများ

## မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**မြစ်ကြီးနား ဇူလိုင် ၂၄**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်၏ ၂၀၁၃ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၀ ရက် နံနက် ၈ နာရီက လုံးခင်းကျေးရွာအုပ်စု ယာယီဂေါက်ကွင်းအတွင်း၌ကျင်းပရာ ဖားကန့်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွန်းကျော်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ သစ်တောဦးစီးဌာနဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီနီထွန်းနှင့်အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်ဒေသခံပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ အင်အား ၃၀၀ ကျော် တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူးက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသူများက သတ်မှတ်နေရာများ၌ စုပေါင်းသစ်ပင်စိုက်ပျိုးပေးခဲ့ကြပြီး သစ်ပင်စိုက်ပျိုးရမည့် ရတနာတန်းဝင်ကျွန်း၊ ပျဉ်းကတိုးနှင့် နှစ်ရှည်သီးနှံပျိုးပင်ပေါင်း ၆၀၀ ကျော် စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **မိုးဃ်ကျ(မြစ်ကြီးနား)**

## သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ဆေးဖျန်း

**ကောလင်း ဇူလိုင် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့ မြို့မစည်ပင်သာယာဈေးအခြေပြု သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ဆေးပက်ဖျန်းခြင်းလုပ်ငန်းကို ဇူလိုင် ၂၀ ရက်က အဆိုပါဈေး၌ ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်ကျော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဦးစီးမှူး ဦးမျိုး၊ စည်ပင်ဈေးခေါင်း ဦးကြည်မင်းထွန်းနှင့်ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများက မိုးရာသီတွင် အဖြစ်များသော သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားရေး၊ ခြင်ကျားကိုက်ခြင်းဖြင့် ဗိုင်းရပ်စ်ပိုးများ တစ်ဦးမှတစ်ဦးသို့ မကူးစက်ရေးအတွက် ဈေးဆိုင်ခန်း၊ ဈေးပတ်ဝန်းကျင်များ၌ ဆေးပက်ဖျန်းခဲ့ကြသည်။ **(ဝ၉၂)**

## မှုခင်းကျဆင်းရေး အသိပညာပေးဟောပြော

**မြစ်ကြီးနား ဇူလိုင် ၂၄**

မိုးညှင်းခရိုင် ဖားကန့်မြို့နယ်အတွင်း ပြစ်မှု၊ မှုခင်းများမဖြစ်ပေါ်စေရေးနှင့် လျော့နည်းကျဆင်းရေးအသိပညာပေးဟောပြောပွဲများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ဇူလိုင်၂၂ ရက် နံနက် ၉ နာရီက ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ မှုခင်းကျဆင်းရေးအသိပညာပေးဟောပြောပွဲကို ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဝင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဥပဒေများနှင့် ပြစ်မှုဖြစ်စဉ်များကိုလည်းကောင်း၊ ဒုတိယ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးအောင်သန်းက ဖားကန့်မြို့နယ်အတွင်း ဖြစ်ပွားခဲ့သော လူကုန်ကူးမှုများနှင့် ပြစ်ဒဏ်များ၊ လူကုန်ကူးခံရမှုဖြစ်ပွားရခြင်းများကိုလည်းကောင်း၊ လုံးခင်းနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ရန်နိုင်ဝင်းက မူးယစ်ဆေးဝါးပြဿနာနှင့် ပြစ်မှုပြစ်ဒဏ်များ၊ နောက်ဆက်တွဲရောဂါလက္ခဏာများ စသည်တို့ကို ရှင်းလင်းပြောကြားကြောင်း သိရသည်။ **မိုးဃ်ကျ(မြစ်ကြီးနား)**

## တပ်ဖွဲ့ဝင်သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်

**တမူး ဇူလိုင် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်ရဲတပ်ဖွဲ့ တပ်ဖွဲ့ဝင် ဝန်ထမ်းမိသားစုများ၏ သားသမီးများအနက် ၂၀၁၂-၂၀၁၃ ခု ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သူများအား ပညာရည်ချွန်ဆုပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၂၂ ရက် နံနက် ၁၀ နာရီက ခရိုင်ရဲတပ်ဖွဲ့မှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **ဝင်းနိုင်(တမူး)**

## စံပြသိမ်ကုန်းရွာ၌ ဝါဆိုသင်္ကန်းကပ်လှူ

**ရမည်းသင်း ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် စံပြသိမ်ကုန်းရွာ မုဋ္ဌလိန္ဒာပရိယတ္တိစာသင်တိုက်၌ ပုရိမဝါဆိုဝါကပ်တော်မူကြမည့် စာချ၊ စာသင်သံဃာတော်အရှင်မြတ် ၁၃၅ ပါးတို့အား ဒါယကာ၊ ဒါယိကာမအပေါင်းတို့က စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂၃ ရက် မွန်းလွဲ ၁ နာရီက မုဋ္ဌလိန္ဒာပရိယတ္တိစာသင်တိုက်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ မုဋ္ဌလိန္ဒာပရိယတ္တိစာသင်တိုက် စာချဆရာတော် ဦးဝိမလထံမှ ငါးပါးသီလခံယူ၍ ဟောကြားတော်မူသော တရားတော်များကိုနာယူပြီး သင်္ကန်းအစုံ ၅၆၀၊ ကာလတန်ဖိုးငွေကျပ် ၄၈၄၂၀၀၀ လှူဒါန်းမှုအစုစုတို့ကို ရေစက်ချအမျှပေးဝေကာ သာဓုအနုမောဒနာခေါ်ဆိုကြကြောင်း သိရသည်။ **တင်ဦး(ရမည်းသင်း)**

## ဝါဆိုသင်္ကန်းနှင့်ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်း

**ရွှေဘို ဇူလိုင် ၂၄**

ရွှေဘိုမြို့ မြို့ပေါ်ကျောင်းတိုက် ၇၆ တိုက်၌ ဝါဆိုဝါကပ်တော်မူသော သံဃာတော် ၇၇ ပါးအား ဝါဆိုသင်္ကန်းနှင့်ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၃ ရက် မွန်းလွဲ ၁ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

**မြင့်ထွန်း**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# ရေကြီးနစ်မြုပ်မှုမှကာကွယ်ပေးမည့် ကော့သလိုင်ရေထိန်းတံခါး

**ပန်းတနော် ဇူလိုင် ၂၄**

ဧရာဝတီတိုင်းဒေသကြီးသည် ဆန်ရေစပါးအများဆုံး ထွက်ရှိသောဒေသကြီးဖြစ်ပြီး ဧက ၈ ဒသမ ၆ သန်းကျော်ရှိသည့်အနက် ၅၂ ရာခိုင်နှုန်းခန့်ကို စိုက်ပျိုးမြေအဖြစ် အသုံးပြုလျက်ရှိသည်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသအဖြစ် အထက်ပိုင်း၊ အလယ်ပိုင်း မြေနိမ့်ချိုင့်ဝှမ်းနှင့် အောက်ပိုင်းအဖြစ် ပိုင်းခြားခဲ့ရာ ဓနုဖြူ-ကျုံပျော်နှင့် ပန်းတနော်မြို့နယ်များသည် အလယ်ပိုင်းချိုင့်ဝှမ်းတွင် ပါရှိခဲ့သည်။

စိုက်ပျိုးရေးတိုးတက်ပြောင်းလဲမှုအဖြစ် ဆန်စပါးထုတ်ကုန်ပိုလာစေရန် ၁၉၉၄-၁၉၉၅ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေအောက်လယ်ယာမြေဖော်ထုတ်မှုလုပ်ခဲ့ရာ ပန်းတနော်မြို့နယ်အတွင်းရှိ ဗောဓိရေနက်ကွင်းများလည်း အပါအဝင်ဖြစ်ခဲ့သည်။ ယင်းဗောဓိရေနက်ကွင်းကို ဖော်ထုတ်ရန်အတွက် ပန်းတနော်နှင့် ကျုံပျော်မြို့နယ်အစပ်များရှိ ကော့သလိုင်ချောင်းကို ပိတ်၍ အရှည် ၃ ဒသမ ၅ မိုင်ခန့်ရှိ ကော့သလိုင်တာနှင့် ရေထိန်းတံခါးကို ကျေးရွာပြည်သူများနှင့်ဆည်မြောင်းဦးစီးဌာနက တည်ဆောက်ခဲ့သည်။

ကော့သလိုင်တာကြောင့် ပန်းတနော်မြို့နယ်အတွင်းရှိ ဗောဓိရေနက်ကွင်းများမှ မိုးစပါးလယ်မြေများအဖြစ် အကျိုးဖြစ်ထွန်းလာပြီး ရေကျနောက်စိုက်နှင့် နွေစပါးများလည်း အောင်မြင်စွာ စိုက်ပျိုးနိုင်ခဲ့သည်။ သို့သော် ကျုံပျော်မြို့နယ်ဘက်ခြမ်းတွင်မူ ယင်းတာကြောင့် လယ်မြေအချို့ မိုးရာသီရေကြီးနစ်မြုပ်မှုဒဏ်နှစ်စဉ်ခံခဲ့ရပြီး ကျုံပျော်နှင့် ပန်းတနော်နှစ်မြို့နယ်မှ လယ်သမားများ အငြင်းပွားခဲ့ပြီး မိုးရာသီကွင်းရေများချိန်တွင် ကော့သလိုင် တာချိုးဖောက်ခံရသည်အထိ ပျက်စီးမှုများ ရှိခဲ့သည်။

ယင်းကော့သလိုင်တာ တည်ရှိမှုကြောင့် နှစ်ဖက်အငြင်းပွားမှုများ ဖြစ်ပေါ်ရာသို့ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်တိုင်ကွင်းဆင်း၍ ဒေသခံလယ်သမားများနှင့်တွေ့ဆုံပြီး နှစ်ဖက်လယ်ယာမြေများ ထိခိုက်မှုသက်သာကာ အကျိုးဖြစ်ထွန်းနိုင်ရန် ကော့သလိုင်ရေထိန်းတံခါးနှင့် ဆက်စပ်ရေနုတ်မြောင်းများ တူးဖော်ခြင်းကို ဆောင်ရွက်စေခဲ့သည်။ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များက ကွင်းဆင်းစစ်ဆေးကာ အတည်ပြုနေရာရွေးချယ်ပေးခဲ့သည်။

ကော့သလိုင် ရေထိန်းတံခါး တည်နေရာသည် ရေစီးရေလာကောင်းသော်လည်း ဘူမိဗေဒစမ်းသပ်တွေ့ရှိချက်အရ အောက်ခံမြေသားမကောင်းသည့်အတွက် သစ်မာပိုင်တိုင်အလုံးပေါင်း ၁၁၀၀ ကျော်ကို ရိုက်သွင်းတည်ဆောက်ခဲ့ရာ အလျား ၁၄၁ ပေ၊ အနံ ၁၀၃ ပေ၊ အမြင့် ၂၂ ပေ ရှိ၍ အလျားပေ ၅၀၊ ရေအကျော်နှင့် ၅ပေအကျယ် ရေတံခါးနှစ်ပေါက်၊ ၁၂ပေအကျယ် ဆက်သွယ်ရေတံတားတစ်စင်းပါဝင်၍ ရေအောက်ခြေပေ ၅၀ အကျယ် ရေတံခါးအထွက်မြောင်း၊ ပေ၇၇၀၀ တူးဖော်ခြင်းနှင့် နုန်းဆယ်တူးဖော်ခြင်း အလျားသုံးမိုင်ကိုလည်း စက်ယန္တရားများနှင့် နှစ်လခွဲအတွင်း တည်ဆောက်ပေးခဲ့သည်။



ကော့သလိုင် ရေထိန်းတံခါးကို တွေ့ရစဉ်။

မြေသားစမ်းသပ်ခြင်း၊ ဒီဇိုင်းပုံစံထုတ်ခြင်းကို ဆည်မြောင်းဦးစီးဌာန (ရုံးချုပ်)က ဆောင်ရွက်ခဲ့ပြီး မအူပင်ခရိုင် ဆည်မြောင်းဦးစီးဌာနမှ တာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ တိုးတက်ရေးအတွက် နိုင်ငံတော်က အထူးအလေးထား အကောင်အထည်ဖော်လျက်ရှိရာ လယ်ယာမြေများ ရေကြီးနစ်မြုပ်မှု လျော့နည်းရေးနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆည်မြောင်းဦးစီးဌာနက လူအင်အား၊ စက်အင်အားဖြင့် ၂၀၁၂-၂၀၁၃ ခုနှစ်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ကျုံပျော်ဘက်ခြမ်း ကော့သလိုင်ချောင်းရေကို ကြိုတင်လျှော့ချနိုင်ရန် ရေထိန်းတံခါးနှစ်ပေါက်ကို ရေတံခါးတည်ဆောက်ပြီးချိန်မှစ၍ ဖွင့်ထားပေးခဲ့ခြင်းဖြင့် မိုးများ၍ ကွင်းရေမြင့်တက်လာလျှင် မိုးစပါးများ မထိခိုက်ခင် လျှံရေထုတ်ပေးနိုင်မည်ဖြစ်သည်။

ကော့သလိုင်ရေထိန်းတံခါး တည်ဆောက်ပြီးစီးမှုကြောင့် ဧရာဝတီမြစ်ဝကျွန်းပေါ်အလယ်ပိုင်း မြေနိမ့်ချိုင့်ဝှမ်းဒေသများဖြစ်သည့် ဓနုဖြူ၊ ကျုံပျော်၊ ပန်းတနော်၊ ကျောင်းကုန်းမြို့နယ်များအပြင် ရေကြည်နှင့်ကန်ကြီးထောင့်မြို့များအတွင်းရှိ လယ်ယာမြေများနှင့် လူနေအိမ်ခြေများပါ ရေကြီးနစ်မြုပ်မှုမှ လျော့နည်းသွားစေမည့် အကျိုးကို ရရှိခဲ့ပြီဖြစ်သည်။

**တင်တင်ဝင်း(မြန်မာ့အလင်း)**

# ပေါက်တောမြို့နယ်အတွင်း ကျွဲ၊ နွား ခိုးနေသူများ ဖမ်းဆီးရမိ

**ပေါက်တော ဇူလိုင် ၂၄**

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်တွင် ဇူလိုင် ၁၉ ရက်က ကျွဲများခိုးထားသော စက်လှေတစ်စင်းကို ခိုးရာပါပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသည်။



ဖြစ်ပွားပုံမှာ ဇူလိုင် ၁၉ ရက် နံနက် ၉နာရီခွဲခန့်က ပေါက်တောမြို့နယ် ငပြီကျွန်းရွာမ အနောက်ဘက် ကုလားတန်မြစ်ပြင်တွင် သောင်တင်နေသော စက်လှေတစ်စင်းကို အနီးအနားရှိ ရွာသားများက တွေ့သဖြင့် စောင့်ကြည့်နေစဉ် ကျွဲများကို စက်လှေပေါ်တွင် မြင်ရ၍ မသင်္ကာသဖြင့် ရွာသားများဝိုင်းဝန်းရောက်လာကြပြီး ကြည့်ကြရာ စက်လှေပေါ်တွင် လူခုနစ်ဦးနှင့်ခိုင်းကျွဲလေးကောင်ကို တွေ့ရှိရသဖြင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံသို့ အကြောင်းကြားခဲ့သည်။ သတင်းရလျှင်ရချင်း ငပြီကျွန်းကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ ရောက်ရှိလာပြီး ပေါက်တောမြို့မရဲစခန်းသို့ ဆက်လက်အကြောင်းကြားခဲ့သည်။

နေ့လယ်ပိုင်းတွင် ပေါက်တောမြို့မရဲစခန်းမှ စခန်းမှူး ရဲအုပ်ဆန်းငွေနှင့်အဖွဲ့ ရောက်ရှိလာပြီး စစ်ဆေးရာ ၎င်းခုနစ်ဦးအနက် ဘယ်လာဟူဆောင်း (ဘ) အဘူကာဆိန်သည် ပေါက်တောမြို့နယ် အနောက်ရွှေကျေးရွာနေသူဖြစ်ပြီး ရော်ဘီကာလောင် (ဘ) နူမာလာကိန်း၊ နူကာလောင် (ဘ) ရော်ဖီး၊ အူစသွင်ဂေါ်နီ (ဘ) ကာလီဂျာ၊ ဆွေယော့တာလောင် (ဘ) မာမောက်စေယော့၊ ချူနာယာ (ဘ) ဖာကိန်းမာလီနှင့် အဘူကာလောင် (ဘ) အာမီရင်းဇာတို့မှာ အနောက်ရွှေ ကယ်ဆယ်ရေးစခန်းမှ ဖြစ်ကြောင်း၊ ကျွဲလေးကောင်မှာ ပေါက်တောမြို့နယ် ဟင်းခရော်ရခိုင်ကျေးရွာမှ ခိုးယူလာသော ကျွဲများ **(အောက်ပုံ)** ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည်။

၎င်းတို့ခုနစ်ဦးကို **(ဝဲပုံ)** ပေါက်တော မြို့မရဲစခန်းက (ပ)၉၂/ ၂၀၁၃၊ ပုဒ်မ ၃၇၉ (တ)၊ ကျင့် ၅၄ အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ပေါက်တောမြို့နယ်အတွင်း လယ်သမားများပိုင်ဆိုင်သည့် ကျွဲ၊ နွား ပျောက်ဆုံးမှုများ မကြာခဏဖြစ်ပွားပြီး လယ်ယာလုပ်ငန်းခွင်ထိခိုက်မှုများရှိနေသည်။ မဟာစင်မုန်တိုင်းနောက်ပိုင်း ဇူလိုင်လအတွင်း ပေါက်တောမြို့နယ်တွင် ကျွဲ ၂၈ ကောင်နှင့် နွား ၂၅ ကောင် ပျောက်ဆုံးခဲ့ကြောင်း သိရသည်။

**ကိုကြီးစော**



သင့်စီးပွားရေး လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလိုပါသလား။ အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ဝေသည့် မြန်မာ့အလင်း အားကစား အချပ်ပိုတွင် ထည့်သွင်းကြော်ငြာပါ။

သစ်တော သစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

## နွေစပါးစက်မှုလယ်ယာစနစ် တစ်ဆက်တစ်စပ်တည်း ဧက ၄၄၀ ကောက်ရိတ်သိမ်းပွဲ လာရောက်လေ့လာနိုင်ရန် ဖိတ်ကြားခြင်း




၁။ နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာ၊ ငလိုက်ဆည်ရေသောက်စနစ် တစ်ဆက်တစ်စပ်တည်း ဧက ၄၄၀ ပုလဲသွယ်စပ်မျိုးစပါး၊ နွေစပါးရိတ်သိမ်းပွဲကို ၂၇-၇-၂၀၁၂ ရက်မှ ၃၀-၇-၂၀၁၂ ရက်အထိ နေ့စဉ်ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

၂။ ခေတ်မီရိတ်သိမ်းခြွေလှေ့စက် ၁၀ စီးကျော်အင်အားကို တစ်ပြိုင်တည်းအသုံးပြု၍ တလင်းပျောက်စနစ်ဖြင့် ရိတ်သိမ်းသွားမည်ဖြစ်ပါသည်။ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ စက်မှုလယ်ယာစနစ်ကို စိတ်ဝင်စားကြသော စိုက်ပျိုးရေးပညာရှင်များ၊ လုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများ ပါဝင်လေ့လာတက်ရောက်နိုင်ရေးအတွက် ဖိတ်ကြားအပ်ပါသည်။

၃။ ထွက်ရှိလာသော စပါးများကို **"တန် ၇၀ ကျ ဆာတာတေးဆန်စက်သစ်"** ဖြင့် ကြိတ်ခွဲမှုကိုလည်း ပြသသွားမည်ဖြစ်ပါသည်။ နေသာချိန် နေ့စဉ် နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ ရိတ်သိမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**စိုက်ပျိုးရေးဦးစီးဌာန**

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## မြန်မာ့ရုပ်မြင်သံကြား

၂၅-၇-၂၀၁၂ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ ပြည်တွင်းသတင်း
၇း၂၀ ပြည်သူတို့ရဲ့ စကားသံများ
၈း၂၅ My Mind Game
My SEA Games
၁၀း၀၀ ပြည်တွင်းသတင်း
၁၀း၁၅ ကြယ်ပွင့်များရဲ့ရင်ခုန်သံ (စိုင်းဆိုင်မောဝ်)

**နေ့လယ်ပိုင်း**

၁၁း၁၅ ဆိုကြမယ်ပျော်ကြမယ်
၁၄း၅၀ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော် ဆိုင်းဝိုင်းကြီးနှင့် နိုင်ငံတော်သံစုံတီးဝိုင်း တွဲဖက်ဖျော်ဖြေတင်ဆက်မှု အစီအစဉ်

**ညပိုင်း**

၁၅း၀၀ ပြည်တွင်းသတင်း
၁၅း၁၅ ဇမ္ဗူဒီပါမှာထွန်းတဲ့ကျွန်း
၁၆း၁၅ မြန်မာစာ၊ မြန်မာစကား
၁၆း၄၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၁၉း၀၀ ပြည်တွင်းသတင်း
၂၀း၀၀ ပြည်တွင်းသတင်း

# မန္တလေးတိုင်းဒေသကြီး အကျဉ်းထောင်များမှ အကျဉ်းသား ၁၃ ဦး လွတ်ငြိမ်းခွင့်ပြု

**မန္တလေး ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီး မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ရှစ်ဦးနှင့် မြင်းခြံအကျဉ်းထောင်မှ အကျဉ်းသား ငါးဦး၊ တိုင်းဒေသကြီးအတွင်း အကျဉ်းသား ၁၃ ဦးကို ယမန်နေ့ ညနေ ၄ နာရီက ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရှိရသည်။

ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာနလက်အောက်ရှိ အကျဉ်းထောင်အလုပ်ရုံများတွင် ပြစ်ဒဏ်ကျခံလျက်ရှိနေကြသည့် ထိုက်သင့်သောပြစ်ဒဏ်များကို ကျခံပြီးသည့် နိုင်ငံတစ်ဝန်းရှိ အကျဉ်းသူ အကျဉ်းသား စုစုပေါင်း ၇၃ ဦးကို လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။

**မန်းမောင်မောင်**



## ပြည်တွင်းသတင်း

# ပန်းစိုက်ပျိုး၍ဝင်ငွေတိုး၊ ခနတောင်သူပျော်မဆုံး

ယခုအချိန်တွင် လှိုင်လှိုင်ပေါ်ထွက်လာသည့် ပန်းတစ်မျိုးသည် ဒေသအလိုက် အခေါ်အဝေါ်ကွဲပြားသည့် ပန်းတိမ်မနိုင်(ခေါ်)ပန်းတိမ်ငို ပန်းဖြစ်သည်။ အဖြူရောင်ပွင့်ဖတ်တွင် အဝါရောင်ဝတ်ဆံကြောင့် ပိုမိုထင်ရှားပြီး လှပသည့်ပန်းဖြစ်သည်။

**ကွင်းဆင်းလေ့လာ**

ယခင်က ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း နတ်တလင်း၊ ပေါင်းတည်၊ အင်းမ၊ ဝက်ပုတ်၊ သဲကုန်း တစ်ဝိုက်တွင် အများအပြားစိုက်ပျိုးရာမှ ယခုအခါ ရှမ်းပြည်နယ် ရွာငံမြို့နယ်အတွင်း စီးပွားဖြစ်စိုက်ပျိုးပြီး သီရိမင်္ဂလာဈေးကွက်အတွင်းသို့ ထိုးဖောက်လျက်ရှိကြောင်း ကွင်းဆင်းလေ့လာမှုအရ သိရသည်။

ရွာငံမြို့နယ် မြင်းကျဒိုး၊ မင်းတိုင်ပင်၊ မြိုင်စသည့် ကျေးရွာများတွင် ဧကပေါင်း ၈၀ ကျော် စိုက်ပျိုးထားပြီး နေ့စဉ် သေတ္တာများဖြင့်ထည့်ကာ ဖွဲ့စည်းထားသည့် ပန်းအစုအဖွဲ့က ရန်ကုန်သို့ တင်ပို့ရောင်းချလျက်ရှိသည်။ ပန်းတစ်ဧက စိုက်ပျိုးပါက ပန်းမျိုးဖိုးငွေကျပ် ၈၇၅၀၀၀၊ နွားချေးမြေဩဇာအတွက် ငွေကျပ် သုံးသိန်း၊ မြေဩဇာ လေးအိတ် ငွေကျပ် ၁၃၆၀၀၀၊ မြေပြုပြင်ခ ငွေကျပ် ၆၀၀၀၀၊ ပိုးသတ်ဆေး ငွေကျပ် တစ်သိန်း၊ လုပ်အားခငွေကျပ် ၈၀၀၀၀ ခန့် စုစုပေါင်း ၁၅၅၁၀၀၀ ကုန်ကျပြီး ပန်းခူးကာလ လေးလအတွင်း ပန်းရောင်းရငွေကျပ် သိန်း ၃၀ ခန့်ဖြစ်၍ အရင်းနုတ်ပါက ၁၄ ဒသမ ၄၉ သိန်းခန့် အမြတ်ကျန်ကြောင်း ပန်းအစုအဖွဲ့အတွင်းရေးမှူး မင်းတိုင်ပင်ရွာသား ကိုအောင်ကျော်မျိုးက ပြောပြသည်။

**ပျော်မဆုံး**

ဆက်လက်၍ ဥက္ကဋ္ဌဖြစ်သူ ဦးကောင်းညွန့်က ရှမ်းပြည်နယ် (အရှေ့ပိုင်း၊တောင်ပိုင်း) သမဝါယမ အသင်းစုချုပ်နှင့် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ကူညီပံ့ပိုးမှုကြောင့် သီရိမင်္ဂလာဈေးတွင် ဆိုင်ခန်းတစ်ခန်း ရရှိသဖြင့် ပွဲစားမခံဘဲ တိုက်ရိုက်တင်ပို့ရောင်းချနိုင်ကာ ဈေးကွက်လက်ဦးမှု ရရှိပြီး တွက်ခြေကိုက်ကြောင်း၊ ပန်းစတင်ပေါ်သည့် ဇွန်လဆန်းတွင် ၁၀ ခက်ပါတစ်စည်း ငွေကျပ် ၁၃၀၀ ခန့်ရပြီး ယင်းအချိန်မှစကာ ပန်းလှိုင်လှိုင်ပေါ်သည့်ရာသီအထိ တဖြည်းဖြည်းချင်း ငွေကျပ် ၈၅၀၊ ၆၀၀၊ ၄၅၀၊ ၂၅၀ အထိ ဈေးကဆင်းသွားကြောင်း၊ ယခုဇူလိုင်လအတွင်း ၁၀ ခက်ပါတစ်စီး ငွေကျပ် ၄၅၀ ရကြောင်း ရှင်းလင်းပြောကြားသည်။ ခနတောင်သူများအနေဖြင့် မိုးစပါး၊ ဂျုံ၊ ပြောင်း၊ ဂေါ်ဖီ၊ ဂေါ်ရခါး၊ ပန်းနှမ်း စသည့် သီးနှံများအပြင် ယခု ပန်းတိမ်မနိုင်ပန်းပါ ဈေးကွက်ထိုးဖောက်ရောင်းချနိုင်သဖြင့် လက်ဖျားငွေသီးပြီး ပျော်မဆုံးရှိနေကြသည်။ **နိုင်ထွန်း**(TGI)

# ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၂၄-၇-၂၀၁၃ **ရွှေဈေး** (အောင်သမာဓိရွှေဆိုင်)

| | | |
|---|---|---|
| ၁၆ ပဲရည်(အခေါက်ရွှေ) | တစ်ကျပ်သား | ၇၀၂၀၀၀ |
| ၁၅ ပဲရည် | တစ်ကျပ်သား | ၆၆၀၇၀၀ |

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး** (ပြင်ပငွေလဲပေါက်ဈေး)

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၉၇၉ - ၉၈၀ | ကျပ် |
| ဥရောပ | တစ်ယူရို | ၁၂၈၂ - ၁၂၉၉ | ကျပ် |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၆၆ - ၇၇၈ | ကျပ် |
| ထိုင်း | တစ်ဘတ် | ၃၁.၈ - ၃၂ | ကျပ် |
| အိန္ဒိယ | တစ်ရူပီး | ၁၆ - ၁၆.၄၂ | ကျပ် |
| တရုတ် | တစ်ယွမ် | ၁၅၆ - ၁၆၀ | ကျပ် |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၄ - ၃၀၉ | ကျပ် |

**စက်သုံးဆီဈေးနှုန်းများ** (Max/Newday စက်သုံးဆီအရောင်းဆိုင်)

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ၈၁၄ | ကျပ် |
| ဒီဇယ် | တစ်လီတာ | ၉၁၀ | ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၉၂၀ | ကျပ် |
| အောက်တိန်း ၉၅ | တစ်လီတာ | ၁၀၈၀ | ကျပ် |
| ပရီမီယံဒီဇယ် | တစ်လီတာ | ၉၃၀ | ကျပ် |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း** (သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ငါးကြင်း | တစ်ပိဿာ | ၃၀၀၀ - ၆၀၀၀ | ကျပ် |
| ၂။ငါးမြစ်ချင်း | တစ်ပိဿာ | ၁၃၀၀ - ၂၇၀၀ | ကျပ် |
| ၃။ငါးရံ့ | တစ်ပိဿာ | ၄၅၀၀ - ၆၀၀၀ | ကျပ် |
| ၄။ငါးဖယ် | တစ်ပိဿာ | ၅၀၀၀ - ၁၂၀၀၀ | ကျပ် |
| ၅။ ပုစွန်(ကျော့) | တစ်ပိဿာ | ၃၅၀၀ - ၄၈၀၀ | ကျပ် |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၃၅၀၀ - ၂၁၀၀၀ | ကျပ် |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၉၅၀၀ - ၂၀၀၀၀ | ကျပ် |
| ၈။ ကြက် | တစ်ပိဿာ | ၄၀၀၀ - ၈၀၀၀ | ကျပ် |
| ၉။ ဝက် | တစ်ပိဿာ | ၄၀၀၀ - ၈၀၀၀ | ကျပ် |
| ၁၀။ အမဲ | တစ်ပိဿာ | ၃၀၀၀ - ၇၀၀၀ | ကျပ် |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၀၀၀၀ - ၁၅၀၀၀ | ကျပ် |

**ခင်ရတနာ-စုစည်းသည်။**

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | | |
|---|---|---|---|
| ၁။ | နွေဆန် | တစ်အိတ် | ၁၈၄၀၀ |
| ၂။ | ပေါ်ကွဲ | တစ်အိတ် | ၂၂၀၀၀ |
| ၃။ | ပေါ်ဆန်း | တစ်အိတ် | ၂၄၀၀၀-၂၉၅၀၀ |
| ၄။ | မြေပဲဆီ | တစ်ပိဿာ | ၃၉၀၀ |
| ၅။ | စားအုန်းဆီ | တစ်ပိဿာ | ၁၅၁၈ |
| ၆။ | ဆိပ်ဖြူကြက်သွန်နီ | တစ်ပိဿာ | ၅၃၀(ဒုံး) |
| ၇။ | ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၁၅၀-၁၈၀၀ |
| ၈။ | ကြူကုတ်ကြက်သွန်ဖြူ | တစ်ပိဿာ | ၉၂၅-၉၅၀ |
| ၉။ | အာလူး(အောင်ပန်း) | တစ်ပိဿာ | ၄၀၀-၆၈၀ |
| ၁၀။ | ဝါးခယ်မငရုတ်ရှည် | တစ်ပိဿာ | ၁၉၅၀-၂၀၀၀ |
| ၁၁။ | ဆင်ဖြူကျွန်းငရုတ်ပွ | တစ်ပိဿာ | ၄၀၀၀ |
| ၁၂။ | သကြား | တစ်ပိဿာ | ၉၃၀-၁၀၅၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်သည်။

**ခင်ဆိုင်-စေ့ငုတင်ပြသည်။**

# မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**လောင်းလုံး ဇူလိုင် ၂၄**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် ပြင်းထိန်ကျေးရွာ၌မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၃ရက် နံနက် ၇နာရီက ကျင်းပခဲ့သည်။ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ပါတီဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ကျေးရွာမီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများ စုပေါင်းစိုက်ပျိုးကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ယူကလစ် ပင် ၄၀၀၊ မဟော်ဂနီပင် ၁၀၀ နှင့် ပျဉ်းကတိုးပင် ၁၀၀ စုစုပေါင်း သစ်ပင် ၆၀၀ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**

# ကြက်သွန်နီဈေးအနည်းငယ်တက် စားအုန်းဆီဈေး အနိမ့်တွင်သာရှိ

**ရန်ကုန် ဇူလိုင် ၂၄**

ဇူလိုင် တတိယပတ်အတွင်းကြက်သွန်နီ နေ့စဉ်ပိဿာချိန် နှစ်သိန်းခန့်သာ ပျမ်းမျှဝင်ရောက်ရာမှ ဇူလိုင် ၂၃ ရက်တွင် ပိဿာချိန် ၂၈၀၀၀၀ အဝင်ရှိသော်လည်း ပြည်ပပို့နှင့် ပြည်တွင်းဈေးကွက် အဝယ်လိုက်သဖြင့် ဈေးနှုန်းအနည်းငယ် တက်လာကြောင်း၊ ဇူလိုင်လ တတိယပတ်အတွင်း ကြက်သွန်နီ တစ်ပိဿာ ၄၅ ကျပ်ဈေးတက်လာသော်လည်း ဇူလိုင် ၂၃ ရက်တွင် အရွယ်အစားမရွေး(ဒုံး) တစ်ပိဿာ ငွေကျပ် ၅၃၀ ဖြစ်လာ၍ တစ်ပိဿာ ငွေကျပ် ၆၀ သာ ဈေးတက်သည်ဟု သိရသည်။ ဇူလိုင်လဆန်းတွင် လတ်ချောအလုံးသေးနှင့် ရှယ်အလုံးကြီး တစ်ပိဿာ ၅၅ ကျပ် ဈေးကွာခြားမှုရှိသော်လည်း ဈေးကွက်တွင် သုံးရက်ဆက်တိုက် အရွယ်အစားမရွေး ဒုံးဈေးနှုန်းတစ်မျိုးတည်းသာ ရောင်းလာကြောင်း သိရသည်။

ပိတ်ရက်များတွင် စားအုန်းဆီဈေးနှုန်းတက်လေ့ရှိသည့် သဘာဝရှိသော်လည်း ယခုပိတ်ရက်များတွင် ဈေးနှုန်းမြင့်တက်မှုမရှိဘဲ ဈေးနှုန်းအနိမ့်တွင်သာရှိနေရာ ဇူလိုင် ၂၃ ရက်တွင်စားအုံးဆီ လက်ကားတစ်ပိဿာ ၁၅၂၂ ကျပ်နှုန်းသာရှိကြောင်း သိရသည်။ ဇူလိုင် ၁၅ရက်က လက်ကားဈေးတစ်ပိဿာ ၁၅၃၅ ကျပ်နှုန်းရှိခဲ့ကြောင်း၊ ဇူလိုင် ၂၃ ရက်က မလေးရှား စားအုန်းဆီ FOB တစ်တန်ဈေးနှုန်း ဒေါ်လာ ၈၁၀၊ ငွေလဲနှုန်း ၉၈၅ ကျပ်ဖြင့် ဆိပ်ကမ်းရောက် တစ်ပိဿာ (အရင်းဈေး) ၁၅၅၃ ကျပ် ရှိကြောင်း ဆီဈေးကွက်မှ သိရသည်။

**အနည်းငယ်ကျ**

အောင်ပန်း အာလူးအသစ်များသည်လည်း ယနေ့ပိဿာချိန် ၁၂၀၀၀၀ ဝင်ရောက်ပြီး ဈေးနှုန်းအနည်းငယ်ကျလာကြောင်း၊ ဇူလိုင် ၂၃ ရက်က အောင်ပန်း အာလူးတစ်ပိဿာ ငွေကျပ် ၃၇၅-၄၇၅-၅၇၅-၆၀၀ နှုန်းရှိကြောင်း နယ်ပို့အဝယ်တော်များက ဆိုသည်။ **ခင်ဆိုင်**

ဦးသာရင် ၏ သွက်ချာပါဒ လေငန်းဆေးမှုန့်
Certificate TH09/3125
ISO 9001:2008 နှင့် GMP
Certificate TH06/3966.01

## အတိအလင်းကန့်ကွက်ကြောင်းကြေညာခြင်း

၁၈-၇-၂၀၁၃ ရက်စွဲပါ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာပါ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၅)၊ ကျောက်တောင်ရပ်၊ ဘောဂလမ်း၊ အမှတ် ၂၃၄ နေ ဒေါ်လုလုတင်၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ခင်သာ (LL.B ၊ တရားလွှတ်တော်ရှေ့နေ၊ ပြင်ဦးလွင်မြို့)၏ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်းနှင့်စပ်လျဉ်း၍ အများသိစေရန် ကန့်ကွက်ကြောင်း ကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ ကွက်ပြင်(၃)၊ အကွက်အမှတ် (RA-III)၊ ဦးပိုင်အမှတ်-၁/င၊ မြေယာအမှတ် 4-D၊ မြေဧရိယာ ဝဒသမ ၆၇ ဧကရှိမြေနှင့် မြေပေါ်ရှိအဆောက်အအုံကို ဒေါ်ချီးဟွာ ၁၃/လရန(နိုင်)၀၆၈၀၂၆ နှင့် မိသားစုက မြေဂရန်အမှတ် ၃၈၃/၁၉၉၉-၂၀၀၀ အရ ဒေါ်ချီးဟွာသည် ၁၅-၅-၁၉၉၄ မှ ၁၄-၅-၂၀၂၄ အထိ နှစ် ၃၀ ဂရန်ရရှိပြီး ၁၉၉၆ မှ ၃-၁၂-၂၀၁၂ ရက်အထိ တရားဝင်အမည်ပေါက် ပိုင်ဆိုင်လက်ဝယ်ထားရှိ နေထိုင်ခဲ့ပါသည်။

ဦးအိုက်အောင်ဆိုသူနှင့် ဒေါ်ဝေဝေစန်းဆိုသူတို့ ဖြစ်ပွားသည့် ယခင်မန္တလေးတိုင်းတရားရုံး တရားမကြီးအမှုအမှတ် ၁၀၃/၂၀၀၃ရက်တွင် ဒေါ်ချီးဟွာကိုပါ တရားပြိုင်အဖြစ် ထည့်သွင်းစွဲဆိုခဲ့ပါသည်။ တရားရုံးအဆင့်ဆင့် ဆုံးဖြတ်ပြီးသော်လည်း ဒေါ်ချီးဟွာနှင့် ခင်ပွန်းဖြစ်သူ မန်ပန်ပြည်သူ့စစ်ခေါင်းဆောင် ဦးစိုင်းမွန်းတို့သည် မိမိတို့ တရားဝင်ပိုင်ဆိုင်လျက်ရှိပြီး နှစ်ပေါင်းများစွာ အသုံးပြုခဲ့သော မြေနှင့်အဆောက်အအုံကို လက်လွှတ်ရခြင်းဖြစ်သည့်အတွက် မှန်ကန်စွာဖြစ်စေရန် သက်ဆိုင်ရာ တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းများသို့ မိမိတို့နစ်နာမှုကို မှန်ကန်တည့်မတ်ပေးအောင် ဆောင်ရွက်ပေးပါရန် တိုင်ကြားထားပြီး ဖြစ်ပါသည်။ ယခုအခါ မည်သို့မျှ ဆုံးဖြတ်ရခြင်းမရှိသေးပါ။ သို့ဖြစ်ပါလျက် အရောင်းအဝယ်လွှဲပြောင်းပြုလုပ်မှု အရပ်ရပ်အားလုံးကို ကန့်ကွက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကန့်ကွက်ကြေညာချက်ကို ဆန့်ကျင်၍ အရောင်းအဝယ်လွှဲပြောင်းမှုကိစ္စ ဆောင်ရွက်ခဲ့လျှင် ရောင်းသူဝယ်သူတို့၏ တာဝန်ဖြစ်ကြောင်း အများသိစေရန် အတိအလင်း ကြေညာအပ်ပါသည်။

**ဒေါ်ချီးဟွာ ၁၃/လရန(နိုင်)၀၆၈၀၂၆**
**အမှတ် ၈၅၇၊ ရှမ်းခိုလောင်းလမ်းနှင့် စံလုံလမ်းထောင့်၊ ရပ်ကွက် ၁၂၊ နယ်မြေ ၁၆၊ လားရှိုးမြို့**

## နိုင်ငံတကာအားကစားသတင်း

## ဆွာရက်ဇ်ကို ပေါင်သန်း၄၀နှင့် မရောင်းနိုင်

ဥရုဂွေးတိုက်စစ်မှူး လူးဝစ်ဆွာရက်ဇ်ကို အာဆင်နယ်က ပေါင် သန်း ၄၀ ပေး ကမ်းလှမ်းခဲ့သော်လည်း လီဗာပူးက ပယ်ချလိုက်သည်။ အသက် ၂၆ နှစ်အရွယ်ရှိ တိုက်စစ်မှူးဆွာရက်ဇ်အား ပေါင် သန်း ၄၀ ကျော်ပေးသည့်တိုင်အောင် ရောင်းမည်မဟုတ်ကြောင်း လီဗာပူးက ပြောကြားလိုက်သည်။

ဆွာရက်ဇ်သည် လီဗာပူးအသင်း၏အဓိက ကစားသမားဖြစ်ပြီး ယမန်နှစ် ဘောလုံးရာသီက ပွဲပေါင်း ၄၄ ပွဲတွင် ဂိုး ၃၀ သွင်းယူခဲ့သည်။ ဆွာရက်ဇ်သည် မကြာသေးမီက ပီအက်ဖ်ဂျီက ခေါ်ယူလိုက်သော ကာဗာနီကဲ့သို့ အနည်းဆုံးပေါင် ၅၅ သန်းတန်သူဖြစ်ကြောင်း လီဗာပူးနည်းပြဘရီဒန်းရော်ဂျားစ်က ပြောကြားလိုက်သည်။

## ကားလ်အွန်နရီအား ကျူပီအာ နှစ်နှစ်စာချုပ်

ကျူပီအာက ဝုဖ်အသင်းမှ ကွင်းလယ်ကစားသမား အသက် ၃၀အရွယ် ကားလ်အွန်နရီကို ပြောင်းရွှေ့ကြေး ထုတ်ဖော်ကြေညာခြင်းမရှိဘဲ နှစ်နှစ်စာချုပ်လိုက်သည်။ ၎င်းသည် နည်းပြဟယ်ရီရက်နက်လက်ထက် တတိယမြောက်ခေါ်ယူခဲ့သည့် ကစားသမားဖြစ်လာသည်။ အွန်နရီသည်၂၀၀၆ ခုနှစ် က စတုတ်မှပြောင်းလာပြီး ပွဲပေါင်း ၂၇၂ ပွဲတွင် ခုနစ်ဂိုးသွင်းယူပေးခဲ့သည်။

## ရာသီအကြိုပွဲများ ရွန်းနေပါဝင်နိုင်



တိုက်စစ်မှူး ရွန်းနေသည်လာမည့် ဩဂုတ် ၆ ရက်တွင် ဆွီဒင်ကလပ် Alk Fotball နှင့်ယှဉ်ပြိုင်မည့် ပြိုင်ပွဲတွင် ပါဝင်ကစားရန် နည်းပြဒေးဗစ်မိုယက်စ်က မျှော်လင့်ထားသည်။ ရွန်းနေသည် မန်ယူမှ ထွက်ခွာလိမ့်မည်ဟု ထင်ကြေးပေးနေသော်လည်း ရောင်းချမည်မဟုတ်ကြောင်း မိုယက်စ်က ပြောကြားခဲ့သည်။ ရွန်းနေသည် တံကောက်ကြော ဒဏ်ရာကြောင့် ထိုင်းမှ အင်္ဂလန်သို့ ပြန်လာခဲ့သည်။ အသက် ၂၇ နှစ် အရွယ်ရှိ ရွန်းနေသည် ရာသီအကြို ပြိုင်ပွဲများအတွက် ကစားချိန် ၂၄နာရီအထိသာ ကစားပေးမည်ဟု ဆိုသည်။ သို့သော်လည်း ဆွီဒင်နှင့် ချစ်ကြည်ရေးပွဲတွင် ပါဝင်ကစားမည်ဟု မျှော်လင့်ရသည်။

**ကောင်းမြတ်သူ-စုစည်းသည်**

## ဘာစီလိုနာနည်းပြ စင်မြင့်ကိုတက်လာတဲ့ မာတီနို



**ဘာစီလိုနာတို့ကတော့ မထင်မှတ်တာကို လုပ်လိုက်ပြီ။ ပရိသတ်တွေ စိတ်ဝင်စားနေတဲ့ နည်းပြရာထူးကို ဘယ်သူ့လက်ထဲ အပ်နှင်းမလဲဆိုတာကိုပါ။ ဖြစ်နိုင်ခြေနည်းပြဟောင်း စာရင်းတွေထွက်ပေါ်ခဲ့ပေမယ့် မထင်မှတ်ထားတဲ့ ပါရာဂွေးအသင်းနည်းပြဟောင်း မာတီနိုကို ယုံကြည်စွာနဲ့ တာဝန်ပေးလိုက်ပြီ ဖြစ်ပါတယ်။**

အသက် ၅၀ အရွယ်ရှိတဲ့ မာတီနိုဟာ တကယ်တော့ ထင်ရှားတဲ့ နည်းပြမဟုတ်ပါဘူး။ ဒါပေမယ့် သူ့မှာထူးခြားတဲ့ စွမ်းဆောင်ရည်တွေရှိနေတယ်ဆိုတာကို ဘာစီလိုနာ တာဝန်ရှိသူတွေက သိရှိထားပါတယ်။ ထိပ်တန်းကလပ်အသင်းကို တာဝန်ယူမယ့်သူဟာ ဆန်းသစ်တဲ့ အတွေးအခေါ်၊ ထူးခြားတဲ့စွမ်းဆောင်မှုတွေတော့ ရှိရမှာဖြစ်တယ်လို့ ဘာစီလိုနာတို့က ဆိုနေပါတယ်။

မာတီနိုကို ဘာစီလိုနာက နှစ်နှစ်စာချုပ်နဲ့ တာဝန်ပေးဖို့ သဘောတူလိုက်ပြီဖြစ်လို့ ကင်ဆာရောဂါခံစားနေရတဲ့ ဘာစီလိုနာနည်းပြဟောင်း ဗီလာနိုဗာရဲ့နေရာမှာ အစားထိုးတာဝန်ယူတော့မှာ ဖြစ်ပါတယ်။

အာဂျင်တီးနား နိုင်ငံသား မာတီနိုဟာ ဘာစီလိုနာအသင်းသမိုင်းမှာတော့ လေးဦးမြောက် အာဂျင်တီးနားနိုင်ငံသား နည်းပြဖြစ်လာခဲ့ပါပြီ။ သူ့အရင်မှာ မီနော့တီ၊ ရိုကွီအိုလ်ဆင်နဲ့ ဟာရီရာတို့က ဘာစီလိုနာနည်းပြတွေအဖြစ် တာဝန်ယူခဲ့ဖူးပါတယ်။

မာတီနိုအတွက်ကလည်း တောင်အမေရိကပြင်ပမှာ ပထမဆုံးနည်းပြတာဝန်ယူတာဖြစ်ပြီး တာဝန်ယူရမယ့် အသင်းကလည်း ကမ္ဘာ့ထိပ်တန်းကလပ် ဘာစီလိုနာဖြစ်နေတာမို့ ကိုယ်တိုင်လည်း အံ့ဩဂုဏ်ယူမိတယ်လို့ ဆိုပါတယ်။ သူအံ့ဩမယ်ဆိုရင်လည်း အံ့ဩစရာပါပဲ။

ဘာစီလိုနာနည်းပြရာထူးအတွက် ရေပန်းစားနေတာက ဘာစီလိုနာ (B) အသင်းရဲ့နည်းပြဟောင်း အင်ရီကွီ၊ စပါးနည်းပြ ဗီလက်ဘိုအက်စ်၊ ဆွမ်ဆီးနည်းပြ လော့ဒရပ်၊ အင်ဇီနည်းပြက မကြာမီက နုတ်ထွက်ခဲ့တဲ့ ဂူဟာစ်ဒင့်စတဲ့ သူတွေဖြစ်ပါတယ်။

ဘာစီလိုနာ အသင်းခေါင်းဆောင် ပူယိုးလ်ကတော့ မာတီနိုရဲ့စွမ်းဆောင်ရည်ကို မိမိကောင်းကောင်းသိကြောင်း၊ နည်းဗျူဟာနဲ့ အစီအမံအပိုင်းမှာ အားနည်းချက်နည်းအောင် ခင်းကျင်းနိုင်သူဖြစ်ကြောင်း ထောက်ခံပြောကြားနေပါတယ်။

မာတီနိုဟာ အာဂျင်တီးနားကလပ် Newell's Old Boys အသင်းမှာ ပွဲပေါင်း ၅၀၅ပွဲ ကစားခဲ့သူဖြစ်ပြီး အာဂျင်တီးနား အသင်းအတွက်လည်း ကစားပေးခဲ့သူဖြစ်ပါတယ်။ ဒါ့အပြင် စပိန်၊ အီကွေဒေါနဲ့ ချီလီနိုင်ငံ ကလပ်တွေမှာ သွားရောက်ကစားခဲ့ပြီး ၁၉၉၆ ခုနှစ်မှာ ဘောလုံးကစားခြင်းက အနားယူခဲ့တာဖြစ်ပါတယ်။

မာတီနိုဟာ နည်းပြအဖြစ်နဲ့ အာဂျင်တီးနားကလပ် ဘရောင်းဒီအာရီစီဖက်စ်၊ ပလာတင်စီနဲ့ အင်စကီတူတို ကလပ်တွေမှာ တာဝန်ယူခဲ့ပါတယ်။ ဒါ့အပြင် ပါရာဂွေးကလပ်တွေဖြစ်တဲ့ လီဘာတက်၊ ဆာရိုပေါ်တီနိုအသင်းတွေမှာလည်း နည်းပြတာဝန်ထမ်းဆောင်ခဲ့သူပါ။ နောက်ပြီး ပါရာဂွေးအသင်း နည်းပြအဖြစ်တာဝန်ယူပြီး ကမ္ဘာ့ဖလားကွာတားဖိုင်နယ်အထိ တက်ရောက်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်ပါတယ်။ ၂၀၁၁ ကိုပါအမေရိကဖလားပွဲမှာ ဒုတိယရရှိအောင် ကြိုးစားပေးခဲ့သူမို့ ဘာစီလိုနာမှာ ဘယ်လိုအောင်မြင်မှုတွေပေးနိုင်မလဲဆိုတာ စောင့်ကြည့်ရမှာပါ။

**မိုးမြင့်လင်းလက်**

## ဘောလုံးသတင်း အတိုအထွာ

**မောင်ချစ်ကြည်**

- ရီးရဲမက်ဒရစ်က စပါးတောင်ပံကစားသမား ဂါရတ်ဘေးလ်ကို ပြောင်းရွှေ့ကြေးပေါင် ၈၅ သန်းပေးရန် အသင့်ရှိနေသည်။
- လိုင်ယွန်တိုက်စစ်မှူး လိုပက်ဇ်ကို စပါးအသင်းက ကမ်းလှမ်းမှုထပ်မံ ပြုလုပ်လိုက်သည်။
- အက်သလက်တီကို အသင်းကွင်းလယ်ကစားသမား အသက် ၂၀အရွယ်ရှိ ဘားနက်ကို ပေါင် ၂၁ သန်းဖြင့် အာဆင်နယ်က စာချုပ်ရန်ကြိုးစားနေသည်။
- မန်ယူက ခေါ်ယူရန်ပြင်ဆင်နေသော လာဇီယိုကွင်းလယ်ကစားသမား ၂၆ နှစ်အရွယ်ရှိ ကန်ဒရီဗာကို ရောင်းချမည်မဟုတ်ဟု ပြောကြားသည်။
- ဗလင်စီယာအသင်း နောက်ခံကစားသမား စီဆိုခိုအား လီဗာပူးကအငှား စာချုပ်ဖြင့်ခေါ်ယူမည် ဖြစ်သည်။
- စပါးအသင်းသည် ဗလင်စီယာတိုက်စစ်မှူးအသက် ၂၈ နှစ်အရွယ်ရှိ ဆိုလ်ဒါဒိုကို ပေါင် ၁၈ သန်းဖြင့် ခေါ်ယူရန်ပြင်ဆင်နေသည်။
- မာယော့ကာအသင်းက ဗီလာနောက်ခံ ကစားသမားအလန်ဟတ်တန်အား တစ်နှစ်အငှားစာချုပ်ဖြင့် ခေါ်ယူမည်ဖြစ်သည်။
- ဝက်စ်ဘရွန်းခံစစ်မှူး အသက် ၂၉ နှစ် အရွယ်ရှိ ရစ်ဂီဝဲလ်ကို ဖူလ်ဟမ်ကခေါ်ယူရန် စောင့်ကြည့်လျက်ရှိသည်။
- ဘာမင်ဂန်အသင်းမှ အသက် ၁၅ နှစ်အရွယ် ကွင်းလယ်ကစားသမား နာဘေးကို ဖူလ်ဟမ်အသင်းက စာချုပ်တော့မည်ဖြစ်သည်။
- ဆဲလ်တစ် အသင်းသည် ဝုဖ်အသင်းတိုက်စစ်မှူး ဒွိုင်လီကို စာချုပ်နိုင်ရေးကြိုးစားနေသည်။
- မန်ယူကွင်းလယ်ကစားသမား ကာဂါဝါကအသင်းဟောင်းဒေါ့မွန်သို့ တစ်ချိန်ချိန်တွင် ပြန်ကစားမည်ဟု ထုတ်ဖော်ပြောကြားသည်။
- အေစီမီလန်က ဂျပန်ကွင်းလယ်တိုက်စစ်မှူး ဟွန်ဒါကို ခေါ်ယူရန် ဆက်သွယ်လျက်ရှိသည်။

## လူမှုရေးအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများ ချိတ်ဆက်ဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေး

**မတူပီ ဇူလိုင် ၂၄**

မတူပီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း အကျိုးဆောင်များအား သက်ဆိုင်ရာဌာနဆိုင်ရာများအလိုက် လူမှုရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၁၉ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်ထွေးက ချင်းပြည်နယ် (UNDP) စီမံကိန်းမှူး ဦးစတီးဗဲင်းဗန်ဘိခ်နှင့် (UNDP) ရုံးချုပ် ကိုယ်စားလှယ် ဦးခင်ကျော်တို့က အမှာစကားပြောကြားပြီးနောက် မြို့နယ်စီမံကိန်းညှိနှိုင်းရေးမှူး ဦးအောင်သိန်းဝင်းက ကျေးရွာအကျိုးဆောင်များ၏ လုပ်ငန်းစာရင်းကို သက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)


**ထွန်းဖောင်ဒေးရှင်းဘဏ်လီမိတက်**
**ထွန်းဖောင်ဒေးရှင်းဘဏ်ပညာသင်ဆုရရှိသူများအား**
**အသိပေးကြေညာခြင်း**

ထွန်းဖောင်ဒေးရှင်းဘဏ်လီမိတက်က ၂၀၀၆-၂၀၀၇ ပညာသင်နှစ်မှစ၍ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသည့် ပထမနှစ်သင်တန်းသို့ တက်ရောက်ကြမည့် ဆေးတက္ကသိုလ်များမှ ကျောင်းသား၊ ကျောင်းသူ ၁၇ ဦး၊ နည်းပညာတက္ကသိုလ်များမှ ငါးဦး၊ စီးပွားရေးတက္ကသိုလ်များမှ ငါးဦး၊ ပညာရေးတက္ကသိုလ်များမှ ငါးဦး၊ ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်များမှ ၁၀ ဦး၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ငါးဦး၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ သုံးဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၅၀ တို့ကို နှစ်စဉ်ရွေးချယ်၍ ပထမနှစ်မှ ဘွဲ့ရရှိသည်အထိ ပညာသင်ဆု ချီးမြှင့်ထောက်ပံ့ခဲ့ပါသည်။ အဆိုပါပညာသင်ဆုရရှိခဲ့သော ကျောင်းသား၊ ကျောင်းသူများအနက်မှ ဘွဲ့ရရှိပြီးနောက် မဟာဘွဲ့သင်တန်းများသို့ ဆက်လက်တက်ရောက်၍ ပညာသင်ကြားနေသူများနှင့် ပြည်ပနိုင်ငံများတွင် ဆက်လက်ပညာသင်ကြားနေသူများရှိသကဲ့သို့ အလုပ်ခွင်ဝင်ရောက်ရန် အဆင်သင့်ဖြစ်နေသူများလည်း ရှိနေပါသည်။

အလုပ်ခွင်ဝင်ရောက်ရန် စောင့်ဆိုင်းနေသူများအား ထွန်းဖောင်ဒေးရှင်းဘဏ်လီမိတက်၊ ထွန်းဖောင်ဒေးရှင်းအခမဲ့ဆေးရုံနှင့် ထွန်းဖောင်ဒေးရှင်းဘဏ်၏ ညီနောင်ကုမ္ပဏီများတွင် အလုပ်ခန့်ထားလိုပါ၍ ဝင်ရောက်လုပ်ကိုင်လိုသူများသည် မိမိတို့၏ ပညာအရည်အချင်းအလိုက် စိတ်ပါဝင်စားသော အလုပ်နေရာများအတွက် အောက်ပါလိပ်စာသို့ ၃၀-၉-၂၀၁၃ ရက် နောက်ဆုံးထား၍ အလုပ်လျှောက်လွှာများ ပေးပို့လျှောက်ထားနိုင်ပါသည်။

**ထွန်းဖောင်ဒေးရှင်းဘဏ်လီမိတက်**
**အမှတ် ၂၃၀၊ မဟာဗန္ဓုလလမ်းနှင့် ဗိုလ်မြတ်ထွန်းလမ်းထောင့်၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၉၀၀၀၈၇၉၊ ၉၀၀၀၈၈၀၊**
**Fax ၀၁-၉၀၀၀၈၇၈၊ ၉၀၀၀၈၈၆**
**Email-tunfoundationbank@mptmail.com.mm**


## စာအုပ်စာပေ လူ့မိတ်ဆွေ





**TUN FOUNDATION BANK LIMITED**

**VACANCY ANNOUNCEMENT FOR**
**MANAGER HUMAN RESOURCES**

Tun Foundation Bank is a Private Bank, which has operating in Myanmar since 1994. The network has grown and now has branches around the country. The bank is currently undertaking a major modernization program, and as part of that process needs to improve the management of its staff, with its primary focus being on the development and performance management of its staff. To that end the Bank wants to hire a new Manager Human Resources.

**Purpose of the job**

To date Tun Foundation Bank has had a limited Human Resources Department, which as we modernize has been found wanting. The job holder will be responsible for setting up and managing a new Human Resources Department, who's primary goal is to help the Bank achieve its targets through the development of its staff and putting in place a fair and transparent performance management processes. The job holder would be on the Top Team of the Bank.

**Job Functions**

1. Manage the new appraisal process and ensure fairness in its implementation including handling disputes.
2. Help identify and retain talent.
3. Manage development plans and training needs for staff. Ensure follow up on action plans.
4. Coordinate training activities.
5. Coordinate recruitment.
6. Monitor the pay, terms and conditions of staff within the wider banking market.
7. Confidentiality in dealings with staff.
8. Help staff with personal issues (family, illness, money etc.)
9. Ensure the bank understanding and complies with the labour laws of Myanmar.
10. Standardise promotion and job grades across the bank and facilitate greater opportunity for staff to move between jobs and locations within the Bank.

**Who can apply**

We are ideally looking for an HR professional with past HR experience, however it is not a requirement. We are looking for a motivated self starter, who believes in the importance of development and performance management. This may well suit a returning Myanmar national with work experience in either HR, or related business lines. A good understanding about how HR departments are run overseas would be an advantage.

Please submit your CV together with a paragraph about why you think you would be suitable for this job and want to do it. **tunfoundationbank@gmail.com** Application deadline Friday the 9th of August.

# သဘာဝထိန်းသိမ်းရေးနယ်မြေများအတွင်း ပြစ်မှုကျူးလွန်သူများအား အရေးယူ

**နေပြည်တော် ဇူလိုင် ၂၄**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနအနေဖြင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးနှင့်ပတ်သက်၍ သဘာဝထိန်းသိမ်းရေးနယ်မြေများ သတ်မှတ်ဖွဲ့စည်းပြီး တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့်သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေကို ပြဋ္ဌာန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ သဘာဝနယ်မြေများအတွင်းကို သက်ဆိုင်ရာဝန်ထမ်းများက ကင်းလှည့်စစ်ဆေးခြင်းကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။ ထိုကဲ့သို့ ဆောင်ရွက်လျက်ရှိရာတွင် ပြစ်မှုကျူးလွန်သူများကို သက်ဆိုင်ရာသစ်တောဝန်ထမ်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်းကာ ထိထိရောက်ရောက် အရေးယူဆောင်ရွက်လျက်ရှိသည်။ ထိုကဲ့သို့ အရေးယူဆောင်ရွက်ခဲ့ရာတွင် ဇွန်လအတွင်းက မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအတွင်း သရောမျော ၃၀၀ ခုတ်ယူခဲ့သည့် ပြစ်မှုကျူးလွန်သူ တရားခံငါးဦးကို ဖမ်းဆီးရမိခဲ့သည်။

ထို့အတူ အလောင်းတော် ကဿပ အမျိုးသားဥယျာဉ်အတွင်း ကျွန်းသစ် ၁၃ လုံး( ၃ ဒသမ ၄၂၇တန်)၊ ကျွန်းခားရွှေတုံး ငါးတုံး (၁ ဒသမ ၃၉၁တန်)၊ ရွှေဥဒေါင်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအတွင်းအင်နှင့်သစ်ရာ ၁၁လုံး (၄ ဒသမ ၆၁၄တန်)နှင့် ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း အင်သစ်လုံးရှစ်လုံး (၂ ဒသမ ၀၁တန်)၊ လှည်းငါးစီးနှင့် နွား ၁၀ ကောင်တို့ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့သည်။

အလားတူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်တွင် တရားမဝင်ကုန်းလိပ် ၇၇ကောင်၊ ပိဿာ ၃၀နှင့် တနင်္သာရီတိုင်းဒေသကြီးမြိတ်မြို့တွင် တရားမဝင် ငှက်သိုက် (ဖြူ/ညို အစို တစ်ပိဿာ)၊ ချင်းပြည်နယ် တီးတိန်နှင့် ကလေး-တမူးကားလမ်းတွင် သင်းခွေချပ်အကြေးခွံခုနစ်ပိဿာ၊ ချေသားရေ ၇၂ ချပ်နှင့် သစ်ခွခြောက် ၉၅ ပိဿာတို့ကို တရားခံများနှင့်တကွ ဖမ်းဆီးရမိခဲ့သည်။ ဖမ်းဆီးရမိသည့် တရားခံများကို တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေပုဒ်မ ၃၆(က)၊ ၃၆(ခ)နှင့် ၃၇(က)တို့အရ တရားစွဲဆိုအရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

# စေတနာမွန်လူမှုကူညီရေးအသင်းသို့ မော်တော်ယာဉ်တစ်စီး ပေးအပ်လှူဒါန်း

**နောင်ချို ဇူလိုင် ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့ စေတနာမွန် လူမှုကူညီရေးအသင်းသို့ မော်တော်ယာဉ်တစ်စီး ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၁၈ ရက် နံနက်၉ နာရီက အသင်းရုံး၌ကျင်းပရာ စေတနာမွန်လူမှုကူညီရေးအသင်း ဥက္ကဋ္ဌဦးတင်ဦး၊ သ/မဦးစီးအရာရှိ (ငြိမ်း)ထံသို့ နောင်ချိုမြို့နယ် ကုန်းစံကျေးရွာအုပ်စု နားမုံကျေးရွာ အလှူရှင် ဦးကျော်ထွန်းနိုင်နှင့်ဇနီး ဒေါ်နီလာဆွေမိသားစုက နီဆန်းဆလွန်းယာဉ်တစ်စီးကို ပေးအပ်လှူဒါန်းခဲ့သည်။

အသင်းဥက္ကဋ္ဌက မော်တော်ယာဉ်အလှူရှင်မိသားစုထံ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။ ဆက်လက်၍ ဟော်တော်ကျောင်းတိုက်ဆရာတော် ဦးဝါသေဋ္ဌက ဩဝါဒကထာ ချီးမြှင့်တော်မူကြောင်း သိရသည်။ **(၀၆၁)**

# လောင်းကစားမှုများ ပပျောက်ရေး ပြင်ဦးလွင်၌ ဆောင်ရွက်

**ပြင်ဦးလွင် ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီးပြင်ဦးလွင်မြို့တွင် လောင်းကစားမှုများလုံးဝပပျောက်ရေးအတွက်စီမံချက်ချမှတ်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များမှ နေ့စဉ်နှစ်လုံးထီ၊ သုံးလုံးထီ၊ ကာစီနိုလောင်းကစားများ၊ ဘောလုံးလောင်းကစားနှင့် အနိုင်ခန်းများကို ရပ်ကွက်နေပြည်သူများ၏ အသံနှင့်သတင်းရယူ၍ ဖမ်းဆီးလျက်ရှိသည်။

ထိုသို့ ဖမ်းဆီးနေစဉ် နှစ်လုံးထီလောင်းကစား ပြုလုပ်နေကြောင်း သတင်းအရ ဇူလိုင် ၁၇ ရက်က သက်သေများနှင့်အတူ ပြင်ဦးလွင်မြို့မရဲစခန်းမှူး ဒုတိယရဲမှူး ကံလှိုင်နှင့် တပ်ဖွဲ့ဝင်များသည် ပြင်ဦးလွင် ရပ်ကွက်ကြီး(၁၀) (ခ)ရပ်ကွက် ခွာညိုလမ်းနေ ဒေါ်မြင့်မြင့်သန်း အသက် (၄၇နှစ်) ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နှစ်လုံးထီလောင်းကစားပစ္စည်းများနှင့်နှစ်လုံးထီရောင်းကြေးငွေကျပ်၅၃၀၀၀ ကို တွေ့ရှိသိမ်းဆည်းရမိသဖြင့် နှစ်လုံးထီရောင်းချသူဒေါ်မြင့်မြင့်သန်းကို ပြင်ဦးလွင်မြို့မရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူထားကြောင်းသိရသည်။ **(၀၃၂)**

## ပြည်တွင်းသတင်းနှင့်ကြော်ငြာ



# မင်္ဂလာတောင်ညွန့်မြို့နယ် စာရေးဆရာအသင်းစည်းဝေး

**ရန်ကုန် ဇူလိုင် ၂၄**

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် စာရေးဆရာအသင်း၏ ဒုတိယအကြိမ်မြောက် နှစ်ပတ်လည်မဂ္ဂဇင်း စာအုပ်ထုတ်ဝေရေးနှင့် အထွေထွေအထူးအစည်းအဝေးကို ဇူလိုင် ၂၁ ရက် ညနေ ၄ နာရီက ဖို့မြေလမ်းအတွင်းရှိအသင်းရုံးခန်း၌ ကျင်းပရာ သဘာပတိမြို့နယ် စာရေးဆရာ အသင်းဥက္ကဋ္ဌ ဒေါက်တာသက်ဆွေက နှစ်ပတ်လည်မြို့နယ် မဂ္ဂဇင်းထုတ်ဝေရေးအတွက် အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

မြန်မာနိုင်ငံစာရေးဆရာအသင်း ဂုဏ်ထူးဆောင်နာယက စာရေးဆရာ တက္ကသိုလ်စိုးယဉ်က ဗဟိုသို့တင်ပြပို့ဆောင်ပေးရမည့် အစီအစဉ်များကို ထည့်သွင်းအမှာစကား ပြောကြားသည်။ အသင်းအတွင်းရေးမှူး ဦးရဲဇော်(ရဲဇော်)က အသင်းဝင်များ၏ စာပေအရည်အသွေးမြှင့်တင်ပေးသည့် စာပေအကျိုးပြုလုပ်ငန်းတစ်ရပ်အနေဖြင့် ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတိုသုံး မျိုး၊ စာမူပြိုင်ပွဲကျင်းပရန်အတွက် ဩဂုတ် ၃၁ ရက် နောက်ဆုံးထား၍ စာမူများပေးပို့ရန် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သော အသင်းဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်နိုင်ရေး ဗဟိုသို့ စာရင်းပေးပို့နိုင်ရန်၊ ဩဂုတ် ၁၅ ရက်နောက်ဆုံးထား၍ စာရင်းပြုစုရေး၊ ၁၃၇၅ ခုနှစ်သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့နိုင်ရေးကို စက်တင်ဘာ ၃ ရက် နောက်ဆုံးထားပေးပို့ရန်တို့ကို ရှင်းပြဆွေးနွေးညှိနိုင်းကြသည်။ တက်ရောက်လာကြသော မြို့နယ်စာရေးဆရာအသင်းအမှုဆောင်အဖွဲ့ဝင်များ အပြန်အလှန်ညှိနှိုင်းဆွေးနွေးပြီး အထူးအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **အောင်သန်း(မင်္ဂလာတောင်ညွန့်)**


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ ကျန်းမာရေးဦးစီးဌာန၊ လပွတ္တာခရိုင် ခုတင်(၂၀၀) ပြည်သူ့ဆေးရုံကြီးတွင် သုံးစွဲရန်အတွက် လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါဖြင့်ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**
**စတင်ရောင်းချမည့်ရက်** - ၂၉-၇-၂၀၁၃ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၉-၈-၂၀၁၃ ရက် ညနေ ၄ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး**
**ခုတင်(၂၀၀)ဆေးရုံအုပ်ကြီးရုံး၊ လပွတ္တာမြို့၊ ဖုန်း-၀၄၂-၈၃၀၂၅၊ ၀၉-၈၆၀၁၁၅၄**

## စက်မှုဝန်ကြီးဌာန
## အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း
## အမှတ်(၂၃)အကြီးစားစက်ရုံ(ညောင်ခြေထောက်)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၂၃) အကြီးစားစက်ရုံ(ညောင်ခြေထောက်)ရှိ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်။

**လုပ်ငန်းအမည်** - ရေကန်(၂)ကန်ပြုပြင်ခြင်းလုပ်ငန်း (အနံ ၁၄ပေ× အလျား ၂၃ ပေ× အမြင့် ၈ပေ ၆လက်မ)× ၂ကန်
**တင်ဒါပုံစံစတင်ရောင်းချမည့် နေရာနှင့်ရက်** - အမှတ်(၂၃) အကြီးစားစက်ရုံ(ညောင်ခြေထောက်)၊ ၂၃-၇-၂၀၁၃ ရက်
**တင်ဒါပိတ်ရက်နှင့်အချိန်** - ၂-၈-၂၀၁၃ ရက်၊ ညနေ ၄း၀၀ နာရီ
**တင်ဒါစိစစ်မည့်နေရာ** - အမှတ်(၂၃) အကြီးစားစက်ရုံ (ညောင်ခြေထောက်)

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့် အချက်အလက်များကို အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၅၃-၄၂၂၁၃၊ ၄၂၂၁၄၊ ၀၉-၄၉၅၀၁၂၉၁ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ **အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**

## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးဦးစီးဌာန
## ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ရန်ကုန်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)တွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန်လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရဆေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**
**စတင်ရောင်းချမည့်ရက်** - ၂၉-၇-၂၀၁၃ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၈-၈-၂၀၁၃ ရက် ညနေ ၄ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးဝါးများစာရင်း အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၁-၂၂၁၀၁၃၊ ၀၁-၂၂၂၈၀၄-၈၀၆၊ (လိုင်းခွဲ-၁၈၀)**

## အလှကုန်ထုတ်လုပ်ရေးဌာနခွဲ ငှားရမ်းရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း၊ အမှတ်(၁) ဆေးဝါးစက်ရုံ(ရန်ကုန်)၏ ကြီးကြပ်မှုအောက်ရှိ အလှကုန်ထုတ်လုပ်ရေးဌာနခွဲအား ငှားရမ်းရန် အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါပုံစံစတင်ရောင်းချမည့် ရက်နှင့်အချိန်** - ၂၃-၇-၂၀၁၃ ရက် (အင်္ဂါနေ့)(ရုံးချိန်)
(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၃-၈-၂၀၁၃ ရက် (သောကြာနေ့) ညနေ ၄ နာရီ
(ဂ) **တင်ဒါပေးသွင်းရမည့်နေရာ** - ရုံးအမှတ် (၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်

၂။ စည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ဖော်ပြပါလိပ်စာ၌ ရုံးချိန်အတွင်း ရယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိလိုပါက စုံစမ်းနိုင်ပါသည်။

**ပစ္စည်းစီမံရေးဌာန**
**ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း (ရုံးချုပ်)**
**စက်မှုဝန်ကြီးဌာန**
**ရုံးအမှတ်(၃၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၈၁၉၅၊ ၄၀၈၂၇၅၊ ၄၀၈၂၇၆**

## သာကေတမြို့အောင်စကြာမိုးကုတ်ဝိပဿနာဓမ္မရိပ်သာ
## ဝါတွင်းအထူးတရားစခန်းနှင့်ပဋ္ဌာန်းစွသမုပ္ပါဒ်အထူးသင်တန်း

သာကေတမြို့အောင်စကြာ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကြီး၏ကျေးဇူးတော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်နှင့် မိုးကုတ် ဝိပဿနာအဖွဲ့ချုပ်၊နာယကချုပ် ဘဒ္ဒန္တဝိမလဗုဒ္ဓိ၏ဆန္ဒတော်နှင့်အညီ နှစ်စဉ်ကျင်းပမြဲဖြစ်သော ၁၃၇၅ ခုနှစ်ဝါတွင်းကာလအထူးတရားစခန်းပွဲများကို ဝါဆိုလပြည့်ကျော် (၆)ရက်မှ (၁၅)ရက် ဦးခေမာစာရ(အောင်ခေမာ - သံလျင်) ဝါခေါင် လဆန်း (၆)ရက်မှ (၁၅)ရက် ဦးတေဇိန္ဒ(တေဇိန္ဒာရာမ - မ/ဒဂုံ)၊ဝါခေါင်လပြည့်ကျော်(၅)ရက်မှ(၁၄)ရက်ဦးအဂ္ဂဉာဏ (ဘုရားလေး)၊တော်သလင်းလဆန်း (၆)ရက်မှ (၁၅)ရက် ဦးဉာဏောဘာသ (သဖင်ရေကျော်)၊ တော်သလင်းလပြည့်ကျော်(၆)ရက်မှ(၁၅)ရက် ဦးဩဘာသ (ဖြေဆည်ရာ လေးထောင့်ကန်)၊သီတင်းကျွတ်လဆန်း(၆)ရက်မှ(၁၅)ရက်ဦးစန္ဒသီရိနှင့်ဆရာဦးဆန်းတင်(အောင်စကြာ - သာကေတ)တို့မှပဋ္ဌိစ္စသမုပ္ပါဒ်၊နှင့်သစ္စာလေးပါးတရားတော်များအားဟောကြားမည်ဖြစ်သဖြင့်တရာစခန်းဝင်နိုင်ရန်ကြိုတင်နိုးဆော်အပ်ပါသည်။တရားစခန်းပွဲများ၌ အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲနှင့် ဖြည့်စွက်ဆွမ်း ကုသိုလ်ရှင်များ သည် ဖုန်း၅၄၇၀၂၈နှင့်၀၉၅၁၄၇၃၈၂သို့ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**ဆဋ္ဌမအကြိမ်မြောက်ပဋ္ဌိစ္စသမုပ္ပါဒ်အထူးသင်တန်းအစီအစဉ်**

ဝါခေါင်လဆန်း(၁)ရက်(၇-၈-၂၀၁၃)နေ့ မွန်းလွဲ (၁း၀၀)နာရီမှ စတင်၍ဓမ္မကထိကဗဟုဇနဟိတဓရ အောင်စကြာဆရာတော်ကြီးမှ နေ့စဉ်အခြေခံမှ ပို့ချပေးသွားမည်ဖြစ်ရာ သင်တန်းနှင့် ပါတ်သက်၍ အသေးစိတ် သိရှိလိုပါကဖုန်း၊ ၅၄၇၀၂၈၊၀၉၅၁၄၇၃၈၂နှင့် ၀၉၇၃၁၉၂၄၀၉တို့သို့ဆက် သွယ်စုံစမ်းနိုင်ပါသည်။
Face book;aungsatkyarmogokaskmg ၌ကြည့်ရှုနိုင်ပါသည်။

## ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
## မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
## လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်။

| | | | |
|---|---|---|---|
| (က) | Computer & Accessories | - | (11) Items |
| (ခ) | အိတ်ချိန်းစက်ပစ္စည်း | - | (12) Items |
| (ဂ) | Copier & Projector | - | (3) Items |
| (ဃ) | Camera & Voice Recorder | - | (5) Items |
| (င) | စက်ပစ္စည်း | - | (3) Items |
| (စ) | ရုံးသုံးပရိဘောဂ | - | (11) Items |
| (ဆ) | Carpet & Water Cooler | - | (2) Items |
| (ဇ) | Computer & Accessories | - | (9) Items |
| (ဈ) | Emboss Machine နှင့် Pressure Pump | - | (2) Items |
| (ည) | စက်ပစ္စည်း | - | (9) Items |
| (ဋ) | Language Lab Multimedia Unit for 24 Students နှင့် PA System | - | (2) Items |
| (ဌ) | Server & Accessories | - | (10) Items |
| (ဍ) | Fiber Cable & Accessories | - | (12) Items |
| (ဎ) | Transmission ပစ္စည်း | - | (17) Items |
| (ဏ) | Manhole Frame & Cover, Cement နှင့် MS Rod | - | (3) Items |
| (တ) | 4" UPVC Pipe | - | (615) Nos |
| (ထ) | Cable နှင့် ဆက်စပ်ပစ္စည်း | - | (17) Items |
| (ဒ) | Computer & Accessories | - | (8) Items |
| (ဓ) | Fax Paper Roll (216mm x 30m) | - | (2000) Rolls |
| (န) | RT & Television | - | (2) Items |
| (ပ) | Laptop Computer & Printer | - | (2) Items |
| (ဖ) | Bandwidth Tester, E1 Tester, ODTR & Spare Parts | - | (4) Items |

၂။ တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀ိ/နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၁၃-၈-၂၀၁၃ရက် ၁၃း၀၀နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံနှင့် တင်ဒါခေါ်ယူသည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန**
**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ပစ္စည်းဌာန)**
**အမှတ်(၄၃)၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၃၈၀၂၃၁၊ ၀၁-၃၈၄၇၂၂**


**ဖခင် အမည်မှန်**

ထားဝယ်တက္ကသိုလ်၊ အဝေးသင်ဌာနခွဲ၊ ၂၀၁၂ခုနှစ် စီးပွားရေးပညာအဓိက ခုံအမှတ် ၃/စီ-၂၄ ဖြင့် အောင်မြင်ခဲ့သော နော်ဖဲတီးနာ၏ ဖခင်အမည်မှန်မှာ စောဆေးဘာ ဖြစ်ပါကြောင်း။ **စောဆေးဘာ ၆/ရဖန(နိုင်)၀၅၃၃၀၂**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ



# ရပ်ကွက်ဓမ္မာရုံအသစ် လွှဲပြောင်းပေးအပ်

**နေပြည်တော် ဇူလိုင် ၂၄**

နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်၌အသစ်ဆောက်လုပ်ပြီးစီးသွားသည့် ဓမ္မာရုံသစ်ကြီးတွင် ပူဇော်မည့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်အားဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ခြင်းနှင့်ရပ်ကွက်ဓမ္မာရုံသစ်ကြီး လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကိုဇူလိုင်၂၁ရက် နံနက်ပိုင်းက ယင်းဓမ္မာရုံ၌ ကျင်းပသည်။

ရွှေဦးစွာ မဟာဝိဇိတာရုံကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တကဝိန္ဒ အရှင်သူမြတ်အမှူးပြုသော သံဃာတော်များက ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ကြသည်။

ထို့နောက် အသစ်ဆောက်လုပ်ပြီးစီးခဲ့သော ရပ်ကွက်ဓမ္မာရုံသစ်ကြီးနှင့်သက်ဆိုင်သော စာရွက်စာတမ်းများကို နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးသန်းဦးက လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ဓမ္မာရုံသစ်ကြီးတွင် ပူဇော်ထားရှိသည့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်နှင့် ဓမ္မာရုံသစ်ကြီးတွင် လိုအပ်သည့် ပစ္စည်းများအတွက် အလှူတော်ငွေများကို အလှူရှင်များကိုယ်စား ရပ်မိရပ်ဖ ဦးမောင်ပုက ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါ အခမ်းအနားသို့ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးသန်းကျော်ထူးနှင့် ကော်မတီဝင် ဦးသန်းဦး၊ ရွှေကြာပင်ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ဓမ္မာရုံထိန်းသိမ်းရေးအဖွဲ့ဝင်များ၊ ရပ်ကွက်နေ ပြည်သူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# နွေစပါး စံကွက် ရိတ်သိမ်း

**မူဆယ် ဇူလိုင် ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့နယ် နောင်လောင်းကျေးရွာအုပ်စု နမ့်လောင်းကျေးရွာ၌ သိပ္ပံနည်းကျစိုက်စနစ်နှင့်အညီ စိုက်ပျိုးထားသော နွေစပါးစံပြကွက် ဧက ၅၀မှ တောင်သူ ဦးစိုင်းရီအောင်၏ စိုက်ဧက ၁ ဒသမ ၉၀ ဧကရှိ အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး စိုက်ခင်းကို ဇူလိုင် ၂၂ ရက် နံနက် ၁၀နာရီက ရိတ်သိမ်းခဲ့ရာ တစ်ဧကအစို ၂၃၉ ဒသမ ၆၇ တင်း၊ အခြောက် ၂၂၇ ဒသမ ၆၈ တင်းထွက်ရှိခဲ့သည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းအောင်နှင့် ကွင်းဝန်ထမ်းများ၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဇော်နိုင်နှင့်ဝန်ထမ်းများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့်နွေစပါးစိုက်တောင်သူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**အယ်လ်စိုး(iprd)**

# လီဆူစာပေ ယဉ်ကျေးမှုကော်မတီ စစ်ရှောင်စခန်းများသို့ လှူဒါန်း

**မြစ်ကြီးနား ဇူလိုင် ၂၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ လီဆူစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီမှ အတွင်းရေးမှူး ဦးဆာကီ၊ တွဲဖက်အတွင်းရေးမှူး ဦးဆီဟူးဒွေ့နှင့် ဘဏ္ဍာထိန်း ဦးဖူဟူးတော်တို့သည် အလှူရှင် ဦးထွန်းရှင် လှူဒါန်းသော စောင်၊အမျိုးသား အမျိုးသမီး လုံချည်နှင့် ရွှေဝါဆပ်ပြာတောင့်များ စုစုပေါင်း ငွေကျပ် သုံးသိန်းဖိုးကို ဇူလိုင် ၂၁ ရက် မွန်းလွဲ ၁ နာရီက ဝိုင်းမော်မြို့နယ်ရှိ မခေါယန်ကယ်ဆယ်ရေးစခန်းသို့ သွားရောက်ကာ တာဝန်ရှိသူထံသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မိုဃ်းကျ(မြစ်ကြီးနား)**

# ဆရာ ဆရာမများ ထပ်မံခန့်ထားပေးရန် မျှော်လင့်

**ရန်ကုန် ဇူလိုင် ၂၄**

ညောင်ပင်ကွင်းကျေးရွာရှိ အထကခွဲ၊ အမကကျောင်းများတွင် ဆရာ ဆရာမများလုံလောက်မှုမရှိကြောင်း ဧရာဝတီတိုင်းဒေသကြီး ညောင်ပင်ကွင်းကျေးရွာရှိ အထကခွဲမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီမြင့်က ပြောကြားသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် ကျေးရွာအုပ်စု ၇၆ အုပ်စုရှိပြီး အထက်တန်းကျောင်း ငါးကျောင်းနှင့်မူလွန်ကျောင်း ၃၀ နီးပါးရှိကြောင်း၊ ဆရာ ဆရာမများ လုံလောက်မှုမရှိကြောင်း၊ သင်ကြားရေး အခက်အခဲဖြစ်နေကြောင်း၊ ဒေသခံမဟုတ်သော ဆရာ ဆရာမများက ကျောင်းအပြောင်းအရွှေ့လုပ်နေကြ၍ အခက်ကြုံနေရကြောင်း၊ ဒေသခံ ဆရာ ဆရာမများ ခန့်ထားပေးပါက ပိုအဆင်ပြေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးမောင်မောင်စိုးက ပြောကြားရာတွင် "ကျေးရွာအထကခွဲနဲ့ မူလွန်ကျောင်းတွေက ကျောင်းသားဦးရေနဲ့အညီ ဆရာ ဆရာမလုံလောက်ဘူး။ ဆရာ ဆရာမ တစ်ဦးနှစ်ဦးပဲရှိတဲ့ ကျောင်းတွေလည်းရှိတယ်။ ပြီးတော့ ဒေသခံဆရာ ဆရာမတွေကို ဒေသမှာပဲ စာသင်ကြားလို့ရအောင်လည်း တင်ပြခဲ့ပါတယ်"ဟု ပြောပြခဲ့သည်။

အနာဂတ်ကလေးများအတွက် ဆရာ ဆရာမ မရှိသော ထိုဒေသများတွင် ဒေသခံ ဆရာ ဆရာမများနှင့်သင်ကြားရန် နေ့စားလရှင်း ဆရာ ဆရာမများ ခန့်ပေးစေလိုသည်ဟု ဒေသခံများနှင့်အထကခွဲ ကျောင်းအုပ်ဆရာကြီးက သက်ဆိုင်ရာသို့ တင်ပြတောင်းခံထားကြောင်း သိရသည်။

**ရွှေထူး**

# လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

**ဆိပ်ဖြူ ဇူလိုင် ၂၄**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ဆိပ်ဖြူမြို့သင်တန်းခန်းမ၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးခြင်း ကျန်းမာရေး အသိပညာပေး ဟောပြောပွဲကို ဇူလိုင်၂၃ရက် နံနက် ၁၀ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်မြင့်က အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးခင်ထွေးက လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေးခြင်း၊ ကျန်းမာရေး ဦးစီးဌာန ကျန်းမာရေးမှူး ဦးသိန်းနိုင်က သွေးလွန်တုပ်ကွေးရောဂါဆိုင်ရာကာကွယ်ရေး အသိပညာ ပေးခြင်းတို့ကို ဟောပြောကြသည်။

အဆိုပါ အခမ်းအနားသို့ ဌာနဆိုင်ရာအရာရှိများ၊ သင်တန်းကျောင်းအုပ်ဆရာမကြီးနှင့် သင်တန်းနည်းပြများ၊ သင်တန်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြသည်။

**မြို့နယ် ပြန်/ဆက်**


## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## ( ၄ / ၂၀၁၃ )

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| (၁) | IFB-031(2013-2014) | (a) SSB/HF Transceiver (Synthesized) (25 W-100W) | (2) Nos | US$ |
| | | (b) VHF/FM Transceiver (Synthesized) (25 W) | (1) No | |
| | | (c) VHF/FM Transceiver (Walkie-Talkie) (5 W) | (11) Nos | |
| (၂) | IFB-032(2013-2014) | Spares for Komatsu Dozer | (16) Items | US$ |
| (၃) | IFB-033(2013-2014) | Spares for Kobelco Excavator | (10) Items | US$ |
| (၄) | IFB-034(2013-2014) | Spares for Kobelco Excavator | (11) Items | US$ |
| (၅) | IFB-035(2013-2014) | Spares for D 375 Rig Pump | (21) Items | US$ |
| (၆) | IFB-036(2013-2014) | 2 7/8" AOH Drill Pipe and Accessories (1) Lot | (3500) MTR | US$ |
| (၇) | IFB-037(2013-2014) | 13 5/8"x 3K Well Head Assy | (1) Lot | US$ |
| (၈) | IFB-038(2013-2014) | 13 5/8"x 5K Well Head Assy | (1) Lot | US$ |
| (၉) | IFB-039(2013-2014) | 4 3/4" Tri Cone Rock Bit | (10) Nos | US$ |
| (၁၀) | IFB-040(2013-2014) | National Torque Convertor ( C 245 – 125 ) | (3) Nos | US$ |
| (၁၁) | DMP/L-016(2013-2014) | Nissan Engine & Gear Box (Recondition) | (1) Set | Kyat |
| (၁၂) | DMP/L-017(2013-2014) | 2" Pitch Double Roller Chain & Offset Link | (2) Items | Kyat |
| (၁၃) | DMP/L-018(2013-2014) | 10.00 x 20 Tyre, 11.00 x 20 Tyre, 12.00 x 20 Tyre, 7.50 x 16 Tyre , 7.00 x 16 Tyre & 20.5 x 25-24 Ply Tyre | (6) Items | Kyat |
| (၁၄) | DMP/L-019(2013-2014) | Rubber Cushion For CAT-3512 Engine & Mitsubishi Generator | (48) Nos | Kyat |
| (၁၅) | DMP/L-020(2013-2014) | Bearings, Oil Seals & O-Rings For EMSCO Drilling Rig | (1) Lot | Kyat |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၉-၈-၂၀၁၃ရက် ၁၃း၀၀နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)နေပြည်တော်သို့လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆**



## မြေကျယ်ကျယ် ရောင်းမည်

ပဲခူး (၁၀မိုင်ကုန်း)၊ ကျောက်တန်းလမ်းခွဲ၊ ပဏ္ဏိတာရာမတောရစခန်းအနီး၊ ပိုင်ရှင်ကိုယ်တိုင် ရောင်းမည်။ ပွဲစားမလို။

**ဖုန်း-၀၉-၃၁၀၆၆၄၃၄ (ရုံးချိန်အတွင်းသာ)**



## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား ဂိုဒေါင်ရောက် တန်ဖိုး D.D.P (Paung Laung/Hlaw Gar) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No. 13/DHPI/Lining Form/2013-2014

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| 1. | Lining Form | 4 Sets (Paung Laung-2 Sets, Hlaw Gar-2 Sets) |

၂။ ပစ္စည်းများ၏ (Specification, Manufacture. Country of Origin) တို့အား ၁၃-၈-၂၀၁၃ရက် ၁၂း၀၀ နာရီတွင် နောက်ဆုံးထား၍ ကြိုတင်တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ ခုနှစ် ဩဂုတ် ၂၇ ရက် မွန်းတည့် ၁၂း၀၀နာရီဖြစ်ပြီး ၁၃း၀၀ နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ် (၃၈)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၀၈၁**



## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)ရှိ သံကန်အမှတ် T-201 အတွင်းမှ ဆီပျက်အနယ်အနှစ် ၂၅၅၁၃၀ ဂါလန်ကို မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁-၈-၂၀၁၃ရက်မှ ၂-၉-၂၀၁၃ရက်အထိ (ရုံးချိန်အတွင်း)

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - (က) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ရုံးအမှတ် ၄၄၊ နေပြည်တော်
(ခ) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်၇(က)၊ သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

၄။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်၊ အချိန်နှင့်နေရာ** - ၃-၉-၂၀၁၃ ရက် (အင်္ဂါနေ့) ၁၂း၀၀နာရီ၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ရုံးအမှတ် ၄၄၊ နေပြည်တော်

**တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့်အချိန်**- ၃-၉-၂၀၁၃ရက် ၁၃း၀၀နာရီ

၅။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၃၄၉၊ ၀၆၇-၄၁၁၁၂၂၊ ၀၆၇-၄၁၁၁၉၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ နေပြည်တော်**



## အမွေပြတ်စွန့်လွှတ်ခြင်းမှ ပြန်လည်ရုပ်သိမ်းခြင်း

၂၃-၁-၂၀၀၈ခုနှစ် မြန်မာ့အလင်းသတင်းစာပါ မအိအိဖြူ ၁၀/မဒန(နိုင်)၁၀၅၈၀၈ (ဘ) ဦးဝင်းကြည် ၁၀/မဒန(နိုင်)၀၂၃၃၄၆ အား သမီးအဖြစ် အမွေပြတ်စွန့်လွှတ်ခြင်းမှ ပြန်လည်ရုပ်သိမ်းပါကြောင်း။

**ဦးဝင်းကြည်**
**၁၀/မဒန(နိုင်)၀၂၃၃၄၆**
**မုဒုံမြို့**



## ကန့်ကွက်နိုင်ပါသည်

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ယုဇနပလာဇာ၊ ပထမထပ်ဆိုင်ခန်းအမှတ် S9-2 တွင် တပ်ဆင်ထားသော ဒေါ်တင်တင်ဝေ ၁၂/မရက(နိုင်)၀၈၄၁၈၅ ဝယ်ယူတပ်ဆင်ထားသော ယုဇနပလာဇာလိုင်းခွဲဖုန်း-၂၁၃၁၈၏ ဘောက်ချာမူရင်းပျောက်ဆုံးသွားပါ၍ မိတ္တူမှန်ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ယုဇနပလာဇာ**
**ဒုတိယထပ်ရုံးခန်း**
**ဖုန်း-၂၀၀၈၀၁၊ ၄၄၄၄၃၄၄၄**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# ရမည်းသင်း၌ ပဲတီစိမ်းအထွက်နည်း ပဲအငှားခွဲသူများ ဝင်ငွေလျော့လာ

**ရမည်းသင်း ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်း ပဲတီစိမ်းပေါ်ချိန်၌ ပဲခွဲစက်ထောင်၍ ပဲအငှားခွဲသူများ ပဲထွက်နှုန်းနည်း၍ ဝင်ငွေလျော့နည်းလာကြောင်း သိရသည်။

ပဲတီစိမ်းခွဲခမှာ တစ်တင်းလျှင် ငွေကျပ် ၄၀၀ စက်ခအဖြစ် သတ်မှတ်ပြီး တစ်နေရာနှင့် တစ်နေရာ အရွှေ့အပြောင်းမရှိပါက တစ်နေ့လျှင် ပဲတင်း ၁၀၀ ကျော်ခွဲနိုင်ကာ ဆီတစ်ဂါလန်လျှင် တင်း ၆၀ ကျော် ကြိတ်ခွဲနိုင်ပြီး ပဲစိုပါက ကြိတ်ခွဲချိန်ကြာပြီး ဆီပိုကုန်သဖြင့် နံနက်ပိုင်းတွင် ပဲတောင့်များ နေလှန်းပြီး ညနေပိုင်းတွင် ကြိတ်ခွဲကြသည်။ ပဲတောင့်များပါက နေကုန်ကြိတ်ခွဲကြကြောင်း သိရသည်။

ပဲခွဲစက် ထောင်ထားသူများသည် လူငှားတစ်ဦးလျှင် ထမင်းကျွေး ကျပ် ၂၀၀၀ နှုန်းပေးရပြီး တချို့စက်ထောင်၍ ပဲအငှားခွဲသူများမှာ အလုပ်သမားများအား တင်းစားအဖြစ် တစ်တင်းလျှင် ကျပ် ၅၀ ပေးရကာ တစ်နေ့လျှင် တင်းပေါင်း ၅၀ မှ ၆၀အထိ ကြိတ်ခွဲရ၍ အလုပ်သမားများ ဝင်ငွေကောင်းမွန်သော်လည်း ယခုနှစ်တွင် ပဲတီစိမ်းပင်များ ပွင့်ဖူးဝင်ချိန်၌ မိုးပြတ်လပ်၍ ပဲထွက်နှုန်းနည်းသောကြောင့် ပဲခွဲစက်ထောင်၍ ပဲခွဲအငှားလိုက်သူများ ဝင်ငွေလျော့နည်းရခြင်းဖြစ်ကြောင်း သိရသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**



# ဓမ္မာရုံသစ် မင်္ဂလာပန္နက်တိုင်စိုက်ထူ ပထမအကြိမ်အလှူငွေ ပေးအပ်

**လွိုင်လင် ဇူလိုင် ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်မြို့ ဓာတ်တော်ကျောင်း သာသနဝေပုလ္လပရိယတ္တိစာသင်တိုက် ကုန်းမြေပေါ်တွင် ဆောက်လုပ်မည့် ဓမ္မာရုံသစ်ကြီး၏မင်္ဂလာပန္နက်တိုင်စိုက်ထူခြင်းနှင့် ပထမအကြိမ် အလှူငွေပေးအပ်ပွဲကို ၁၃၇၅ ခုနှစ် ဝါဆိုလဆန်း ၁၁ ရက် (ဇူလိုင် ၁၈ ရက်) ကြာသပတေးနေ့ နံနက် ၈ နာရီက ကျင်းပရာ ပင်လုံပိဋကတ် ကျောင်းဆရာတော်၊ လွိုင်လင်မြို့ လယ်ကျောင်းဆရာတော်၊ ရတနာစည်ကျောင်း ဆရာတော်၊ ဓာတ်တော်ကျောင်း ဆရာတော်၊ လွိုင်လင်တပ်နယ်မှူး၊ လွိုင်လင်ခရိုင် အုပ်ချုပ်ရေးမှူး၊ ဂေါပကအဖွဲ့နာယက၊ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ တို့က အစီအစဉ်အလိုက် နေ့နံအလိုက် ရတနာအုတ်များ ချစီပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ဓမ္မာရုံသစ်ကြီးသည် အလျားပေ ၁၀၀၊ အနံပေ ၁၇၀ နှစ်ထပ်အာရ်စီ အမျိုးအစားဖြစ်ပြီး LEON ကုမ္ပဏီကတာဝန်ယူဆောက်လုပ်မည်ဖြစ်သည်။ စေတနာရှင် အလှူရှင်များ ပါဝင်လှူဒါန်းလိုပါက ဓာတ်တော်ကျောင်း ဆရာတော် ဖုန်း-၀၅၂-၁၀၉၅စသို့လည်းကောင်း၊ ဦးစိုင်းညွန့်ရွှေ ဂေါပကဥက္ကဋ္ဌ (ကမ္ဘောဇစတိုး)ဈေးအတွင်း လွိုင်လင်ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**

# လူမှုဖူလုံရေးစမတ်ကတ်များ အချက်အလက်သွင်းရန် ဝန်ထမ်း ၆၀ ခန့်ထားမည်ဖြစ်

**ရန်ကုန် ဇူလိုင် ၂၄**

လူမှုဖူလုံရေး စမတ်ကတ်များ အချက်အလက်များသွင်းရန်အတွက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဝန်ထမ်း ၆၀ ခန့်ထားမည်ဖြစ်ကြောင်း လူမှု ဖူလုံရေးဌာနမှ သိရသည်။

ယင်းဝန်ထမ်းများအား လူမှုဖူလုံရေးအချက်အလက်များကို ကွန်ပျူတာနှင့် စမတ်ကတ်များ အချက်အလက်သွင်းနိုင်ရန်အတွက် လက်တွေ့သင်ကြားပေးလျက်ရှိကြောင်း၊တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လူမှုဖူလုံရေးအဖွဲ့ဝင် ခြောက်သိန်းလေးသောင်းခန့်ရှိကြောင်း၊ လူမှုဖူလုံရေးနည်းဥပဒေကို အတည်ပြုပြဋ္ဌာန်းပြီးပါက လူမှုဖူလုံရေးလုပ်ငန်းစဉ်များကို တိုးချဲ့လုပ်ဆောင်သွားမည်ဖြစ်ပြီး Smard Card ကိုင်ဆောင်နိုင်ရန် ပို့ချလျက်ရှိကာ တစ်နိုင်ငံလုံးရှိ လူမှုဖူလုံရေးအဖွဲ့များအတွက် စာရင်းသွင်းပြီးမှသာ တစ်ပြေးညီကိုင်ဆောင်နိုင်ရန် ကူညီသွားမည်ဖြစ်ကြောင်း ယင်းဌာနမှ သိရသည်။

**(ရွှေထူး)**

# ပြဟ္မစိုရ် လူမှုရေးကူညီမှုအသင်းသို့ ငွေလှူဒါန်း

**တောင်ငူ ဇူလိုင် ၂၄**

တောင်ငူမြို့ ပြဟ္မစိုရ် မေတ္တာနှင့်စေတနာ လူမှုရေးကူညီမှုအသင်းသို့ ပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၂၁ ရက် နံနက် ၁၀ နာရီက မေတ္တာနှင့်စေတနာသွေးလှူရှင်အသင်းရုံးခန်းမ၌ ကျင်းပရာ တောင်ငူမြို့ တပင်ရွှေထီးလမ်းနေ ဦးရဲမြင့်-ဒေါ်လှလှရီ (ပွဲရုံလုပ်ငန်း)တို့၏ မင်္ဂလာသက် (၂၅) နှစ်ပြည့် ငွေရတုအထိမ်းအမှတ် ကုသိုလ်ဒါနအဖြစ် လှူဒါန်းသည့် အလှူငွေကျပ် ၂၅ သိန်းကို အသင်းနာယကများနှင့် အမှုဆောင်အဖွဲ့မှ လက်ခံယူပြီး အလှူရှင်မိသားစုသို့ ကျေးဇူးတင် ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အခမ်းအနားတွင် ပြဟ္မစိုရ်လူမှုရေးကူညီမှုအသင်းနာယက ဦးကျော်လှ (သမာဓိ) က ဂုဏ်ပြုစကားပြောကြား၍ အလှူရှင် ဦးရဲမြင့်က လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ အသင်းဥက္ကဋ္ဌ ဦးမြင့်ညို (အမေ့အိမ်)က ကျေးဇူးတင်စကား ပြောကြားသည်။

**(၁၁၅)**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်းကျေးရွာ၊ ရွှေစေတီလမ်း၊ ဦးပိုင်အမှတ် ၇၂၊ ကွင်းအမှတ် ၅၃၀ ဘီ၊ အမှတ်(တ၊ ၄၆၊ ၅၀)၊ ဧရိယာတစ်ဧက၊ အလျားပေ၂၂၀ ×အနံပေ ၂၀၀ ရှိ မြေနှင့်၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မူလအမည်ပေါက်သူထံမှ ဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူခဲ့ရာ ဒေါ်သက်ထားအောင် ၁၂/မရက(နိုင်)၁၁၇၀၄၀က တရားဝင်ပိုင်ရှင်ဖြစ်၍ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးသက်နိုင်ဦး ၁၀/မလမ(နိုင်)၁၁၇၈၈၃ က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်ရန် သတ်မှတ်ရက်ကျော်လွန်ပါက အပြီးအပိုင်အရောင်းအဝယ်စာချုပ်အား ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **ဒေါ်စန္ဒာဝင့်ဝင့်ပိုင် LL.B** | **ဒေါ်သန္တာလွင် LL.B** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၂၈၉)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၈၆၇)** |
| **အမှတ် ၈၊ နဝရတ် ၃လမ်း၊** | **အမှတ် ၁၇၆(က)၊ ဗဟိုလမ်း** |
| **ပတ္တမြားမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊** | **၁(က)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်** |
| **ဖုန်း-၀၉-၇၃၁၄၈၃၇၃** | **ဖုန်း-၀၉-၅၄၁၂၅၆၇** |
| **ဒေါ်ကြေးမှုံဝင်း LL.B** | **ဒေါ်မေသက်ပိုင်မှူး LL.B** |
| **အထက်တန်းရှေ့နေ (စဉ်-၃၄၉၀၇)** | **အထက်တန်းရှေ့နေ (စဉ်-၄၁၆၆၃)** |

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာကျေးရွာအုပ်စု၊ လေးဒေါင့်ကန်စံပြကျေးရွာ၊ အောင်မင်္ဂလာလမ်းမကြီးထောင့်၊ စွယ်တော် (၃)လမ်း၊ အမှတ် (၃၃/က) ဟုခေါ်တွင်သော ဧရိယာ အလျား × အနံ (၁၀၀ ပေ × ၇၂ ပေ) အနက် အလျား × အနံ (၅၀ ပေ × ၇၂ ပေ) ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်သူ ဦးလှမြင့်၊ ၁၂/မဂဒ (နိုင်) ၀၆၈၇၆၄ က မိမိတစ်ဦးတည်း လက်ရှိပိုင်ဆိုင်ကြောင်း မြွက်ဟဝန်ခံရောင်းချသဖြင့် ကျွန်ုပ်မိတ်ဆွေ ဦးခင်မောင်လတ်၊ ၁၂/စခန (နိုင်) ၀၄၈၄၁၀ က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ် ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့် နေ့ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစောကြာဇင်**
**အထက်တန်းရှေ့နေ (စဉ်-၆၁၃၉)**
**အမှတ်-၂၁၊ မြိုင်သာယာလမ်း၊ တောင်သူကုန်းရပ်ကွက်၊ အင်းစိန်။**
**ဖုန်း - ၀၉ ၇၃၁၄၈၆၅၉**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၂)၊ မင်းရဲကျော်စွာလမ်း၊ မြေကွက်အမှတ်(၄၅၉)၊ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ မြေကွက်သည် ဦးကျော်ခင် ၁၂/ဗဟန(နိုင်)၀၅၃၂၁၅ အမည်ပေါက်ပြီး ဆက်စပ်စာချုပ်စာတမ်းများဖြင့် ပိုင်ဆိုင်သူ ဒေါ်ခင်လင်းဦး ၁၂/အလန(နိုင်)၀၁၈၁၈၃ ထံမှ ၎င်းမြေကွက်အား အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း အထောက်အထားမူရင်းများနှင့်အတူ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးအပ်ပါသည်။

**ဦးအောင်ဆန်းလင်း**
**၁၄/ဘကလ(နိုင်)၀၀၀၉၃၀**
**အမှတ်၁၂၂(က)၊ ရာဇာဓိရာဇ်လမ်း၊ ၈ ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၄၈၉၈၈၊ ၀၁-၅၈၃၂၉၁**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသည့် (၁) ဦးအထွန်း ၁၂/ဥကမ(နိုင်)၀၉၁၆၃၂၊ (၂) ဒေါ်ရီရီမြ ၁၂/ဥကမ(နိုင်)၀၈၄၄၀၈၊ (၃) ဦးမောင်မောင်အေး ၁၂/ဥကမ(နိုင်) ၀၈၀၉၄၀၊ (၄) ဒေါ်အေးအေးညို ၁၄/ရကန(နိုင်)၀၀၇၁၀၁၊ (၅) ဦးစိုးနိုင် ၁၂/ဥကမ (နိုင်)၀၁၄၃၀၂၊ (၆) ဒေါ်စန်းစန်းရီ ၁၂/ဥကမ (နိုင်)၀၈၄၁၇၈၊ (၇) ဒေါ်အေးအေးသင်း ၁၂/ဥကမ(နိုင်)၀၀၀၇၀၀တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ ကျွန်ုပ်၏မိတ်ဆွေများသည် ကွယ်လွန်သူဖခင်ကြီး ဦးမြချစ်နှင့် မိခင်ကြီး ဒေါ်မေမေရီတို့၏ သားသမီးအရင်းများဖြစ်ကြပါသည်။ ဖခင်ကြီးဦးမြချစ်သည် ၁၈-၃-၂၀၀၆ ရက်က ကွယ်လွန်ခဲ့ပြီး မိဘများပိုင်ဆိုင်သည့် အတွင်းပစ္စည်းများအနက်မှ တစ်ဝက်တိတိကို မိခင်ကြီးမှ သားသမီးခုနစ်ဦးအား အညီအမျှခွဲဝေပေးခဲ့ပြီးဖြစ်ပါသည်။ မိခင်ကြီးဒေါ်မေမေရီသည် ၁၈-၁၁-၂၀၁၂ ရက်က ကွယ်လွန်ခဲ့ပြီး ကျန်ရစ်ခဲ့သည့် အတွင်းပစ္စည်းများအားလုံးကို သားသမီးခုနစ်ဦးစလုံးမှ အညီအမျှခွဲဝေရယူကြပြီးဖြစ်ပါသည်။ ၁-၁၁-၂၀၀၇ ရက်စွဲပါ **မိသားတစ်စုစီမံခန့်ခွဲမှု ကတိပဋိညာဉ်စာချုပ်** (ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်အမှတ် ၄၃၀၃/၂၀၀၇)အရ မိဘများကျန်ရှိသည့် မခွဲဝေရသေးသည့် မရွှေ့မပြောင်းနိုင်သာပစ္စည်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁) ဦးမြချစ်အမည်ပေါက် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည) ရပ်ကွက်၊ ခေမာသီလမ်း၊ အမှတ် ၁၀၃၄ဘီ၊ အကျယ်အဝန်း ပေ(၂၀×၆၀) နှစ်၆၀ ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်RCတစ်လုံး။

(၂) ဒေါ်မေမေရီအမည်ပေါက် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဌ) ရပ်ကွက်၊ ဆဒ္ဒါန်လမ်း၊ အမှတ် ၆၀၄ဘီ၊ အမှတ် ၆၀၄ဘီ၊ အမှတ် ၆၀၅ဘီ နှစ်၆၀ဂရန်မြေအမျိုး အစားမြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ BN အမျိုးအစားတစ်ထပ်တိုက် တစ်လုံး။

(၃) ဒေါ်မေမေရီအမည်ပေါက် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဌ) ရပ်ကွက်၊ ဆဒ္ဒါန်လမ်း၊ အမှတ် ၆၀၆ဘီ၊ အကျယ်အဝန်း ပေ(၂၀×၆၀) နှစ် ၆၀ ဂရန်မြေအမျိုးအစားမြေကွက်။

(၄) ဒေါ်မေမေရီအမည်ပေါက် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဌ) ရပ်ကွက်၊ နှင်းဆီ ၅လမ်း၊ အမှတ် ၆၂၄ဘီ၊ အမှတ် ၆၂၅ဘီ နှစ်၆၀ဂရန်မြေအမျိုး အစားမြေကွက်များ။

(၅) ဦးအထွန်းအမည်ပေါက် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဌ) ရပ်ကွက်၊ နှင်းဆီ ၅ လမ်း၊ အမှတ် ၆၂၄ဘီ၊ အမှတ် ၆၂၅ဘီ နှစ်၆၀ဂရန်မြေအမျိုး အစားမြေကွက်များ။

(၆) ဦးမောင်မောင်အေးအမည်ပေါက် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ခေမာကျောင်းလမ်း၊ အမှတ် ၇၁၆/က၊ အကျယ်အဝန်း ပေ (၄၀×၆၀) နှစ်၆၀ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်တိုက်အဆောက်အအုံ။

ရွှေ့ပြောင်းနိုင်သောပစ္စည်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၇) အမှတ်စဉ်(၂)ပါမြေကွက်များပေါ်ရှိ BN အမျိုးအစား တစ်ထပ်တိုက်အဆောက်အအုံအတွင်းရှိ ဒန်သတ္တုပစ္စည်းများနှင့် လုပ်ငန်းပိုင်ဆိုင်ရာ စက်ပစ္စည်းများအားလုံး။

အမှတ်စဉ်(၂)ပါမြေကွက်များပေါ်တွင်တည်ရှိသော သင်္ဂဟဒန်သတ္တုလုပ်ငန်း စက်ရုံသည် လုပ်ငန်းမှတ်ပုံတင်အမှတ် ရက/လတ်/၃၀၈၀ ဖြင့် ၁၉၇၃ ခုနှစ်မှစ၍ ယနေ့အထိ နှစ်ပေါင်း ၄၀တိုင်အောင် လုပ်ငန်းလည်ပတ်လုပ်ကိုင်လျက်ရှိပြီး အထက်ဖော်ပြပါ သားသမီးခုနစ်ဦးစလုံးသည် မိဘများ၏စီမံအုပ်ချုပ်မှုအောက်တွင် လုပ်အားဖြင့်သော်လည်းကောင်း၊ လုပ်အားနှင့် ငွေကြေးရင်းနှီးမြှုပ်နှံမှု ထည့်ဝင်၍သော်လည်းကောင်း ပါဝင်လုပ်ကိုင်ခဲ့ကြပြီး လုပ်ငန်းမှရရှိသည့် အကျိုးအမြတ်ငွေများအား အချိုးကျ ရရှိခံစားစေခဲ့ပါသည်။ မိဘများကွယ်လွန်ပြီးနောက်တွင်လည်း မောင်နှမခုနစ်ဦးမှ သင်္ဂဟဒန်သတ္တုစက်ရုံလုပ်ငန်းကိစ္စများကို ယနေ့အချိန်အထိ တာဝန်ယူလုပ်ကိုင်လျက်ရှိကြပြီး ရရှိသည့် အကျိုးအမြတ်ငွေများကို အချိုးကျခွဲဝေခံစားလျက်ရှိနေကြပါသည်။

သို့ပါ၍ - (၁) ကွယ်လွန်သွားပြီးဖြစ်သော မိဘများ၏ အတွင်းပစ္စည်းများအားလုံးကို မောင်နှမခုနစ်ဦးတို့မှ အညီအမျှခွဲဝေရရှိပြီးဖြစ်ပါကြောင်း။

(၂) အမှတ်စဉ်(၁)မှ အမှတ်စဉ်(၇)ပါ ပစ္စည်းများမှာ မိဘများကျန်ရစ်ခဲ့သည့် မောင်နှမခုနစ်ဦးပိုင် အမွေပစ္စည်းများဖြစ်ပါကြောင်းနှင့် ယင်းပစ္စည်းများကို အထက်အမည်ပါ မောင်နှမခုနစ်ဦးစလုံး သဘောတူညီမှသာ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ ပြုမည်ဖြစ်ကြောင်း။

(၃) သင်္ဂဟဒန်သတ္တုပစ္စည်းစက်ရုံလုပ်ငန်းသည် မိသားစုပိုင်စက်ရုံဖြစ်ပြီး အထက်ဖော်ပြပါ မောင်နှမခုနစ်ဦးစလုံးမှ စက်ရုံလုပ်ငန်းကိစ္စရပ်များကို အသီးသီးတာဝန်ယူ လုပ်ကိုင်လျက်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မိုးမိုးအောင် LL.B အထက်တန်းရှေ့နေ(စဉ်-၂၃၁၂၃)**
**အမှတ် ၃၁/၃၃၊ စတုတ္ထထပ်၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၃၁၀၆၃၂၄**

## ပျောက်ဆုံး

ကျွန်တော် မောင်သော်ဇင်ဦး၏ နိုင်ငံကူးလက်မှတ်-၈၇၈၆၃၇ လက်မှတ်သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးရန်။

**ဖုန်း-၀၉-၄၂၁၀၁၅၇၈၃**



## လူပျောက်ကြော်ငြာ

အထက်ပါဓာတ်ပုံရှင် ဘားအံမြို့နယ်၊ နောင်ကျန်ကျေးရွာ၊ အောက်နောင်ကျန်ရွာနေ ဦးတင်လှ၏သား ဦးကျော်သန်း အသက် (၇၄)နှစ် ၉/မတလ(နိုင်) ၀၇၉၂၈၇သည် ၁၁-၆-၂၀၁၃ရက် ၅း၃၀ နာရီတွင် နေအိမ်မှ ပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဦးကျော်ကျော်ဦး**

**ဖုန်း-၀၉-၄၂၅၂၉၆၆၄၆၊ ၀၉-၃၁၄၆၅၂၀၈**

## ကလေးနာမည်ပေး ကွန်ပျူတာပုရောဟိတ်

**တြိစက္ကဇာတာအားအပြည့်အစုံစစ်ဆေးပေးနိုင်**
**ယောစာတမ်း(၃၄)မျက်နှာ/ကလေးနာမည်(၁၅၀)ကျော်**
**0931079394 095179128 0931300995**
**၂၂၀(ပ)ထပ်၃၇လမ်း(ထက်)ရန်ကုန်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ထားဝယ်တက္ကသိုလ်၊ အဝေးသင်ဌာနခွဲ၊ ၂၀၁၂ခုနှစ် မြန်မာစာ အဓိက၊ ခုံအမှတ် ၃/မ-၂၃၉ ဖြင့် အောင်မြင်ခဲ့သော မသက်ဇွန်၏ ဖခင်မှာ ဦးကြုတ်ဟိန် ၆/သရခ (နိုင်)၀၄၆၃၃၇ နှင့် ဦးကြည်ဟန်မှာ တစ်ဦးတည်းဖြစ်ပါသည်။

## သွာနုတ္တသားအဖြစ် အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ကိုမျိုးမင်းဝင်း(ခ)ကိုမျိုး ၉/ပမန(နိုင်)၁၂၂၅၇၈ သည် ၎င်း၏မိဘဖြစ်သူ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးကျော်ဝင်း ၉/ပမန(နိုင်)၀၅၆၂၈၇၊ ဒေါ်နှင်းရီ ၉/ပမန(နိုင်)၀၁၈၂၅၄ တို့အား စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြင့် သိက္ခာကျအောင် အကြိမ်ကြိမ်ပြုလုပ်သည့်အပြင် မိဘအပေါ်ရန်သူသဖွယ် အသက်အန္တရာယ်ဖြစ်အောင်စော်ကားမှု အကြိမ်ကြိမ်ပြုလုပ်သဖြင့် ၁၅-၇-၂၀၁၃ ရက်မှစ၍ သွာနုတ္တသားအဖြစ် အသိအမှတ်ပြုလျက် အမွေပြတ်စွန့်လွှတ်ပါကြောင်း ကြေညာပါသည်။

၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူမည် မဟုတ်ပါကြောင်းအပြင် မိဘတို့၏နေအိမ်ဥပစာသို့ လာရောက်ဝင်ထွက် ဆက်ဆံခြင်း (လုံးဝ)ခွင့်မပြုပါကြောင်းနှင့် တစ်နည်းနည်းဖြင့် ဝင်ရောက်ပါက တည်ဆဲဥပဒေတို့ဖြင့် ပြတ်သားထိရောက်စွာ အရေးယူလိမ့်မည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးစောမြင့်ကို LL.B** | **ဦးအေးကို LL.B** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၄၂၃၂)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၀၂)** |
| **အမှတ် ၁၂/၃၁၊ မြသီတာလမ်း** | **မင်္ဂလာရပ်၊ ကေးလမ်း** |
| **ပျဉ်းမနားမြို့၊ နေပြည်တော်** | **ပျဉ်းမနားမြို့၊ နေပြည်တော်** |

## လူမှုရေးနှင့်အလုပ်အကိုင်ကြော်ငြာ

## အထူးလိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အထူးကျေးဇူးတင်ရှိပါကြောင်း

၂၀၁၃ ခုနှစ် မတ်လတွင် ကျင်းပခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ခြောက်ဘာသာဂုဏ်ထူးရှင် ခြောက်ဦးအား တစ်ဦးလျှင် ရွှေစင်တစ်ကျပ်သားစီနှင့် ငါးဘာသာဂုဏ်ထူးရှင် ခြောက်ဦးအား တစ်ဦးလျှင် ရွှေစင် ငါးမူးသားစီ၊ ကျန်ဂုဏ်ထူးရှင် ၁၃၆ ဦးအတွက် ငွေသား ၃၁ သိန်း စုစုပေါင်းကျပ်သိန်း ၁၀၀ကျော်ကို ဆုချီးမြှင့်ပေးခဲ့ပါသော ဇေင်အုပ်စုကုမ္ပဏီလီမိတက်မှ မန်နေဂျင်း ဒါရိုက်တာ ဦးချစ်ခိုင်နှင့် မိသားစုအား အထူးလိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

**ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ**
**မိဘဆရာအသင်းနှင့်ကျောင်းအကျိုးဆောင်အဖွဲ့**
**အထက(၂)၊ အင်းစိန်မြို့နယ်**

## ကံ့ကော်မြိုင် သာသနာ့ရိပ်သာ တောရကျောင်း ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် လျှပ်စစ်မီးတိုင်အလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်ခြင်းအခမ်းအနား ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဇရပ်ကွင်းကျေးရွာ၊ ကံ့ကော်မြိုင်သာသနာ့ရိပ်သာ တောရကျောင်းတွင် ဝါဆိုဝါကပ်တော်မူကြမည့် ပဓာန နာယကဆရာတော်အမှူးရှိသောသံဃာတော်များနှင့် ပင့်သံဃာအရှင်မြတ်တို့အား **(၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း** နှင့် (125 KVA)ဓာတ်အားလိုင်း၊ မီးလိုင်း၊ မီးတိုင်အလှူရှင်များအား **ဂုဏ်ပြုလွှာပေးအပ်ခြင်း**အခမ်းအနားကို ၁၃၇၅ခုနှစ် ဝါဆိုလပြည့်ကျော် ၁၃ရက် (၄-၈-၂၀၁၃)ရက် တနင်္ဂနွေနေ့ နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ အလှူရှင်များ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြည်ညိုကြပါရန် ဖိတ်ကြားအပ်ပါသည်။

**မှတ်ချက်။** ။ လိုက်ပါမည့်သူများ ၄င်းနေ့ နံနက် ၇နာရီမှ သဃ်န်းကျွန်းကံ့ကော်မြိုင်သို့ အရောက်လာကြပါရန်၊ (မှန်လုံကားကြီးဖြင့် ကြိုပို့စီစဉ်ထားပါသည်။)

**ပစ္စည်းလေးပါးထောက်ပံ့ရေးဝေယျာဝစ္စအဖွဲ့**
**ဖုန်း-၀၁-၅၇၈၄၂၉**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၇၀၈၀၈ Feiling 110, M/C ယာဉ်လက်ဝယ်ရှိသူ Maw Cherry Land Co., Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာ ရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး၊ (ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၆ယ/၅၇၉၆၂ Honda Wave NF-100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသူရ ၁၄/မမန(နိုင်)၂၀၉၇၃၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး၊ (ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ လူနေရပ်ကွက်အမှတ်(သမိုင်း)၊ မြေတိုင်းရပ် ကွက်အမှတ် ၄၂၊ မြေကွက်အမှတ် (၁၂/၃+၁၃/၃) ဧရိယာ ၀ ဒသမ ၀၇၁ ဧကရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု မြေယာဌာန မြို့မြေစာရင်းတွင် ဒေါ်တင်တင်ရီအမည်ဖြင့် တည်ရှိသောနှစ် ၆၀ဂရန်မြေနှင့် မြေပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်တိုက်အိမ်နှင့်ရေမီး၊ ကြိုးဖုန်းတစ်လုံးအပါအဝင် မြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမွေဆက်ခံပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုရောင်းချသူ ဒေါ်မာလာဖြူ ၁၂/လမန(နိုင်)၀၅၁၀၇၄၊ ဒေါ်အေးအေးငြိမ်း ၁၂/မဂဒ(နိုင်)၀၁၇၄၉၀ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ရောင်းချခွင့်မရှိကြောင်း ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများတင်ပြ၍ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဇင်အေး LL.B, D.B.L,D.I.L,D.I.R တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၃၂)**
**iHome အိမ်၊ခြံ၊မြေကား ဥပဒေအကြံပေး စာချုပ်စာတမ်း အထွေထွေဝန်ဆောင်မှုကုမ္ပဏီ**
**အမှတ်(၄၂၉/၄၃၇)၊ 4-A/5-A (၃/၄လွှာ)၊ ကုန်သည်လမ်း၊ ရတနာမြိုင်ကွန်ဒို၊ ဗိုလ်တထောင်မြို့နယ်၊**
**ဖုန်း-၀၉-၄၃၀၅၁၇၁၇၊ ၀၁-၃၉၈၅၇၅၊ ၀၁-၃၉၈၅၇၆**

## ဝန်ထမ်းအလိုရှိသည်

GFC ဓာတ်လှေကားကုမ္ပဏီမှ အောက်ပါဝန်ထမ်းများ ခန့်အပ်လိုပါသည်။

၁။ ဘာသာပြန် (ကျား/မ)- တရုတ်စကား/စာ

၂။ Marketing(ကျား/မ)- Civil/Mechanical ဘွဲ့ရ (သို့)ဓာတ်လှေကားနှင့် အိမ်ဆောက်ပစ္စည်းရောင်း အတွေ့အကြုံရှိသူ

၃။ ပြင်ထိန်း(ကျား)- ဓာတ်လှေကားပြင်ထိန်း အတွေ့အကြုံရှိသူ

၄။ စာရေးမ Computer Basic ကျွမ်းကျင်သူ

**ဆက်သွယ်ရန် ဖုန်း-၀၉-၆၈၁၈၉၆၇၁၊ ၀၉-၃၁၃၈၂၉၁၃**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ရပ်ကွက်(၈) ဥဿာမြို့သစ် မြေတိုင်း ၂၄၊ အကွက်အမှတ် ၅၅၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဒေါ်အေးအေးမာ ၇/ပခန(နိုင်) ၀၅၃၃၇၉ အမည်ပေါက် ဂရန်မြေအား စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူရှိပါက ပိုင်ဆိုင်ခွင့်ရှိသည့် အထောက်အထားနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဦးမြင့်သန်း**
**ဖုန်း-၀၉-၇၃၀၁၉၆၉၆**
**၀၉-၅၁၀၇၀၃၁**

## အမြန်ရောင်းမည်

စက်ရုံဆောက်ရန် မွေးမြူရေး လန (၃၉)ကျပြီးသား၊ ယခင်ဆန်စက်ရှိသောနေရာ၊ လုပ်ငန်းရှင်တို့အတွက် အသင့်တော်ဆုံး မြေ၊ ငွေပိုငွေစုလိုသူများအတွက် အကောင်းဆုံး ဝယ်ထားသင့်သော မော်ဘီအပိုင်။

**၁ ဧက သိန်း ၃၅၀ နှုန်းဖြင့် ၇ ဧက ရောင်းရန်ရှိပါသည်။**

**ဖုန်း-၀၉-၄၃၀၈၈၂၇၃၊**
**၀၉-၇၃၁၁၇၇၀၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရွှေလောင်းလမ်း၊ အမှတ် ၅၃ ရှိ (ဒုထပ်)(သုံးလွှာ)ဘီ (၁၂½×၅၅) ပေ အကျယ်အဝန်းရှိ တိုက်ခန်းအား အရောင်းအဝယ် အရပ်ကတိစာချုပ်ဖြင့် ဒေါ်သန်းသန်းဆင့် ၁၂/ဒဂန(နိုင်)၀၀၅၃၆၉ မှ တရားဝင်ဝယ်ယူ လက်ရောက်ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်မှ တရားဝင်အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ် တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်စပ်လျဉ်းသည့် အကျိုးခံစားခွင့်အရပ်ရပ် အား ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမောင်မောင်**
**၈၁၆-အေ၊ အောင်သုခလမ်း၊**
**၁၀ မိုင်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊**
**ဖုန်း-၀၉-၅၁၉၇၂၃၀**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဟ/၅၀၇၈ Yinguan ZY200 သုံးဘီးဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးတင့်လွင် ၁၄/ပသန(နိုင်)၀၄၄၄၉၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ယ/၉၇၀၉၅ Kenbo 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးအောင်ထွန်း ၁၂/လကန(နိုင်) ၁၂၇၄၁၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်နေ မိတ္ထီလာစီးပွားရေးတက္ကသိုလ် တဇ-၂၃၀(တတိယနှစ်)တွင် ပညာသင်ကြားနေသော မတင်မိုးဝေ၏ဖခင်အမည်မှာ ဦးရိုက် (ခ) ဦးလှရှိန်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးရိုက်(ခ)ဦးလှရှိန်**

## ဥတ္တရာသီ တောကိုမှီ၏

## အလုပ်အကိုင်အခွင့်အလမ်းများ

မြန်မာနိုင်ငံဒေသတွင်းနှင့် နိုင်ငံတကာသို့ပြေးဆွဲရန်အတွက် **FMI Air Ltd.** သည် နေပြည်တော်တွင် အခြေစိုက်၍ လုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးနေသော လေကြောင်းလိုင်းလုပ်ငန်းတွင် စိတ်ပါဝင်စားသောသူများအားလုံးကို အောက်ဖော်ပြပါရာထူးနေရာများအတွက် လျှောက်လွှာများ ဖိတ်ခေါ်ပါသည်။

**Operations**

| | | |
|---|---|---|
| 1. | Manager, Flight Operations | (1) |
| 2. | Chief Pilot(CRJ 200) | (1) |
| 3. | Chief Engineer (B1 or B2) | (1) |
| 4. | Manager, Quality Assurance | (1) |
| 5. | Manager, Safety Management System | (1) |
| 6. | Captain Flight Safety & Standards | (1) |
| 7. | Manager, Training & Cabin Services | (1) |
| 8. | Manager, Airport Traffic | (1) |
| 9. | Manager, Airline Security | (1) |
| 10. | Training Captain (CRJ 200) | (1) |
| 11. | Captain (CRJ 200) | (4) |
| 12. | First Officer(CRJ 200) | (4) |
| 13. | Assistant Manager, Cabin Services | (1) |
| 14. | Cabin Crew Supervisors | (1) |
| 15. | Flight Attendants | (16) |
| 16. | Deputy Chief Engineer | (1) |
| 17. | Aircraft Engineers | (4) |
| 18. | Aircraft Technicians | (4) |
| 19. | Manager, Engineering Store | (1) |
| 20. | Deputy Manager, Traffic | (1) |
| 21. | Station Manager | (3) |
| 22. | Assistant Manager, Airline Security | (1) |
| 23. | Import/Export Supervisor | (1) |
| 24. | Freight & Clearance Officer | (1) |
| 25. | Safety Management Assistant Staff | (2) |
| 26. | Engineering Store Staff | (2) |
| 27. | Flight Safety & Standard Assistant Staff | (2) |
| 28. | Quality Assurance Staff | (2) |
| 29. | Manager Flight Operations Office | (1) |
| 30. | Assistant Manager Flight Operations Office | (1) |
| 31. | Flight Operations Staff (Dispatchers) | (4) |
| 32. | Flight Operations Admin Staff (Documents Section) | (2) |
| 33. | Aircraft Cleaner in-charge | (1) |
| 34. | Station/Traffic Staff | (6) |
| 35. | Airline Security | (6) |
| 36. | Aircraft Cleaners | (8) |
| 37. | Loaders | (10) |
| 38. | Station Manager | (4) |
| 39. | Assistant Station Manager | (4) |

**Commercial**

| | | |
|---|---|---|
| 1. | Manager, IT System | (1) |
| 2. | Receptionist | (1) |
| 3. | Accounts Executive(Sales) | (2) |
| 4. | Ticketing Staff | (2) |
| 5. | Reservation Staff | (2) |
| 6. | Admin Assistant | (2) |
| 7. | HR Assistant | (1) |

**Finance**

| | | |
|---|---|---|
| 1. | Assistant Manager, Finance | (1) |
| 2. | Accountants | (2) |
| 3. | Account Assistants | (2) |

အလုပ်လျှောက်လွှာများကို ပြည့်စုံစွာဖော်ပြထားသော ကိုယ်ရေးရာဇဝင်နှင့်တကွ သက်ဆိုင်ရာ စာရွက်စာတမ်းများကို recruitment@fmiaircharter.com သို့ ပေးပို့ လျှောက်ထားနိုင်ပါသည်။ ရွေးချယ်ခံရသော လျှောက်လွှာပိုင်ရှင်များကို သတ်မှတ်ထားသောရက်အတွင်း အကြောင်းကြားပေးသွားမည် ဖြစ်ပါသည်။

**ရုံးလိပ်စာ - No.380, FMI Centre Level 9, Room#910, Bogyoke Aung Sang Road, Yangon. ရုံးဖုန်း- ၀၁-၂၄၀၄၀၀(ext~ ၁၉၃၀)**

စီးပွားရေးကြော်ငြာ

KBZ BANK

# ကမ္ဘောဇဘဏ်လီမိတက် ၏ (၁၁၄)ဘဏ်မြောက်

# တောင်ကြီး (အေးသာယာ) ဘဏ်ခွဲ ကို

ရှမ်းပြည်နယ်တောင်ပိုင်း၊ အေးသာယာမြို့ တွင်

၂၅.၇.၂၀၁၃ (ကြာသပတေးနေ့)၌ ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့်

ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း

မိဘပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

## သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ဆက်သွယ်ရန်လိပ်စာ

**တောင်ကြီး (အေးသာယာ) ဘဏ်ခွဲ**

အမှတ်(၄၈)၊ (၅)ရပ်ကွက်၊ အေးသာယာမြို့၊

ရှမ်းပြည်နယ်တောင်ပိုင်း။

ဖုန်း – (၀၈၁) ၂၀၈၅၆၇၊ ၂၀၈၅၆၈၊ ၂၀၈၅၆၉

ဖက်စ် – (၀၈၁) ၂၀၈၅၇၀၊ ၂၀၈၅၇၁

**www.kbzbank.com**

## လူမှုရေးနှင့်စီးပွားရေးကြော်ငြာများ

# ပညာရေးဝန်ကြီးဌာန
## အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်
## National Management College (NMC)
## FINANCIAL SERVICES နှင့် BUSINESS MANAGEMENT
## အမှတ်စဉ် (၄) သင်တန်းသားများ လျှောက်လွှာခေါ်ယူခြင်း

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် နှင့် **STI Education** တို့ ပူးပေါင်း၍ အောက်ဖော်ပြပါ သင်တန်းအမှတ်စဉ် (၄)ကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

(က) **Certificate in Financial Services (CFS)**

(ခ) **Certificate in Business Management (CBM)**

၁။ တက္ကသိုလ်ဝင်တန်း **ဖြေဆို** ၊ **အောင်မြင်** ပြီးသူများနှင့် တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိထားသူများလျှောက်ထားနိုင်ပါသည်။ တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်ပြီးသူများနှင့် ဘဏ်များ၊ ကုမ္ပဏီများမှဝန်ထမ်းများ သီးခြားအတန်းခွဲများတွင် တက်ရောက်ရပါမည်။

၂။ Certificate သင်တန်းအောင်မြင်ပြီးသူများသည် Diploma, Advanced Diploma သင်တန်းများမှ တစ်ဆင့် The Open University of Hong Kong နှင့် ချိတ်ဆက်ထားသော **Bachelor of Business Administration/ Finance and Banking (BBA)** ဘွဲ့သင်တန်းသို့ ဆက်လက်တက်ရောက်နိုင်ပါမည်။ **BBA** ဘွဲ့ရရှိရန် သင်တန်းကာလ စုစုပေါင်း (၃)နှစ် (၆)လ ကြာမြင့်ပါမည်။

၃။ **Business Management** သည် စီးပွားရေးစီမံခန့်ခွဲမှု၏ အခြေခံဘာသာရပ်များဖြစ်သည့် စီမံခန့်ခွဲမှု၊ ပြောဆိုဆက်သွယ်မှု၊ လူ့စွမ်းအားအရင်းအမြစ်ခန့်ခွဲမှု၊ ဈေးကွက်ထိုးဖောက်ခြင်း၊ စာရင်းကိုင်ပညာနှင့် IT ပညာတို့ကို သင်ကြားရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက မန်နေဂျာများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စီမံခန့်ခွဲမှုဆိုင်ရာ အရာရှိများအဖြစ် အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ပါသည်။

၄။ **Financial Services** သည် စီးပွားရေးအဖွဲ့အစည်းများနှင့်ဘဏ်များ၏အခြေခံသဘောတရားများ၊ဘဏ်များနှင့်ငွေကြေးအရင်းအနှီးဈေးကွက်တည်ဆောက်ပုံတို့ကို သင်ကြားရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါကဘဏ်များနှင့် ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ၏မန်နေဂျာ၊ ငွေကြေးဆိုင်ရာ စီမံရေးဆွဲရေးအရာရှိများနှင့်စတော့ဈေးကွက်တည်ဆောက်သူအရာရှိများ၊ စတော့ရောင်းဝယ်သူအရာရှိများအဖြစ် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ပါသည်။

၅။ သင်တန်းကာလ (၆)လ ကြာမြင့်ပြီး ၂၀၁၃ ခုနှစ် ဩဂုတ်လ (၃၁)ရက်တွင် စတင်ဖွင့်လှစ်ပါမည်။

၆။ ပညာအရည်အချင်းအထောက်အထား (မူရင်းနှင့်မိတ္တူ)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်းနှင့်မိတ္တူ) လိုင်စင်ဓါတ်ပုံ (၃)ပုံ တင်ပြရမည်။

**(လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။)**

အသေးစိတ်သိရှိလိုပါက- အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်၊ **(STI Education)**
ကုန်သည်လမ်း (၅၃-၅၄ လမ်းကြား)၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးအနီး၊ ဗိုလ်တထောင်မြို့နယ်
ဖုန်း - ၀၉၄၂၀၁၈၃၁၅၅၊ ၃၇၇၉၈၈၊ ၀၉၄၂၀၁၃၁၇၃၀၊ ၅၀၇၀၄၈၊ ၀၉၄၂၀၂၅၄၈၇၂

# ဝမ်းနည်းကြေကွဲခြင်း
## တန်ဘွန်စွမ်း(ခ)ဘေဘီတန် B.A(Eco)
### ကျော်ကျော်-ထွန်းထွန်း စပို့ရှပ်ဆိုင် (ယုဇနပလာဇာ)၊ အထည်ချုပ်စက်ရုံ (လှိုင်သာယာ)၊ ကျော်စိန်ပွဲရုံ(ဘုရင့်နောင်)
### အသက်(၆၃)နှစ်

တန်ဘွန်တျန်း(ခ)ဦးကျော်ကျော်-ဒေါ်မြင့်မြင့်သန်း၊ တန်ဘွန်ဝမ်(ခ)ဦးထွန်းထွန်း-ဒေါက်တာဒေါ်သီတာဝင်းတို့၏အစ်မ တန်ဘွန်စွမ်း(ခ)ဘေဘီတန်သည် ၁၅-၇-၂၀၁၃ ရက် (တနင်္လာနေ့) ည ၉း၃၀ နာရီတွင် ဘန်ကောက်ဆေးရုံ ဘန်ကောက်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကျော်ကျော်-ထွန်းထွန်း စပို့ရှပ်ဆိုင်(ယုဇနပလာဇာ)မှ ဝန်ထမ်းမိသားစုများ**

## ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/သမိုင်း၊ မြေကွက်အမှတ် ၁၂/ည[၁၄]၊ မြေကွက်တည်နေရာအမှတ် ၁၃၃-ဒီ၊ မောရဝတီလမ်း၊ ၅ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဗိုလ်မှူးချုပ်သောင်းဒန် အမည်ပေါက် မြေပိုင်မြေ လ/န ၃၉ မြေအား အမည်ပေါက် ဗိုလ်မှူးချုပ်သောင်းဒန် ကွယ်လွန်သဖြင့် ဒေါ်မြမျိုးညွန့် ၁၂/မရက(နိုင်) ၁၀၇၈၀၂၈ ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ဝမ်းနည်းကြေကွဲခြင်း
### ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးသန်းတင်
### (ဥက္ကဋ္ဌ၊ S.P.C.A အဖွဲ့)
### အသက်(၇၇)နှစ်

တိရစ္ဆာန်များ ညှဉ်းပန်းနှိပ်စက်ခြင်းမှ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ (S.P.C.A) ၏ ဥက္ကဋ္ဌဖြစ်သူ ဦးသန်းတင်သည် ၂၁-၇-၂၀၁၃ ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အမှုဆောင်များနှင့် ဝန်ထမ်းများ (S.P.C.A)**

# ဥတုရာသီ တောကိုမှီ၏

## ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း ကြေညာခြင်း

ကျွန်မ မမျိုးပိုင်စိုး ၉/ပမန(နိုင်) ၁၇၅၄၅၆ နှင့် ကိုသန်းလင်းစိုး ၉/ပမန(နိုင်)၁၉၁၃၁၄ တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် ၁၂-၇-၂၀၁၃ ရက်က တရားရုံးမှ ကွာရှင်းပြတ်စဲပြီးဖြစ်၍ နောက်နောင်တွင် ကိုသန်းလင်းစိုး အနေနှင့် ကျွန်မ မမျိုးပိုင်စိုး၏ လူမှုရေးကိစ္စများနှင့် လုပ်ငန်းကိစ္စများတွင် ကိုသန်းလင်းစိုးနှင့် မည်သို့မျှသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မမျိုးပိုင်စိုး**
**၉/ပမန(နိုင်)၁၇၅၄၅၆**

# ဝမ်းနည်းကြေကွဲခြင်း
## ဦးသာလွင်
### ထွန်းရွှေဝါဆေးတိုက်နှင့် ရွှေညာသားလေးဆေးဆိုင်

ရန်ကုန်မြို့နေ ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ(ထွန်းရွှေဝါဆေးတိုက်)တို့၏ဖခင် ဦးသာလွင် အသက်(၈၆)နှစ်သည် ၁၃-၇-၂၀၁၃ရက် (စနေနေ့) ညနေပိုင်းတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**နေလ်စံန်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမိသားစု**

# အထူးကျေးဇူးတင်ရှိပါကြောင်း
## ဦးမောင်မောင်ကြီး
### (ကွမ်းခြံကုန်းမြို့)

၂၀-၇-၂၀၁၃ရက်(စနေနေ့)တွင် ကွယ်လွန်သွားသည့် ဦးမောင်မောင်ကြီး အသက်(၈၇)နှစ် နာမကျန်းစဉ်က ဆေးကုသပေးကြသော ကွမ်းခြံကုန်းမြို့နယ်၊ ပြည်သူ့ဆေးရုံမှ ဆရာဝန်၊ ဆရာမ၊ ဝန်ထမ်းများ၊ နာရေးကိစ္စအား ဝမ်းနည်းကြောင်း လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းများဖြင့်သော်လည်းကောင်း နှစ်သိမ့်အားပေးကြပါသော ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများ၊ ဆွေမျိုးများ၊ လှူဖွယ်ဝတ္ထုအစုစု ကောင်းမှုပြုလုပ်ပေးကြသူများ၊ လွမ်းသူ့ပန်းခွေ၊ လွမ်းသူ့ပန်းခြင်းပေးပို့ကြသူများ၊ အဖွဲ့အစည်းများ၊ နာရေးသို့ လိုက်ပါပို့ဆောင်ပေးကြသူများ၊ လူမှုရေးအဖွဲ့အစည်းများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူ အားလုံးတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

# ဝမ်းနည်းကြေကွဲခြင်း
## ဦးသန်းတင်
### အသက်(၇၇)နှစ်

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၏ အလုပ်အမှုဆောင်အဖွဲ့ဝင်ဖြစ်သူ ဦးသန်းတင်သည် ၂၁-၇-၂၀၁၃ ရက် နံနက် ၃း၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ**
**မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း**

# သက္ကဝတီဂျုံးဖြူ-ဝါဆိုအလှူ

သက္ကဝတီ-ဂျုံးဖြူအဘိုးစံကျောင်း ဝိဟာရ သံဃာတော်များ ဝါဆိုသင်္ကန်းကပ်လှူပွဲကို ၂၈-၆-၂၀၁၃ရက် (တနင်္ဂနွေ) နံနက် ၉နာရီမှ မွန်းလွဲ ၂း၃၀ နာရီထိ ထုတိအနုမောဒနာ ရေစက်ချအလှူတော်သို့ ကြွရောက်ဆက်သွယ်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ထီလာခင်လှိုင် ဖုန်း-၀၉-၄၉၃၀၅၉၂၈၊ ကိုသိန်းဝင်း ဖုန်း-၀၉-၅၁၄၀၆၄၃**
**မဥမ္မာ ဖုန်း-၀၉-၄၂၅၀၂၉၇၀၅**

## ဖခင်အမည်မှန်

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အထက (၂၀)၊ အဋ္ဌမတန်း (င)မှ မအေးချမ်းမြေ့၏ဖခင်အမည်မှန်မှာ ဦးကျော်စိုး ၉/စကတ(နိုင်)၀၄၇၂၃၉ ဖြစ်ပါသည်။

# ကန့်ကွက်နိုင်ပါကြောင်း

၁။ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ပေါင်းလောင်း(၃)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း(၃)၊ ၁၉ လမ်း၊ မြေကွက်အမှတ် (၁၂၆၃)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ မြေကွက်မှာ ဗိုလ်ကြီးလှိုင်ဘွားအမည်ဖြင့် လည်းကောင်း၊ မြေကွက်အမှတ် (၁၂၆၄)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ မြေကွက်မှာ ဗိုလ်ကြီးကျော်သိန်းဆိုင်အမည်ဖြင့် လည်းကောင်း၊ မြေကွက်အမှတ် (၁၂၆၅)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ မြေကွက်မှာ ဗိုလ်ကြီးရဲရင့်နိုင် အမည်ဖြင့် လည်းကောင်း မြို့မြေနေရာချထားရေးကော်မတီ ပျဉ်းမနားမြို့မှ ချထားပေးသော မြေကွက်များဖြစ်ပါသည်။

၂။ ၎င်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိ ပိုင်ဆိုင်ထားသူ ဒေါ်မြနန်းသီ ၆/မအရ(နိုင်)၀၄၄၃၃၇ မှ အထက်ဖော်ပြပါ မြေကွက်သုံးကွက်တို့အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မှ ငွေပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များအား ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးထင်လင်းနိုင် ၇/တငန(နိုင်)၀၈၉၅၆၀**
**ဆေးရုံဟောင်းလမ်း၊ (၅)ရပ်ကွက်၊ တောင်ငူမြို့**

# ဝမ်းနည်းကြေကွဲခြင်း
## ဦးသန်းတင်
### အသက်(၇၇)နှစ်

မြန်မာနိုင်ငံစာရင်းကောင်စီဝင်ဖြစ်သူ ဦးသန်းတင်သည် ၂၁-၇-၂၀၁၃ ရက် နံနက် ၃း၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ**
**မြန်မာနိုင်ငံ စာရင်းကောင်စီ**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်နှင်း (မကွေး)၊ အထက(၂)လှိုင်
### အထက်တန်းပြဆရာမ(ငြိမ်း)၊ အသက်(၈၀)

ရန်ကုန်မြို့၊လှိုင်မြို့နယ်၊ ပြည်လမ်း၊ ခြောက်မိုင်၊ အမှတ် ၇-ဒီနေ (ဦးဘသင်-ဒေါ်ငွေဥ)၊ (ဦးတွတ်-ဒေါ်သိန်းခင်) တို့၏သမီးကြီး၊ ဦးတင်ထွန်း(ညွှန်မှူး၊ငြိမ်း)၏ ဇနီး၊ ဦးတင်စု (ဒေါ်သန်းနု)တို့၏အစ်မ၊ ဦးဇော်ထွန်း၊ ဦးဝင်းမြင့်သိန်း-ဒေါက်တာဒေါ်နှင်းနှင်းတင်၊ (ဦးသူရမောင်)-ဒေါ်ယုယုတင်၊ ဒေါ်နုနုတင်၊ ဦးအောင်ဦးကျော်-ဒေါက်တာဒေါ်ဥမ္မာတင်တို့၏ မိခင်၊ (မောင်ဥက္ကာမောင်မောင်ကြည်)၊ မဇွန်ထက်ပွင့်၊ မောင်ရဲပုံ့ထွန်း၊ မတင်ထက်ဝင့်၊ မထက်ထက်အောင်တို့၏အဘွားသည် ၂၂-၇-၂၀၁၃ရက် မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။**ကျန်ရစ်သူမိသားစု**

# အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ဖြူဖြူလှဲ့မွန် B.E (Electronic)
### ဒု-ဦးစီးမှူး (လျှပ်စစ်)
### ရေအားလျှပ်စစ်ဌာနခွဲ(၁)၊ ဆည်မြောင်းဦးစီးဌာန
### အသက်(၃၁)နှစ်

မကွေးမြို့နယ်၊ မန်ကျည်းကန်ကျေးရွာနေ ဦးဝေလင်းထွန်း၏ဇနီး၊ မောင်ထင်လင်းခန့်နောင်၏မိခင် မင်းဘူးမြို့ ဆည်မြောင်းဦးစီးဌာန ရေအားလျှပ်စစ်ဌာနခွဲ(၁)၊ ညွှန်ကြားရေးမှူးရုံးမှ ဒေါ်ဖြူဖြူလှဲ့မွန် အသက်(၃၁)နှစ်သည် ၂၃-၇-၂၀၁၃ ရက် နံနက် ၇း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ**
**ရေအားလျှပ်စစ်ဌာနခွဲ(၁)၊ ဆည်မြောင်းဦးစီးဌာန၊ မင်းဘူးမြို့**

# အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ဖြူဖြူလှဲ့မွန် B.E (Electronic)
### ဒု-ဦးစီးမှူး (လျှပ်စစ်)
### ရေအားလျှပ်စစ်ဌာနခွဲ(၁)၊ ဆည်မြောင်းဦးစီးဌာန
### အသက်(၃၁)နှစ်

မကွေးမြို့နယ်၊ မန်ကျည်းကန်ကျေးရွာနေ ဦးဝေလင်းထွန်း၏ဇနီး၊ မောင်ထင်လင်းခန့်နောင်၏ မိခင် မင်းဘူးမြို့ ဆည်မြောင်းဦးစီးဌာန ရေအားလျှပ်စစ်ဌာနခွဲ(၁)၊ ညွှန်ကြားရေးမှူးရုံးမှ ဒေါ်ဖြူဖြူလှဲ့မွန် အသက်(၃၁)နှစ်သည် ၂၃-၇-၂၀၁၃ ရက် နံနက် ၇း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**လက်ထောက်ညွှန်ကြားရေးမှူး(လျှပ်စစ်)နှင့် အရာထမ်း၊ အမှုထမ်းများ**
**ရေအားလျှပ်စစ်ဌာနခွဲ(၁)၊ ဆည်မြောင်းဦးစီးဌာန၊ မင်းဘူးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊လှိုင်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၁၂-A၊၁၂-B၊၆၉၊၇၃(ကမာရွတ်)၊ မြေကွက်အမှတ်-၁၃၉၊ ဧကအားဖြင့်(၀. ၀၆၂)ဧကရှိနှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့ကိုတရားဝင်ပိုင်ဆိုင်သူ **ဒေါ်အေးအေးမူ (ခ)တန်အစွမ်း** (၁၂/လကန (ဧည့်) ၀၀၀၀၂၀)၏အထူးကိုယ်စားလှယ်လွှဲစာရရှိသူ **ဦးဝင်းနိုင်** (၇/ပမန(နိုင်) ၀၆၉၆၄၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက်စရန်ငွေပေးချေ ထားပြီးဖြစ်ပါသည်။ကန့်ကွက်လိုပါကကျွန်ုပ်ထံသို့ ခိုင်လုံသည့်အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါကဖော်ပြပါမြေကွက်နှင့်အကျိုးခံစားခွင့်တို့အားတရားဝင်အရောင်းအဝယ်ကိုဥပဒေနှင့်အညီအပြီးအပြတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-** ဦးတင်မောင်ဆွေ
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၀၅၂)
အခန်းအမှတ်-၀၂/၁၂၊ ပထမထပ်၊ အာရှပလာဇာ၊
ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၅၀၀ ၄၇၇၅၊၀၉-၇၃၀ ၃၃၀ ၅၈၊၀၁-၄၃၀ ၈၅၀၊

# ဦးမျိုးသော်ဦး B.Sc (Phy)
## အသက် (၄၅)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ် ၁၈၊ ဦးစံညိမ်းလမ်းနေ (ဦးမောင်မောင်ကြည်)-ဒေါ်စိန်စိန်ဌေးတို့၏သားကြီး၊ အမှတ် ၂၀၊ ကျိုက်ဝိုင်းရိပ်သာလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ ဦးတင်ရွှေ-ဒေါ်တင်ရီတို့၏သားသမက်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ သုခမိန်လမ်း အမှတ်(၁၉)မြေညီထပ်နေ ဒေါ်ဥမ္မာရီ၏ခင်ပွန်း၊ မောင်မြတ်ဘုန်းသက် (အထက-၂၊ ကမာရွတ်)၏ဖခင်၊ ဦးဇော်ဇော်အောင်-ဒေါ်နွယ်နွယ်ဝင်း၊ ဦးကျော်ဆန်း-ဒေါ်ဥမ္မာကြည်တို့၏အစ်ကို၊ မရွှန်းလဲ့ကျော်ဆန်း၊ Stella တို့၏ ဦးလေးသည် ၂၁-၇-၂၀၁၃ရက် နံနက် ၁၀း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၇-၂၀၁၃ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ သုခမိန်လမ်းနေအိမ်မှ ညနေ ၃ နာရီတွင် ကားများထွက်ပါမည်။ **ကျန်ရစ်သူမိသားစု**

# အရှေ့၊ အနောက်အင်အားကြီးနိုင်ငံများအထိ ခရီးပေါက်နိုင်မည့် ရတနာသိမ်တံတားဖွင့်

နေပြည်တော် ဇူလိုင် ၂၄

တစ်နေရာမှတစ်နေရာသို့ ကူးသန်းသွားလာရာတွင် ဧရာဝတီမြစ် အပါအဝင် သံလွင်၊ ချင်းတွင်းနှင့် စစ်တောင်းမြစ်တို့သည် မြန်မာနိုင်ငံသားတို့၏ အသက်သွေးကြောသဖွယ် မှီခိုအားထားရာဖြစ်သကဲ့သို့ အကောင်းအဆိုးဒွန်တွဲနေမှု နိယာမတရားအရ မြစ်အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်းနေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အပိုင်းအခြားအဟန့်အတားသဖွယ်ဖြစ်နေသည်ကို တွေ့ရပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေး၊ ကူးသန်းရောင်းဝယ်ရေး၊ ပညာရေး၊ ကျန်းမာရေးမှအစ လူမှုရေးရာများအဆုံး နိစ္စဓူဝကိစ္စများအတွက် ဧရာဝတီမြစ်ကြီးအား လှေကြီး၊ လှေငယ်၊ စက်လှေအမျိုးမျိုးဖြင့် ဖြတ်သန်းကူးခတ်သွားလာကြရာတွင် ရာသီဥတုပြောင်းလဲမှုနှင့် မမျှော်မှန်းနိုင်သည့် အခြားသောအကြောင်းများကြောင့် လှေ၊ စက်လှေများ တိမ်းမှောက်ရသည့်အတွက် ဝမ်းနည်းကြေကွဲဖွယ်ရာ အသက်ခန္ဓာနှင့်ပစ္စည်းဥစ္စာဆုံးရှုံးမှုများ တွေ့ကြုံခံစားရတတ်ပါကြောင်း၊ မြစ်ကူးတံတားကြီးများကို တည်ဆောက်လိုက်ခြင်းအားဖြင့် ယခင်ကြုံတွေ့ရသည့် အကန့်အသတ်အခက်အခဲများ ကျော်လွှားနိုင်ကြမည်ဖြစ်ပြီး တန်ဖိုးရှိသည့် "အချိန်"ကို အကျိုးရှိရှိ အသုံးပြုနိုင်ကြမည်ဖြစ်ကြောင်းဖြင့် ယနေ့နံနက် ၇ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ကျောက်မြောင်းမြို့နယ်ခွဲ နွယ်ငြိမ်းကျေးရွာနှင့် မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်သို့ ဆက်သွယ်ပေးသည့် ဧရာဝတီတံတား (ရတနာသိမ်)ဖွင့်ပွဲအခမ်းအနား၌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ပြောကြားခဲ့သည်။

ထို့အပြင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ပြီးခဲ့သည့်နှစ်များတွင် ဧရာဝတီမြစ်ကူးတံတားသစ်ကြီး ငါးစင်းအား နိုင်ငံတော်က တံတားဆောက်လုပ်ရေးအထူးအဖွဲ့များဖြင့် နေ့မအား ညမနား တစ်ပြိုင်တည်းတည်ဆောက်ခဲ့ရာတွင် ဧရာဝတီမြစ်ကူး ညောင်တုန်း၊ ပခုက္ကူ၊ စင်းခန်းနှင့် မလွန်တံတားတို့ကို ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဧရာဝတီတံတား(ရတနာသိမ်)ကို ၂၀၁၀ ခုနှစ် ဧပြီလကစတင် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ဆောက်လုပ်နေဆဲတွင် ၂၀၁၂ ခုနှစ် နိုဝင်ဘာလအတွင်း အင်အားကြီးမားသော သပိတ်ကျင်းငလျင်ဒဏ်ကြောင့် တံတားပေါင်အချို့ ပြိုကျပျက်စီးခဲ့ရခြင်းကြောင့် အချိန်အနည်းငယ်နောက်ကျဖွင့်လှစ်ရခြင်း ဖြစ်ပါကြောင်း။

ဤတံတားကြီးသည် နိုင်ငံတော်အစိုးရလက်ထက်ဖွင့်လှစ်သော ပေ ၁၈၀ အထက် တံတားကြီးများအနက် ၃၉ စင်းမြောက် တံတားကြီးဖြစ်ပါကြောင်း၊ ရတနာသိမ်တံတား တည်ဆောက်ပေးခြင်းသည် သက်ဆိုင်ရာတိုင်းဒေသကြီး၊ မြို့နယ်နှင့် ဒေသခံပြည်သူများအတွက် နိုင်ငံတော်က ဖွံ့ဖြိုးရေးလမ်းကြောင်းပေါ် ရောက်အောင်

စာမျက်နှာ ၉ ကော်လံ ၁ ◯



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့ဝင်များသည် ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ တံတားကြီးအား ဖြတ်သန်းကြည့်ရှုကြစဉ်။ (သတင်းစဉ်)




ဧရာဝတီမြစ် အရှေ့ဘက်ကမ်းနှင့်အနောက်ဘက်ကမ်းတို့သို့ အချိန်တိုအတွင်း ဆက်သွယ်သွားလာနိုင်မည့် ရတနာသိမ်တံတား။

## မှတ်သားဖွယ် မိုးရေချိန်

၂၄-၇-၂၀၁၃

| |
|---|
| လောင်းလုံမြို့ |
| ၁၅ ဒသမ ၉၁ လက်မ |
| ထားဝယ်မြို့ |
| ၁၃ ဒသမ ၇၈ လက်မ |
| ကိုကိုးကျွန်းမြို့ |
| ၈ ဒသမ ၃၁ လက်မ |
| ပေါင်မြို့ |
| ၅ ဒသမ ၄၇ လက်မ |
| ရေးမြို့ |
| ၅ ဒသမ ၃၆ လက်မ |
| ကျိုက္ခမီမြို့ |
| ၅ ဒသမ ၁၂ လက်မ |

# လူလိုက်ပါမည့်အင်္ဂါဂြိုဟ်သွား အာကာသယာဉ် အပူဒဏ်မခံရရေးတည်ဆောက်နေ

ဝေယံဦး - ရေးသားသည်

အင်္ဂါဂြိုဟ်သို့ အာကာသယာဉ်မှူးများလိုက်ပါမည့် အာကာသယာဉ်သစ်တစ်စင်းကို တည်ဆောက်လျက်ရှိရာ လာမည့် ၂၀၁၄ ခုနှစ်တွင် စမ်းသပ်ပျံသန်းနိုင်ရေး ကြိုးစားနေပြီဖြစ်သည်။

အဆိုပါ အာကာသယာဉ်သစ်ကို တည်ဆောက်ရာတွင် အာကာသယာဉ်မှူးများအနေဖြင့် အပူဒဏ်ကို ကာကွယ်နိုင်ရေးအတွက် အာကာသယာဉ်ကိုယ်ထည်အား အထူးသတ္တုဖြင့် ပြုလုပ်လျက်ရှိသည်။ ပါးလွှာပြီး အပူဒဏ်ကိုကာကွယ်နိုင်သည့် သတ္တုပြားဖြင့် ဆောင်ရွက်နေခြင်း ဖြစ်သည်။

အမေရိကန်တို့၏ မျိုးဆက်သစ်အာကာသယာဉ်အမျိုးအစားအနေဖြင့် အင်္ဂါဂြိုဟ်သို့ အာကာသယာဉ်မှူးများကို ဘေးကင်းစွာ သယ်ဆောင်သွားနိုင်ရန်အတွက် ကြိုတင်စမ်းသပ်ပျံသန်းမှုများကို လာမည့်နှစ်၌ စတင်ပြုလုပ်မည်ဖြစ်သည်။

### စတင်တည်ဆောက်

အမေရိကန်နိုင်ငံ မက်ဆာချူးဆက်ပြည်နယ် အခြေစိုက် ကက်ထရန်နည်းပညာကုမ္ပဏီမှ အင်ဂျင်နီယာများနှင့် အတတ်ပညာရှင်များက အဆိုပါအာကာသယာဉ်ကို ပြီးခဲ့သည့် နွေဦးကပင် စတင်တည်ဆောက်နေခြင်းဖြစ်သည်။

ယင်းအင်္ဂါဂြိုဟ်သွား အာကာသယာဉ်သည် အာကာသသို့ ပျံသန်းပါက မြန်နှုန်းမြင့်သည်နှင့်အမျှ အာကာသယာဉ်၏ အပူချိန်လည်း မြင့်တက်လာမည်ဖြစ်ရာ ယင်းအပူဒဏ်ကို အာကာသယာဉ်မှူးများ မခံစားရရန် တည်ဆောက်နေခြင်းဖြစ်သည်။



## ယနေ့ မာတိကာ

ဆီးဂိမ်း ဖွင့်ပွဲ ပိတ်ပွဲ အခမ်းအနားတွင် ဆိုင်းဘုတ်ကိုင်အမျိုးသမီးများ Volunteer ထပ်မံဖိတ်ခေါ် စာ - ၅
စာနယ်ဇင်းဝေါဟာရ တီထွင်သူနှင့် ပထမမြန်မာစာနယ်ဇင်း (ဆောင်းပါး) စာ - ၆
ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးမည့် ကော့သလိုင် ရေထိန်းတံခါး စာ - ၁၁
ပန်းစိုက်ပျိုး၍ ဝင်ငွေတိုး၊ ဓနတောင်သူ ပျော်မဆုံး စာ - ၁၂
ဒီတစ်ခါ စီနှင့် ဂျီ တွဲလာပြီမို့ စာ - ၁၃
ဘာစီလိုနာနည်းပြ စင်မြင့်ကို တက်လာတဲ့ မာတီနို စာ - ၁၄